မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ တနင်္လာနေ့ အတွဲ (၆၁)၊ အမှတ် (၁၀၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ကလောကိုအခြေပြု၍ မြင်းတိုက်နှင့်ဟဲဟိုးကြား ကျောက်မီးသွေးခေါင်းတွဲဖြင့် မီးရထားခရီးစဉ် ပြင်ဦးလွင်ကိုအခြေပြု၍ ဇီးပင်ကြီးနှင့်နောင်ချိုကြား အပန်းဖြေခရီးစဉ်များ ပြေးဆွဲရန် စီစဉ်နေ

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များအား *စာမျက်နှာ ၃ ကော်လံ ၁* ❁

## ယနေ့ ဖတ်စရာ

အကြြင်နာရပ်ဝန်းမှ မုဒိတာနှလုံးသားပိုင်ရှင်များ ဂုဏ်ပြုဆောင်းပါး စာ - ၆

ကိုဗစ် -၁၉ အသွားအလာကန့်သတ်မှုအစား စနစ်ကျသည့် ကန့်သတ်မှုများ အစားထိုးမည်ဟု အီရန်သမ္မတပြော နိုင်ငံတကာသတင်း စာ - ၁၃

အီသီယိုပီးယားနိုင်ငံ တီဂရေးဒေသတွင် ငတ်မွတ်ခေါင်းပါးမည့်အရေး ရင်ဆိုင်ရမည့် လက္ခဏာများကြုံတွေ့ နိုင်ငံတကာရေးရာ စာ - ၁၄

# နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဆက်လက်အကောင်အထည်ဖော်ရမည့် စီမံကိန်း

လေးနှစ်ခွဲခန့်ကြာအောင် ရပ်ဆိုင်းထားခဲ့ရသည့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းလုပ်ငန်းများကို ပြန်လည်စတင်ဆောင်ရွက်နေပြီဖြစ်သည်။ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော သံနှင့် သံမဏိစက်ရုံစီမံကိန်းကြီးဖြစ်ပြီး နိုင်ငံ၏အကျိုးစီးပွားအတွက် မဖြစ်မနေအကောင်အထည်ဖော်ရန်လိုအပ်သည့် စီမံကိန်းလည်းဖြစ်သည်။ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၅ ရက်တွင် စတင်တည်ဆောက်ခဲ့သည့်ယင်းစီမံကိန်းကြီးမှာ ပြီးစီးမှု ရာခိုင်နှုန်း ၉၈ ဒသမ ၈၆ ရာခိုင်နှုန်းအထိ အကောင်အထည်ဖော်ပြီးခါမှ ရပ်ဆိုင်းသွားခဲ့ရခြင်းဖြစ်သည်။

မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport (TPE) တို့ ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းပြီးစီးလည်ပတ်ချိန်တွင် တစ်နှစ်လျှင် သံစိမ်းတန်ချိန် နှစ်သိန်းနှင့် သံသတ္တုရိုင်းတန်ချိန် လေးသိန်းခွဲ ထုတ်လုပ်နိုင်မည်ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများတွင် မဖြစ်မနေသုံးစွဲနေရသော သံနှင့် သံမဏိထုတ်ကုန်များကို ပြည်ပမှတင်သွင်းရန်မလိုဘဲ ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်သည်။ တစ်ဖက်တွင်လည်း ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သလို သံနှင့် သံမဏိဈေးကွက်မှာလည်း အခိုင်အမာရှိနေသည့်အတွက် စီမံကိန်းပြီးစီးရန် အနည်းငယ်မျှသာ ကျန်ရှိနေချိန်တွင် ရပ်ဆိုင်းထားလိုက်ခြင်းက နိုင်ငံအတွက် များစွာထိခိုက်ဆုံးရှုံးစေခဲ့သည်။ သံမဏိစက်ရုံ လည်ပတ်ချိန်တွင် စက်ရုံထွက်စွန့်ပစ်အပူကို အသုံးပြုပြီး ဓာတ်အားမဂ္ဂါဝပ် ၄၀ ထုတ်လုပ်နိုင်မည်ဖြစ်သည့်အတွက် စက်ရုံက ၂၅ မဂ္ဂါဝပ်ကို သုံးစွဲပြီး ကျန် ၁၅ မဂ္ဂါဝပ်ကို အမျိုးသားဓာတ်အားပေးစနစ် (National Grid)သို့ ရောင်းချနိုင်ရန် စီစဉ်ထားခဲ့သည်ဟုလည်း သိရသည်။

မြန်မာနိုင်ငံတွင် အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) နှင့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)ဟူ၍ သံမဏိစက်ရုံ စီမံကိန်းနှစ်ခုရှိရာ ပင်းပက်သံမဏိစက်ရုံမှထွက်သည့် သံစိမ်းများကို မြင်းခြံသံမဏိစက်ရုံသို့ပို့ကာ သံမဏိများ ထုတ်လုပ်သွားနိုင်ရန် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ရာ ပင်းပက်သံမဏိစက်ရုံစီမံကိန်း ရပ်ဆိုင်းသွားခဲ့ခြင်းက မြင်းခြံသံမဏိစက်ရုံပါ ရပ်ဆိုင်းသွားစေခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် တက်လာသည့် အစိုးရလက်ထက် ၂၀၁၇ ခုနှစ် မတ်လ ၆ ရက်နေ့နှင့် ၁၅ ရက်နေ့တို့တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ရှေ့နောက်မဆင်မခြင်ဆုံးဖြတ်မှုများကြောင့် စီမံကိန်းတည်ဆောက်မှု ရပ်ဆိုင်းသွားခဲ့ရခြင်းဖြစ်သည်။ စီမံကိန်းရပ်ဆိုင်းသွားခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်အတွင်း ဆွေးနွေးဝေဖန်မှုများရှိခဲ့သလို အများကိုသိခဲ့သည့် ထိုစဉ်က အစိုးရအနေဖြင့်လည်း စက်ရုံစီမံကိန်း ပြန်လည်စတင်နိုင်ရေး၊ နည်းပညာများ အကူအညီရရှိရေး၊ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်နိုင်ရေးတို့အတွက် ၂၀၁၉ နှစ်ကုန်ပိုင်းတွင် ရုရှားနှင့် ဆွေးနွေးမှုပြန်လည်ပြုလုပ်ခဲ့သည်။

ပင်းပက် သံသတ္တုမိုင်းသည် သံရိုင်း ၅၆ ဒသမ ၄ ရာခိုင်နှုန်းပါသည့် Hematite သံရိုင်းတန်ချိန် ၁၀ ဒသမ ၇ သန်းနှင့် သံရိုင်း ၄၂ ဒသမ ၆ ရာခိုင်နှုန်းပါသည့် Lemonite သံရိုင်းတန်ချိန် ၅၉ ဒသမ ၃ သန်း ထုတ်လုပ်နိုင်သော သံသတ္တုမိုင်းဖြစ်ရာ သံမဏိစက်ရုံများတည်ဆောက်ပြီး နိုင်ငံအတွက် အကျိုးရှိစွာသုံးစွဲနိုင်ခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ကြီးစွာသော အထောက်အကူဖြစ်စေမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း စက်ရုံများတည်ဆောက်လည်ပတ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်တို့အပေါ် ထိခိုက်နိုင်ခြေများ လျော့ပါးစေရေး အစီအမံများကို ဆန်းစစ်အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း၊ ဒေသခံပြည်သူများအတွက် အကျိုးပြုအစီအစဉ်များ ဆောင်ရွက်ပေးခြင်းတို့လည်း လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော သံမဏိစက်ရုံစီမံကိန်းကြီး အပြည့်အဝ အကောင်အထည်ဖော် တည်ဆောက်ပြီးချိန်တွင် ပြည်တွင်းမှတူးဖော်ထုတ်လုပ်သည့် သံရိုင်းများကို အသုံးပြုကာ ပြည်တွင်းသံမဏိစက်ရုံကြီးတွင် ကျိုချက်ထုတ်လုပ်သည့် သံ၊ သံမဏိထုတ်ကုန်များဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြု၍ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# တို့ဆရာ

❖ ဆရာ့စိတ်ရင်း
ပန်းခင်းအလား၊ ဖူးပွင့်အားနှင့်
ဝင့်ကြွားမွှေးကြိုင်၊ အခိုင်ခိုင်တည့်
မယိုင်မလဲ ဖြောင့်မတ်မြဲ။

❖ ဆရာ့စိတ်နေ
ထုချေမွှေနှောက်၊ ကြောင်းကျိုးထောက်၍
တည်ဆောက်ချိန်ခါ၊ စေတနာနှင့်
မှန်စွာရိုက်ခတ်၊ လိုအပ်ပြုပြင်
အိုသွင်အလှ နမူနာ။

❖ ဆရာ့စိတ်နေ
နာစေအရှင်း၊ စိတ်ထားရင်း၍
ဖိုကျင်းမီးခတ်၊ ရဲရဲထပ်မှ
လိုအပ်ပုံဖော်၊ တူချက်ခေါ်လျက်
ပေပေါ်တင်ထု၊ အပြုမူလျှင်
ဓားသွင်အလှ နမူနာ။

❖ ထုံးလိုလည်းမွှေ
ရေလိုလည်းနှောက်၊ ကြားမြင်ပေါက်သို့
တတ်မြောက်ပညာ၊ နာသုံးနာနှင့်
ကောင်းရာထုဆစ် တို့ဆရာ။

❖ ပွဲပြင်ဆုံးမ
သိပ္ပမချန်၊ ဘေးရန်ဆီးကာ
သင့်ရာလည်းအပ်၊ အတတ်လည်းသင်
ချစ်ခင်ဖွယ်ရာ၊ ဝတ်ငါးဖြာနှင့်
မှန်စွာပြည့်ဝ တို့ဆရာ။

❖ ဩော် . . . တို့ဆရာလည်း
နာသုံးနာခင်း၊ စိတ်ရင်းဖြူစင်
အစဉ်လာကောင်း၊ မမေ့ကြောင်းနှင့်
ဂုဏ်ပေါင်းရွှန်းဝေ၊ ပြုံးပန်းတွေနှင့်
အနေအေးချမ်း၊ ဘဝလမ်းဝယ်
လျှောက်လှမ်းနေမြဲ ရှင်သန်ဆဲ။ ။

ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုလျက်

ဖိုလေးလုံးသောင်းကိုကို

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၃

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ (အောက်ပုံ)

ထိုသို့ထုတ်ပေးရာတွင် အောက်တိုဘာ ၃ ရက်က နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီသုံးခုတို့မှ Mask ၂၃၈၀၀ Kg ၊ Liquid Oxygen ၁၅၃၆၂ $m^3$ ၊ Vitamin C Tablets ၂၁၃၅ Kg ၊ Fish Liver Oil Capsule ၂၄၃၉၀ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃-၁၀-၂၀၂၁)ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Anti-inflammatory** | | | | |
| 1 | Injection-Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 2 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 3 | Injection - Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 4 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 5 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 6 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 7 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 8 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 9 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| **Supportive** | | | | |
| 10 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မိမိတို့၏ မျိုးဆက်သစ်ကလေးငယ်များ၏ အနာဂတ်တွင် တစ်ဦးချင်း၊ ဒေသနှင့် တိုင်းပြည်အတွက် ကောင်းမွန်သည့်လမ်းကြောင်းများပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးနိုင်ရမည်

❑ ကလောမြို့သည် မြန်မာနိုင်ငံ၏ တောင်ပေါ်အပန်းဖြေ မြို့တစ်မြို့ဖြစ်ပြီး ပူတာအို၊ ပြင်ဦးလွင်၊ ဟားခါး၊ သံတောင်ကြီး၊ ကလော စသည့်မြို့များကို တောင်ပေါ်အပန်းဖြေ မြို့တော်များဖြစ်စေရေး လုပ်ဆောင်လျက်ရှိ

❁ ရှေ့ဖုံးမှ
ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် မိတ်ဆက်ပေးပြီး ဒေသခံ မြို့မိမြို့ဖများက တစ်ဦးချင်း ပြန်လည်မိတ်ဆက်ကြသည်။

### တင်ပြဆွေးနွေး

ယင်းနောက် ရပ်မိရပ်ဖများနှင့် စီးပွားရေး လုပ်ငန်းရှင်များက အောင်ပန်းမြို့နှင့် ကလောမြို့ အကြားတွင် ယာဉ်ရပ်နားစခန်းတစ်ခု တည်ဆောက်ပေးရန် လိုအပ်မှု၊ ကလောမြို့အတွက် သောက်သုံးရေ လုံလောက်စွာရရှိရေး ရေအရင်းအမြစ်များ ရှာဖွေဆောင်ရွက်ပေးရန် လိုအပ်မှု၊ ဒေသအတွင်း ကျေးရွာချင်းဆက်လမ်းများ၊ မြို့တွင်း လမ်းများပြင်ဆင်ပေးရန်နှင့် ဖောက်လုပ်ဆဲဖြစ်သည့် အောင်ပန်း-အင်းတိန် ဘုရားသွားကားလမ်းအား ဆက်လက်ဆောင်ရွက်ပေးမည်ဆိုပါက ခရီးသွားလုပ်ငန်းနှင့် လူနေမှုစနစ် တိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်မှု၊ အောင်ပန်းမြို့တွင် လူဦးရေထူထပ်များပြားလာပြီး ပွဲရုံလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ များပြားလာသည့်အတွက် မြို့ကွက်များစနစ်တကျဖြစ်အောင် စီမံဆောင်ရွက်ပေးရန် လိုအပ်မှု၊ နန်းတိုင်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးရန်အတွက် အဆင့်မြင့်ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးရန်လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများအား ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မှု၊ ကလောမြို့မှ ထွက်ရှိသည့် စိုက်ပျိုးရေးသီးနှံများ အထွက်နှုန်းတိုးစေရန်နှင့် အရည်အသွေးပြည့်မီစွာ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးနည်းပညာနှင့် သက်ဆိုင်သည့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးစေလိုမှု၊ တိုင်းရင်းသားများ စာပေသင်ကြားရေးနှင့် ပတ်သက်၍ ဆရာ၊ ဆရာမများအား သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်မှု၊ အချို့ကျေးရွာများတွင် လမ်းပန်းဆက်သွယ်မှုနှင့် လျှပ်စစ်မီးရရှိရန် လိုအပ်နေမှုစသည့် အခြေအနေများနှင့် အခြားလိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

### ကျောင်းများဖွင့်လှစ်ပေးထား

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်းများ ကောင်းမွန်မည်ဆိုပါက အထွက်နှုန်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနည်းပညာများ တတ်ကျွမ်းစေရေးအတွက် စိုက်ပျိုးရေးနှင့် သက်ဆိုင်သည့် ကျောင်းများ ဖွင့်လှစ်ပေးထားကြောင်း၊ ပညာတတ်ကျွမ်းစေရန်အတွက်လည်း ပညာများအား အမှန်တကယ်သင်ကြားကြရန်လိုပြီး လက်တွေ့ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ အားငယ်သည့်စိတ်ဖြင့် ဆောင်ရွက်ခြင်းမရှိဘဲ ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊ တိုင်းရင်းသား စာပေသင်ကြားရေးအတွက် ဖြစ်အောင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများကလည်း သက်ဆိုင်ရာကဏ္ဍများအလိုက် လိုအပ်သည်များ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် က မိမိတို့တာဝန်ယူချိန်ကာလအတွင်း ကလောမြို့နယ်နှင့် အောင်ပန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း၊ ကလောမြို့သည် မြန်မာနိုင်ငံ၏ တောင်ပေါ်အပန်းဖြေမြို့ တစ်မြို့ဖြစ်ပြီး ပူတာအို၊ ပြင်ဦးလွင်၊ ဟားခါး၊ သံတောင်ကြီး၊ ကလော စသည့်မြို့များကို တောင်ပေါ်အပန်းဖြေမြို့တော်များဖြစ်စေရေး လုပ်ဆောင်လျက်ရှိကြောင်း၊ ကလောမြို့အား အပန်းဖြေမြို့အဖြစ် ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်သာယာလှပရေး ဒေသခံပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း၊ မြို့သို့လာရောက်ရာ လမ်းကြောင်းတစ်လျှောက်တွင် ထင်းရှူး၊ ခါတော်မီ၊ စိန်ပန်း၊ ချယ်ရီ အစရှိသည့် မျက်စိပသာဒကို ဖြစ်စေနိုင်သည့် အပင်များဖြင့် အလှဆင်စိုက်ပျိုးထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ လမ်းများကိုလည်း အဆင့်မြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ မြို့သာယာလှပရေးအတွက် သက်ဆိုင်ရာဌာနများက ဆောင်ရွက်သကဲ့သို့ မြို့နေပြည်သူများ

■ ဟဲဟိုးလေဆိပ်အား နိုင်ငံတကာလေဆိပ်အဖြစ်သို့ အဆင့်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိပြီး အဆိုပါ လေဆိပ်မှတစ်ဆင့် ဒေသထွက်ပစ္စည်းများအား ပြည်တွင်းရှိ အခြားဒေသများအပြင် နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့နိုင်မည်

■ မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းရှိ ဒေသခံများကသာလျှင် ဦးဆောင်ဆောင်ရွက်ကြရမည်

အနေဖြင့်လည်း မိမိတို့အိမ်နှင့် ပတ်ဝန်းကျင်များအား သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ရန် လိုကြောင်း၊ သဘာဝအလှ၊ ဖန်တီးသည့်အလှများ၊ ဒေသခံတို့၏ ဖော်ရွေသည့် စိတ်သဘောထားများကြောင့် မြို့၏ ဂုဏ်သတင်း မွှေးပျံ့လာပြီး ပြည်တွင်း၊ ပြည်ပမှ လာရောက်အပန်းဖြေသူများ များပြားလာနိုင်ကာ ဝင်ငွေများရရှိ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ သဘာဝအလှတရားများကို ဖန်တီးပေးရန်လိုပြီး ခရီးသွားများကို အမြင်၊ ရနံ့၊ ဒေသထွက် ထုတ်ကုန်များဖြင့် ဆွဲဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ကလောကို အခြေပြု၍ မြင်းတိုက်နှင့် ဟဲဟိုးကြား ကျောက်မီးသွေးခေါင်းတွဲဖြင့် မီးရထားခရီးစဉ်၊ ပြင်ဦးလွင်ကို အခြေပြု၍ ဇီးပင်ကြီးနှင့် နောင်ချိုကြား အပန်းဖြေခရီးစဉ်များ ပြေးဆွဲရန် စီစဉ်နေကြောင်း။

အောင်ပန်းမြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ စီးပွားရေးမြို့ တစ်မြို့ဖြစ်ကြောင်း၊ ယခင်က မြို့ပြတည်ဆောက်ရေးအား စနစ်တကျဆောင်ရွက်ခဲ့ခြင်း မရှိခဲ့သဖြင့် မြို့အကွက် ကျမှုစနစ်အားနည်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ အပန်းဖြေနေရာများအား စနစ်တကျဖြင့် ထည့်သွင်းတွက်ချက် တည်ဆောက်ရန်လိုပြီး တစ်ဖက်မှလည်း ရေဖူလုံစွာရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့လည်း လိုအပ်မည်ဖြစ်ကာ သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာများနှင့် ဒေသခံပြည်သူများ ပေါင်းစပ် ဆောင်ရွက်သွားရန် လိုကြောင်း။

### မွေးမြူရေးများ စနစ်တကျဆောင်ရွက်

ဒေသနှင့် ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းများ အဓိကဆောင်ရွက်သည့် ဒေသတစ်ခုဖြစ်ပြီး အဓိကအားဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များအား အထွက်နှုန်းတိုးအောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စားသုံးသူများ၏ လက်ဝယ်သို့လည်း အမြန်ဆုံးရောက်ရှိရန် လိုကြောင်း၊ အချို့သစ်သီးဝလံများကို တာရှည်ခံစေရန်အတွက် အခြောက်ခံခြင်း၊ ယိုထိုးခြင်း၊ ဖျော်ရည်ပြုလုပ်ခြင်း စသည့် တန်ဖိုးမြင့်ထုတ်ကုန်များ ပြောင်းလဲထုတ်လုပ်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ မိရိုးဖလာ စိုက်ပျိုးရေးနည်းစနစ်များဖြင့်သာ ကျေနပ်နေ၍ မရဘဲ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြု၍ အထွက်နှုန်းကောင်းပြီး အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် လုပ်ဆောင်ကြစေလိုကြောင်း၊ ကြက်၊ ဝက်၊ နွား မွေးမြူရေးများ စနစ်တကျဆောင်ရွက်ပြီး ဥ၊ အသားထုတ်လုပ်ရေးအပြင် ဇီဝဓာတ်မြေဩဇာရရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထိုသို့လုပ်ဆောင်နိုင်ရေးအတွက် အတတ်ပညာ၊ အသိပညာဖြင့် ပြည့်စုံသည့်ပညာရှင်များ လိုအပ်မည်ဖြစ်ကြောင်း၊ ကျောင်းပညာသင်ကြားရေးနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အတွင်း ပညာရေးအားနည်းမှုများရှိကြောင်း၊ ပညာရေးအားနည်းရခြင်းသည် ငွေကြေးအခက်အခဲရှိခြင်း၊ မိဘများ၏လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရခြင်းများကြောင့် ဖြစ်ကြောင်း၊ အထက်တန်းပညာနှင့် အဆင့်မြင့်ပညာများ သင်ကြားရန် မဖြစ်မနေလိုအပ်ပြီး တက္ကသိုလ်ပညာသင်ကြားရေးနှင့် ပတ်သက်၍ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အဆင့်မြင့်အတန်းပညာ တတ်မြောက်သူ အရေအတွက်သည် ရာခိုင်နှုန်းအရ အလွန်နည်းပါးနေကြောင်း၊ ထို့ကြောင့် အသိပညာ၊ အတတ်ပညာများ နည်းပါးပြီး စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အတွေ့အကြုံမှ လွဲ၍ အဆင့်မြင့်နည်းပညာများ တတ်ကျွမ်းမှု မရှိကြောင်း၊ ထို့ကြောင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုပြီး မိမိတို့၏ ကလေးများ၏ ပညာသင်ကြားရေးကို ဆောင်ရွက်ပေးရန် လိုကြောင်း။

### နိုင်ငံတကာဈေးကွက်သို့တင်ပို့

စိုက်ပျိုးရေးနှင့် ပတ်သက်၍ မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန် ထမ်းဆောင်စဉ်ကတည်းက အမြဲမပြတ် အားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်မှ စိုက်ပျိုးရေးသုတေသနအဖွဲ့များဖြင့် အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးသင်တန်းကျောင်းများ တက်ရောက်၍ စိုက်ပျိုးရေးပညာများ တတ်ကျွမ်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍လည်း ယခုဒေသတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် သယံဇာတ အရင်းအမြစ်နှင့် အခြေအနေများစွာရှိကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် အခြားလိုအပ်သည်များကိုလည်း အစိုးရမှ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဟဲဟိုးလေဆိပ်အား နိုင်ငံတကာလေဆိပ်အဖြစ်သို့ အဆင့်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိပြီး အဆိုပါလေဆိပ်မှတစ်ဆင့် ဒေသထွက်ပစ္စည်းများအား ပြည်တွင်းရှိ အခြားဒေသများအပြင် နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ချိန်တွင် အရည်အချင်းပြည့်ဝသည့် ဒေသတွင်း လူသားအရင်းအမြစ်များ လိုအပ်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ ဒေသ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းရှိ ဒေသခံများကသာလျှင် ဦးဆောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသာယာဝပြောရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စားနပ်ရိက္ခာပေါများရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

### ခရီးသွားမြို့တော်အဖြစ်လုပ်ဆောင်

ယခုကဲ့သို့လာရောက်တွေ့ဆုံဆွေးနွေးပြောကြားရခြင်းသည် ရည်ရွယ်ချက် နှစ်ခုရှိပြီး ကလောမြို့အား ခရီးသွားမြို့တော်အဖြစ် လုပ်ဆောင်ကြရန်နှင့် ဒေသတွင်း ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အဆင့်မီပြီး အရည်အသွေးပြည့်ဝသည့် Quality Product များဖြစ်အောင် ဆောင်ရွက်ကြစေလိုခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ မိမိတို့၏ မျိုးဆက်သစ်ကလေးငယ်များ၏ အနာဂတ်တွင် တစ်ဦးချင်း၊ ဒေသနှင့် တိုင်းပြည်အတွက် ကောင်းမွန်သည့်လမ်းကြောင်းများပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ကို ဘက်စုံလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်သော ပြည်နယ်တစ်ခုအဖြစ် အကောင်အထည်ဖော်မည်

**နေပြည်တော် အောက်တိုဘာ ၃**

ရှမ်းပြည်နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက် တစ်ခုဖြစ်သည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကျွမ်းကျင်လုပ်သားများ၊ အလယ်အလတ်အဆင့်နှင့် ဘာသာရပ်အထူးပြုပညာရှင်များ ပိုမိုမွေးထုတ်နိုင်ရေး၊ သုတေသန ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ရေးကို အလေးထား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် ဒေသခံပြည်သူများ စိုက်ပျိုးမွေးမြူရေး သိပ္ပံကျောင်းများတွင် ပိုမိုတက်ရောက်နိုင်ရေး စီမံဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက အောင်ပန်းစိုက်ပျိုးရေးသုတေသနခြံ ရှင်းလင်းဆောင်၌ ရှမ်းပြည်နယ် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ဆွေးနွေးပြောကြားသည်။

### တိုးချဲ့ဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးသည် အောင်ပန်းစိုက်ပျိုးရေးသုတေသနခြံမှ သုတေသနပြု ထုတ်လုပ်ထားသော အစေ့ထုတ်ပြောင်း၊ ပဲပုပ်နှင့် ဆီထွက် သီးနှံမျိုးစေ့နမူနာများကို ကြည့်ရှုစစ်ဆေးပြီး ဒေသရေမြေနှင့် ကိုက်ညီပြီး စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်သည့် သီးနှံအမယ်သစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ဈေးကွက်ကို အခြေခံသည့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး မှာကြားသည်။

### ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ဆွေးနွေးမှာကြားရာတွင် ရှမ်းပြည်နယ်၏ အထင်ကရ ဒေသတစ်ခုဖြစ်သော အင်းလေးကန်ဒေသ ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အင်းလေးကန်အတွင်း သဲနုန်းများ ပို့ချမှုကို ကာကွယ်ရန်အတွက် နုန်းထိန်းတာတမံများ တည်ဆောက်ထိန်းသိမ်းရေး၊ ရေမှော်များ၊ ဗေဒါနှင့် ကျွန်းမျောပေါင်းများ ရှင်းလင်းရေးလုပ်ငန်းများ အပါအဝင် နှစ်စဉ်ဆယ်ယူလျက်ရှိသည့် နုန်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် ပြန်လည်အသုံးပြုနိုင်ရေး၊ ရှင်းလင်းဖယ်ရှားထားသည့် ရေမှော်များ၊ ဗေဒါနှင့် ဒိုက်များကို စိုက်ပျိုးရေးဦးစီးဌာနက သဘာဝမြေဩဇာ ပြုလုပ်အသုံးချရေး၊ ကျွန်းမျောစိုက်ခင်း များပေါ်တွင် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည့် ကောင်းမွန်သော စိုက်ပျိုးရေး ကျင့်စဉ်(GAP) စနစ်နှင့်အညီ ခရမ်းချဉ်သီးနှင့်ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းကို သက်ဆိုင်ရာအစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးသည်။

### စနစ်တကျအသုံးပြု

အလားတူ ဒေသငါးမျိုးဖြစ်သည့် ငါးဖိန်းငါးမျိုးများ ရွေးချယ်ထိန်းသိမ်းရေးနှင့် သားဖောက်မွေးမြူရေး၊ မွေးမြူရေး တိရစ္ဆာန်အစားအစာများကို လွတ်ကျောင်းစနစ်မှ စိုက်ပျိုးကျွေးမွေးသည့်စနစ်သို့ ပြောင်းလဲရေး၊ အာလူး၊ ပြောင်း၊ ပဲမျိုးစုံနှင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးသည်မှ ရိတ်သိမ်းသည်အထိ စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာအသိပညာများ တိုးတက်ဖြန့်ဝေပေးရေးနှင့် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဆီထွက်သီးနှံနှင့် ကော်ဖီသီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးမြေများ စနစ်တကျ အသုံးပြုနိုင်ရေး လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် အဖွဲ့ဝင်များ အောင်ပန်း စိုက်ပျိုးရေးသုတေသနခြံမှ သုတေသနပြု ထုတ်လုပ်ထားသော အစေ့ထုတ်ပြောင်း၊ ပဲပုပ်နှင့် ဆီထွက် သီးနှံမျိုးစေ့နမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။

# ကိုဗစ် -၁၉ ကပ်ရောဂါနှင့်ယှဉ်တွဲပြီး ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရာတွင် ပြည်တွင်းခရီးစဉ်များကို အဓိကဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၃**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီး ဘက်စုံအလှူငွေ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ပန်းပေါင်းစုံဖြင့် ပြုလုပ်ထားသည့် မဟာမုနိဆင်းတုတော်မြတ်အား ဓမ္မဒါနအဖြစ် ပြန်လည်ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ အနောက်ဘက်မုခ်၌ ဘုရားဖူးလာခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များ သိရှိလိုမှုများကို မေးမြန်းစုံစမ်းနိုင်ရန်အတွက် ဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသည့် Tourist Information Center ၌ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် Virtual Reality Tour ပြခန်းမြေနေရာရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်သည်။

ထို့နောက် မန္တလေးမြို့ Pull Man Hotel အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မန္တလေးဇုန်ရှိ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ် -၁၉ ကပ်ရောဂါနှင့် ယှဉ်တွဲပြီး ခရီးသွားလုပ်ငန်းပြန်လည်စတင်ရာတွင် ပြည်တွင်းခရီးစဉ်များကို အဓိကဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်တွင်းခရီးသွားမြှင့်တင်ရာတွင် ခရီးသွားများသာမက ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်နေသည့် ဝန်ထမ်းများ အနေဖြင့်လည်း ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်များတွင် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ သတ်မှတ်လမ်းညွှန်ချက်များနှင့်အညီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်သူများ သိရှိနိုင်စေရန်အတွက် အသိပညာပေး ရုပ်သံဗီဒီယို ရိုက်ကူးလျက်ရှိပါကြောင်း၊ အဆိုပါ ရုပ်သံဗီဒီယိုအား နိုင်ငံပိုင်မီဒီယာများ၊ Conference နှင့် အစည်းအဝေးများတွင် ပြသသွားရုံသာမက ဟိုတယ်များ၏ ဧည့်ခန်းမ၊ အစည်းအဝေးခန်းမ၊ စားသောက်ခန်းနှင့် အိပ်ခန်းအတွင်းရှိ တီဗွီများတွင်ပါ ပြသနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး တာဝန်ခံညွှန်ကြားရေးမှူးက ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စစ်ဆေး၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်သည့် ဟိုတယ်များကို Enchanting Myanmar Health & Safety Protocol အစီအစဉ်အရ ဒေသအဆင့် အသိအမှတ်ပြုလက်မှတ်အားပေးအပ်ရာ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) ဥက္ကဋ္ဌကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တွေ့ဆုံဆွေးနွေးပြီး မန္တလေးမြို့ ကောင်စစ်ဝန်ချုပ် Mr. Chen Chen နှင့် တွေ့ဆုံ၍ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ယှဉ်တွဲ၍ ဖြစ်နိုင်ချေရှိသည့် နည်းလမ်းများဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့နယ် ဖောင်းတောကျေးရွာရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်နေသည့် SITHAR COFFEE FARM သို့ သွားရောက်ကြည့်ရှုသည်။ အဆိုပါကော်ဖီခြံသည် ဧက ၄၀ ကျယ်ဝန်းပြီး ၂၀၁၇ ခုနှစ်မှ စတင်ကာ ထုပ်ပိုးမှုပုံစံအနေဖြင့် Fully Washes Process နှင့် Speciality Coffee ကို ထုတ်လုပ်ရောင်းချလျက်ရှိသကဲ့သို့ ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ တောတွင်းခရီးသွားလာခြင်း၊ အပန်းဖြေအနားယူခြင်း၊ ငှက်ကြည့်ခြင်းစသည့် ခရီးစဉ်များ ဖွံ့ဖြိုးစပြုလာသည့်အတွက် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ကြည့်ရှုလေ့လာစရာ ပိုမိုလာသည်နှင့်အမျှ နေထိုင်မှုကာလလည်း ရှည်ကြာခြင်း၊ ပိုမိုသုံးစွဲခြင်းများ ရှိလာမည်ဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်နှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့နယ် ဖောင်းတောကျေးရွာရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်နေသည့် SITHAR COFFEE FARM ၌ ကြည့်ရှုစဉ်။

### တွေ့ဆုံဆွေးနွေး

ထို့နောက် ပြင်ဦးလွင်မြို့ရှိ ဂန္ဓာမာမြိုင်နှင့် သီရိမြိုင် ဟိုတယ်များ၏ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ချိန်တွင် အဆင်သင့်ဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောက်လုပ် ဆောင်ရွက်မည့်အခြေအနေများကို သွားရောက်စစ်ဆေးပြီးနောက် ရွှေနန်းထိုက်ဟိုတယ်တွင် ပြင်ဦးလွင်မြို့ရှိ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင်များနှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ပြင်ဦးလွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးက ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စစ်ဆေး၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်သည့် ဟိုတယ်များကို Enchanting Myanmar Health & Safety Protocol အစီအစဉ်အရ ဒေသအဆင့် အသိအမှတ်ပြုလက်မှတ်အား ပေးအပ်ရာ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်) ဥက္ကဋ္ဌက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး

ကမ္ဘာပေါ်တွင် လူဦးရေ ၇ ဘီလီယံခန့်ရှိသဖြင့် နိုင်ငံတိုင်းတွင် စားသောက်ကုန်များ အမြဲလိုအပ်ချက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးနိုင်ငံများရှိပြီး နိုင်ငံတွင်း စားရေးအဆင်ပြေစေရန်နှင့် ပြည်ပဝင်ငွေရရှိရန် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်၍ ကမ္ဘာ့ဈေးကွက်မှ ပြည်ပဝင်ငွေရရှိအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်၊ နွေစပါးစိုက်ပျိုးဧက ၂ သန်းခန့် စိုက်ပျိုးကြောင်း၊ မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းတွင် တစ်ဧက တင်း ၁၀၀ နှုန်းထွက်ပါက လူဦးရေ သန်း ၁၀၀ အတွက် လုံလောက်မှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိသဖြင့် လူဦးရေ ၄၅ သန်းစာ ပိုလျှံမှုရှိလာမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ဆန်များစွာတင်ပို့နိုင်ကြောင်း၊ သို့သော် တစ်ဧကစပါးအထွက်နှုန်း တင်း ၁၀၀ မပြည့်သည့်အတွက် ပြည်ပနိုင်ငံများသို့ မျှော်မှန်းသလို တင်ပို့နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စီးပွားရေးသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့်အတူ ပင်းတယမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ အတွင်းလူနာခန်းများကို ကြည့်ရှုစစ်ဆေးရာ(ဓပုံ) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့ဆေးရုံတွင် ပြည်သူများကို ဆေးကုသဆောင်ရွက်ပေးနေမှု၊ ကျန်းမာရေးစစ်ဆေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများကို အားပေးစကားပြောကြားပြီး အသစ်ဆောက်လုပ်ဆဲ နှစ်ထပ်လူနာဆောင်ကို ကြည့်ရှုကာ ကိုဗစ်-၁၉ သံသယလူနာများ၊ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများနှင့် ထိတွေ့သူများကို ကိုဗစ်-၁၉ ရောဂါ ရှာဖွေရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို စစ်ဆေးပြီး COVID-19 RDT Test Kit နှင့် ကာကွယ်ဆေးများကို ဝန်ကြီးဌာနအနေဖြင့် အလုံအလောက် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အထူးကြိုးစားဆောင်ရွက်ပေးလျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအား အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း ပြောကြားကာ ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

အဆိုပါ ပင်းတယမြို့ ပြည်သူ့ဆေးရုံသည် ခုတင်(၅၀)ဆံ့ ဆေးရုံဖြစ်ကာ ဆရာဝန်နှစ်ဦး၊ သူနာပြု ၁၀ ဦး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လာရောက်ကူညီနေသည့် သားဖွား/ကျန်းမာရေးကြီးကြပ်-၂ ဝန်ထမ်း ၁၁ ဦးတို့ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း၊ အတွင်းလူနာများအဖြစ် ကိုဗစ်ရောဂါပိုးတွေ့လူနာ ၃၂ ဦးနှင့် အခြားရောဂါအတွင်းလူနာ ၄၁ ဦး စုစုပေါင်း ၇၃ ဦးကို လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပြည်မြို့၌ ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

ပြည် အောက်တိုဘာ ၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အောက်တိုဘာ ၂ရက် နံနက်က ပြည်မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင် ၅၉ဦးတို့က ပြည်မြို့ ခုတင်(၅၀၀) ဆံ့ ဆေးရုံကြီးဝင်းအတွင်း၌ အမှိုက်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရဲတပ်ဖွဲ့ဝင် ၁၀ ဦးတို့က သွေးလှူဒါန်းခြင်းစသည့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး တိုးလှိုင်၊မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဇော်ဝင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးဒုရဲမှူး ဇော်လင်းသန့်တို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **မင်းမင်းစိုး(ခရိုင်ပြန်/ဆက်)**



## ဘားအံမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

ဘားအံ အောက်တိုဘာ ၃



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးတို့သည် အောက်တိုဘာ ၂ ရက် နံနက်က ဘားအံမြို့နယ် နောင်ကမြိုင် ရွာကြီးကျောင်းတိုက်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘားအံမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူ့လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ဘားအံမြို့နယ် နောင်ကမြိုင်ကျေးရွာ အုပ်စု ရွာကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမနအား ဖူးမြော်ကြည်ညို၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် သာသနာတော်ဆိုင်ရာ ကိစ္စရပ်များအား လျှောက်ထားတင်ပြကာ ဆွမ်းဆန်တော်၊ ဆီအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် နောင်ကမြိုင်ကျေးရွာအုပ်စု ရွာကြီးကျောင်းတိုက်ဓမ္မာရုံ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘားအံမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်၊ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လူမှုရေးရာဝန်ကြီး ဦးစိုးလွင်၊ တိုင်းရင်းသားရေးရာဝန်ကြီးဦးစန်းကိုနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၈ ကတ်ကို ပြည်သူ့လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။ **(အပေါ်ပုံ)**

**ပြည်နယ်(ပြန်/ဆက်)**

၂၀၂၁ ခုနှစ် အောက်တိုဘာလ(၅)ရက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# အကြင်နာရပ်ဝန်းမှ မုဒိတာနှလုံးသားပိုင်ရှင်များ

**ရေနံ့သာမောင်ကျော်ညွန့်**

**အကြင်သူသည် အကြင်နာရပ်ဝန်းရိပ်မြုံတွင် ခိုလှုံသည်။ အကြင်နာရပ်ဝန်းရိပ်မြုံတွင် မွေ့လျော်ပျော်ပိုက်သည်။ အကြင်နာရပ်ဝန်းသည်ကား အကြင်သူ၏ မေတ္တာလွှမ်းခြုံအေးရိပ်မြုံလည်း ဖြစ်လေသည်။ အကြင်သူ၏ ရင်ထဲတွင် မုဒိတာနှလုံးသားရှိသည်။ အကြင်သူသည် မုဒိတာနှလုံးသားကို ပိုင်ဆိုင်ထားလေသည်။**

အကြင်သူသည်ကား အကြင်နာရပ်ဝန်းမှ မုဒိတာနှလုံးသားပိုင်ရှင် ဖြစ်ချေတော့၏။ အကြင်နာရပ်ဝန်းမှ မုဒိတာနှလုံးသားပိုင်ရှင်သည် တစ်ဦးတစ်ယောက်တည်းကား မဟုတ်ချေ။ ကမ္ဘာ့ဆရာများထဲမှ မြန်မာ့ဆရာ ဆရာမများအားလုံးတို့သည်ကား အကြင်နာရပ်ဝန်းမှ မုဒိတာနှလုံးသားပိုင်ရှင်များ ဖြစ်ကြလေသည်။

ကမ္ဘာ့ဆရာများထဲမှ မြန်မာ့ဆရာများ ဖြစ်ကြသောအကြင်နာရပ်ဝန်းမှ မုဒိတာနှလုံးသားပိုင်ရှင်များဖြစ်ကြသည့် ဆရာ ဆရာမအပေါင်းတို့သည် တပည့်အပေါင်းတို့၏ ကောင်းကျိုးချမ်းသာကို လိုလားမျှော်လင့်ကြသူများ ဖြစ်ကြလေသည်။ လိုလားမျှော်လင့်သည့်အတိုင်း ဖြစ်ပေါ်လာအောင် ပန်းပုဆရာကဲ့သို့ ထုဆစ်သည်။ ပန်းချီဆရာကဲ့သို့ စုတ်ချက်တင်သည်။ ပန်းတဉ်းဆရာကဲ့သို့ ပုံသွန်းလောင်းသည်။ ထိုသို့ထုဆစ်၊ စုတ်ချက်တင်၊ ပုံသွန်းလောင်းပေးနေ ရလင့်ကစား မောသည် ပန်းသည်ဟု မညည်းညူ။ တပည့်တို့၏ နောင်အကျိုးအတွက်မို့ ရွှင်လန်းတက်ကြွနေတော့၏။

**“မိဘတို့က သားသမီးတို့အား မိဘတို့ထက် သာလွန်သောဘဝကို ပိုင်ဆိုင်ရသည့် သားသမီးများ ဖြစ်စေချင်သကဲ့သို့ အကြင်ဆရာ ဆရာမအပေါင်းတို့ကလည်း မိမိတို့ထက်သာလွန်သော တပည့်မျိုး ဖြစ်စေချင်ကြပါသည်။ ဖြစ်စေချင်လွန်းသောကြောင့် ဆရာစားမချန်ဘဲ သိသမျှ တတ်သမျှ အလုံးစုံကို အိတ်သွန်ဖာမှောက် သင်ကြားလေ့ကျင့်ပေးနေကြခြင်း ဖြစ်ပေသည်။ မိဘထက် သားသမီးတို့က သာလွန်နေမှ၊ ဆရာ ဆရာမတို့ထက် တပည့်တို့က သာလွန်နေမှ၊ ဆရာ့ထက် တပည့်လက်စောင်းထက်နေမှသာ အနာဂတ်လူ့အဖွဲ့အစည်းသည် ရှင်သန်ဖွံ့ဖြိုးနေမည်ဖြစ်ပေသည်”**

### မ တစ်ရာဖွား တပည့်များ

အကြင် ဆရာ ဆရာမအပေါင်းတို့၏ ရှေ့မှောက်သို့ တပည့်အပေါင်းတို့ ရောက်ရှိလာကြကုန်၏။ ရောက်ရှိလာသမျှ တပည့်အပေါင်းတို့သည်ကား မတစ်ရာဖွားသားသမီးများ ဖြစ်ကြသည်။ တပည့်တစ်ဦးချင်းစီတွင် အကြိုက်တစ်မျိုးစီ၊ စရိုက်တစ်မျိုးစီ ပါလာသည်။ မတူညီ တစ်မူစီကွဲပြားနေသော အကြိုက်များ၊ စရိုက်များကလည်း စုံလင်လှသည်။ တချို့တပည့်တို့က နူးညံ့ပျော့ပျောင်းကာ ယဉ်ကျေးသိမ်မွေ့သည်။ တချို့တပည့်တို့က ကြမ်းတမ်းခက်ထန်ကာ မောက်မာရိုင်းစိုင်းသည်။ တချို့က ထောက်ထားငဲ့ညှာကိုယ်ချင်းစာသည်။ တချို့က အကဲဆတ်ကာ တစ်ကိုယ်ကောင်းဆန်သည်။ တချို့က ကူညီရိုင်းပင်းလိုစိတ်ရှိသည်။ တချို့က ပူးပေါင်းဆောင်ရွက်လိုစိတ်မရှိ။ တချို့က စေတနာပိုသည်။ တချို့က ရေသာခိုသည် စသည်စသည်ဖြင့် မတူညီသော စရိုက်၊ မတူညီသောအကြိုက်တို့သည်ကား အမျိုးမျိုးအဖုံဖုံ ရောထွေးကာနေတော့သည်။

တပည့်အပေါင်းတို့တွင် ပူးကပ်စွဲငြိပါလာသော အကြိုက်မျိုးစုံ၊ စရိုက်မျိုးစုံတို့၏ နောက်ကွယ်၌ နောက်ခံအကြောင်းရင်းများ ရှိနေပါသည်။ ထိုထိုသော တပည့်အပေါင်းတို့၏ နောက်ခံအကြောင်းရင်းရှိသည်များကို အကြင်ဆရာ ဆရာမ အပေါင်းတို့က သိလည်းသိ၍ မြင်လည်းမြင်၏။ အဘယ်ကြောင့်ဆိုမူ အကြင်ဆရာ ဆရာမတို့သည်ကား တပည့်အပေါင်းတို့၏ ဘဝစာမျက်နှာများကို နေ့စဉ်မပြတ် ဖတ်မှတ်နေကြရသောကြောင့် သိခြင်း၊ မြင်ခြင်း ဖြစ်ပေသည်။

တပည့်အပေါင်းတို့၏ ဘဝစာမျက်နှာများမှ တစ်ဆင့် တပည့်တို့၏ နောက်ခံအကြောင်းရင်းနှင့် ဘဝမျိုးစုံကို သိမြင်ထားပြီးဖြစ်သော အကြင်ဆရာ ဆရာမအပေါင်းတို့သည် တပည့်အပေါင်းတို့၏ လိုအင်မျိုးစုံကို အစွမ်းကုန် ဖြည့်ဆည်းပေးကြရလေတော့သည်။ ချော့သင့်သည့် တပည့်ကို ချော့၏။ ထိုတပည့် ပျော့ပျောင်းလာပါသည်။ မြှောက်သင့်သည့်တပည့်ကို မြှောက်ပေး၏။ ထိုတပည့် တက်ကြွလာပါသည်။ ချော့တစ်ခါ မြှောက်တစ်လှည့် ဖြင့် ထိန်းကျောင်းပြုပြင်ပေးလိုက်သည့်အခါ သိမ်မွေ့နူးညံ့လာပါသည်။ ထောက်ထားငဲ့ညှာ ကိုယ်ချင်းစာတတ်သော၊ ရိုင်းပင်းကူညီတတ်သော၊ ပူးပေါင်းဆောင်ရွက်တတ်သော၊ စေတနာထားတတ်သော အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာပါသည်။ စွဲတည်လာပါသည်။ ထိုအလေ့အကျင့်ကောင်းများ စွဲတည်လာအောင်လည်း သင်ကြားလေ့ကျင့်ပေးနေကြပါသည်။

### သားသမီးများအလား

အကြင်ဆရာ ဆရာမအပေါင်းတို့သည် တပည့်များအားလုံးကို ရင်ဝယ်လွယ်ဖွား မွေးခဲ့ရသည့် သားသမီးများအလား မှတ်ယူသည်။ သားရင်းသမီးရင်းများကဲ့သို့ မြတ်နိုးသည်။ တန်ဖိုးထားသည်။ ကျောသားရင်သား မခွဲခြားဘဲ သာတူညီမျှ စောင့်ရှောက်သည်။ တစ်ပြေးညီ စေတနာထားသည်။ တစ်ပြေးညီအကြင်နာပွားသည်။ တပည့်အပေါင်းတို့ကို အပြစ်မတင်ရက်၊ အပြစ်မမြင်ရက်ပေ။ တပည့်အပေါင်းတို့သည်ကား ပန်းကလေးများနှင့်တူလေသည်။ အကြင်ဆရာ ဆရာမအပေါင်းတို့သည် ပန်းကလေးများအလား တပည့်များအားလုံးကို ပန်းတိုင်းပွင့်စေရမည်။ ပွင့်သည့်ပန်းတိုင်း မွှေးစေရမည်”ဟူသော သန္နိဋ္ဌာန်ချမှတ်ထားသူများ ဖြစ်ကြ၏။ ထို့ကြောင့် ပန်းတိုင်းပွင့်အောင် ပြုစုစောင့်ရှောက်သည်။ ပွင့်သည့်ပန်းတိုင်း မွှေးလန်းနေစေရအောင် အားထုတ်ကြိုးစားသည်။ ပန်းတိုင်းပွင့်ပြီး ပွင့်သည့်ပန်းတိုင်း မွှေးလန်းနေပါက ကြည်နူးမြူးရွှင်နေလေတော့၏။ ပီတိပွား၍ အားဖြစ်နေလေတော့၏။

### ဘဝအတွက် သင်ခန်းစာများ

အကြင်နာရပ်ဝန်း၌ ခင်တွယ်နှစ်ခြိုက်ပျော်ပိုက်မွေ့လျော်နေတော့၏။ အကြင်ဆရာ ဆရာမအပေါင်းတို့သည် တပည့်အပေါင်းတို့၏ ဘဝရှေ့ရေးကို မျှော်တွေးသည်။

လောကအလယ်တွင် မျက်နှာမငယ်ရစေအောင် သင်ကြားလေ့ကျင့်ပေးနေသည်။ ကျောင်းသင်ခန်းစာများကို သင်ကြားလေ့ကျင့်ပေးနေစဉ်မှာပင် ကျောင်းသင်ခန်းစာများမှတစ်ဆင့် ဘဝအတွက် သင်ခန်းစာများဖြစ်သည့် “စာရိတ္တသီလ” ကိုရော “ဝါရိတ္တသီလ”ကိုပါ စောင့်ထိန်းနိုင်အောင် သင်ကြားလေ့ကျင့်ပေးနေကြသူများ ဖြစ်ပေသည်။

စာရိတ္တသီလဟူသည်ကား ဘဝတစ်သက်တာလုံး ဆောင်ငင်စောင့်ထိန်းရမည့် ကိုယ်ကျင့်တရားဖြစ်သည်။ ဝါရိတ္တသီလဟူသည်ကား ဘဝတစ်သက်တာလုံး ရှောင်ကြဉ်စောင့်ထိန်းရမည့် ကိုယ်ကျင့်တရားဖြစ်ပေသည်။ ထိုသီလနှစ်ပါးစလုံးကို သွန်သင်ဆုံးမ လမ်းညွှန်ပြပေးလိုက်နိုင်သောကြောင့် တပည့်အပေါင်းတို့သည် ကလေးဘဝမှစတင်၍ ဘဝတစ်သက်တာလုံးအထိ ဆောင်ငင်ရမည်များကို ဆောင်ငင်၍ ရှောင်ကြဉ်ရမည်များကို ရှောင်ကြဉ်နိုင်သည့် အလေ့အထများ စွဲတည်သွားကြရလေတော့၏။

### သားသမီးသုံးမျိုးသုံးစား

မိဘတိုင်းသည် သားသမီးတိုင်းကို အခြေမြင့်၍ အနေတင့်သည့်ဘဝမျိုးကိုသာ ပိုင်ဆိုင်စေလိုကြသည်။ သို့လင့်ကစား သားသမီးများ အရွယ်ရောက်လူလားမြောက်ပြီး ဘဝအိုးအိမ်ထူထောင်ကြရာတွင် မိဘတို့ မျှော်လင့်ထားသည့်အတိုင်း အခြေမြင့်မြင့် အနေတင့်တင့် ဘဝမျိုးကို ပိုင်ဆိုင်ရရှိကြသော သားသမီးများရှိသကဲ့သို့ အခြေမကျ အနေမလှသည့်ဘဝဆိုးကို ပိုင်ဆိုင်ရောက်ရှိနေကြရသော သားသမီးများလည်း ရှိနေသေး၏။ ထို့ကြောင့် လောကတွင် သားသမီးသုံးမျိုးသုံးစား ရှိကြောင်းကို ဖော်ကျူးခဲ့ခြင်းဖြစ်ပေသည်။ ထိုသား သမီးသုံးမျိုးသုံးစားမှာ မိဘထက်သာလွန်သော သားသမီး (အတိဇာတ)၊ မိဘနှင့်တန်းတူဖြစ်သော သားသမီး (အနုဇာတ)၊ မိဘထက်ယုတ်လျော့သော သားသမီး (အဝဇာတ)ဟူ၍ ဖြစ်ပါသည်။ မိဘတိုင်းသည် သားသမီးတိုင်းကို မိဘတို့ထက် သာလွန်သော သားသမီးများ ဖြစ်စေချင်ကြပါသည်။

### ဆရာ့ထက် သာလွန်သောတပည့်

ထိုနည်းတူလောကတွင် တပည့်သုံးမျိုး သုံးစားရှိသည်ဟူ၍လည်း မှတ်ယူသော်ရကောင်းပေသည်။ ထိုတပည့် သုံးမျိုးသုံးစားမှာ ဆရာထက် သာလွန်သောတပည့်၊ ဆရာနှင့်တန်းတူဖြစ်သော တပည့်၊ ဆရာထက် ယုတ်လျော့သော တပည့်ဟူ၍ ဖြစ်ပါသည်။ မိဘတို့က သားသမီးတို့အား မိဘတို့ထက် သာလွန်သောဘဝကို ပိုင်ဆိုင်ရသည့် သားသမီးများ ဖြစ်စေချင်သကဲ့သို့ အကြင်ဆရာ ဆရာမအပေါင်းတို့ကလည်း မိမိတို့ထက် သာလွန်သော တပည့်မျိုး ဖြစ်စေချင်ကြပါသည်။ ဖြစ်စေချင်လွန်းသောကြောင့် ဆရာစားမချန်ဘဲ သိသမျှ တတ်သမျှ အလုံးစုံကို အိတ်သွန်ဖာမှောက် သင်ကြားလေ့ကျင့်ပေးနေကြခြင်း ဖြစ်ပေသည်။ မိဘထက် သားသမီးတို့က သာလွန်နေမှ၊ ဆရာ ဆရာမတို့ထက် တပည့်တို့က သာလွန်နေမှ၊ ဆရာ့ထက် တပည့်လက်စောင်းထက်နေမှသာ အနာဂတ်လူ့အဖွဲ့အစည်းသည် ရှင်သန်ဖွံ့ဖြိုးနေမည်ဖြစ်ပေသည်။

အနာဂတ် လူ့အဖွဲ့အစည်း ရှင်သန်ဖွံ့ဖြိုးရေးအတွက် ယနေ့မျက်မှောက်ကာလတွင် သင်ကြားလေ့ကျင့်ပေးနေကြရသော ဆရာ ဆရာမအပေါင်းတို့ကလည်း ဆရာ ဆရာမတို့ထက် သာလွန်သော တပည့်များအဖြစ် တွေ့လိုမြင်လိုပါသည်။ ကောင်းသတင်းကိုသာ ကြားလိုပါသည်။ ထိုသို့ တွေ့ရမြင်ရ၊ ကြားရလေတိုင်း မုဒိတာပွားကြရပါသည်။ မုဒိတာနှလုံးသားတွင် ကြည်နူးဝမ်းမြောက်ခြင်းနှင့်အတူ ပီတိများ စီးဆင်းလာပါလေတော့၏။

ဆရာ ဆရာမဟူသည်ကား အကြင်နာရပ်ဝန်းတွင်မွေ့လျော်ပျော်ပိုက်ကာ မုဒိတာပွားနိုင်ကြသူများ ဖြစ်ပါသည်။ တပည့်အပေါင်းတို့၏ ဘဝတစ်သက်တာလုံး ကောင်းကျိုးချမ်းသာအတွက် အကြင်နာပေးဝေပြီး မုဒိတာပွားလိုကြသူများ ဖြစ်ကြပါသည်။ ထို့ကြောင့်ပင် အကြင် ဆရာ ဆရာမအပေါင်းတို့ကို “အကြင်နာရပ်ဝန်းမှ မုဒိတာနှလုံးသားပိုင်ရှင်များ”ဟူ၍ ဂုဏ်ပြုဦးခိုက်အပ်ပါသတည်း။ ။

## ထားဝယ်မြို့မှ စေတနာ့ဝန်ထမ်းများအတွက် သင်တန်းပို့ချ

**ထားဝယ် အောက်တိုဘာ ၃**

ထားဝယ်မြို့ရှိ ကိုဗစ်- ၁၉ ပိုးတွေ့လူနာ စောင့်ကြည့်ရေးစင်တာများတွင် တာဝန်ထမ်းဆောင်ကြမည့် ပရဟိတအဖွဲ့အစည်းများနှင့် အသွားအလာကန့်သတ်စောင့်ကြည့်သောစင်တာများတွင် တာဝန်ထမ်းဆောင်နေသော စေတနာ့ဝန်ထမ်းလူငယ်များအတွက် အထောက်အကူပြုသင်တန်းကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်၍ ထားဝယ်မြို့ မြို့တော်ခန်းမ၌ ယနေ့ဖွင့်လှစ်ပို့ချသည်။

သင်တန်းတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးက တိုင်းဒေသကြီးအတွင်း ယခုလို သင်တန်းပေးခြင်းသည် အဋ္ဌမအကြိမ်မြောက်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၇၀ ကျော်အား သင်တန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ မြိတ်နှင့် ကော့သောင်းခရိုင်တို့တွင်လည်း သင်တန်းဖွင့်လှစ်ပို့ချပေးနေပြီဖြစ်ကြောင်း၊ သင်တန်းတွင် ဆေးဘက်ဆိုင်ရာနှင့် ပရဟိတလုပ်ငန်းဆိုင်ရာများကို တာဝန်ရှိသူများက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ ပရဟိတလုပ်ငန်းလုပ်ကိုင်သည့်အခါ တွေ့ကြုံရသောအခက်အခဲများ ရှိနိုင်ကြောင်း၊ သင်တန်းတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ကြားပို့ချပေးမည်ဖြစ်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပေးကြရန်လိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် တာဝန်ရှိသူများက လူမှုရေးအဖွဲ့အစည်းများမှ စေတနာ့ဝန်ထမ်းလူငယ် ၃၀ အား ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုဘာသာရပ်၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ၊ Psycho Social Support နှင့် Counseling ဘာသာရပ်များ ၊ မြေပြင်တွင်လက်တွေ့ဆောင်ရွက်ချက်များကို နံနက် ၉ နာရီ မှ ညနေ ၄ နာရီ အထိ သင်ကြားပို့ချပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**❐ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



ကမ္ဘာ့ဆရာများနေ့
၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်

## ဆရာ့ကျေးဇူး

❊ အသိပညာ၊ မရှိပါမူ
ဆိုပြောမတတ်၊ မအပ်မရာ
ပြုဖွယ်မှားယွင်း၊ သတင်းဖျင်း၏။
❊ အတတ်ပညာ၊ မလေ့လာမူ
ပင်ပန်းဆင်းရဲ၊ ဒုက္ခမွဲဖြင့်
ခါးစည်း၍ခံ၊ ဘဝဒဏ်ကို
ဖန်ဖန်ထပ်လဲ၊ ကြုံရမြဲ၏။
❊ အနုပညာ၊ မမွေ့ပါမူ
ချမ်းမြကြည်နူး၊ မရှိဘူးဟု
လောကအလှ၊ သဘာဝကို
ခံစားမသိ၊ လူဖြစ်ဘိ၏။
❊ ထိုထိုဒုက္ခ၊ မကြုံရအောင်
ညွှန်ပြပေလတ်၊ ဆရာမြတ်ထံ
နည်းနာခံ၍၊ ကျွန်ုပ်သင်ယူခဲ့ပါ၏။
❊ ထိုခါကျွန်ုပ်၊ အပြောဟုတ်၏
မှားယွင်းမလုပ်၊ လွန်ကြိုးကုတ်၏
သတင်းမွေးပျံ့၊ လွန်စွာခန့်၏
ပညာပြည့်ကြွယ်၊ ဂုဏ်တင့်တယ်၏
စိတ်တွင်ကြည်မြ၊ နှလုံးလှ၏။
❊ ထိုထိုအကျိုး၊ ရည်မျှော်ကိုး၍
သင်ပြပေလတ်၊ ဆရာမြတ်၏
ဂုဏ်ရည်အထူး၊ မြတ်ကျေးဇူးကို
မြင်းမိုရ်ရွှေတောင်၊ မြတ်ထွဋ်ခေါင်နှင့်
ကျွန်ုပ်တင်စား၊ ရင်ဝယ်ထား၍
လေးမြတ်ဦးခိုက်လိုက်ပါ၏။

**တူးမာ**



## ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်

**မော်လမြိုင် အောက်တိုဘာ ၃**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁ ရက်က ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကို ဖူးမြော်၍ ရေချမ်း၊ ဆီမီး၊ ရွှေသက်န်းများ ကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းကာ စေတီတော်ဂေါပကအဖွဲ့ရုံး(ကင်ပွန်းစခန်း)၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကို ဗုဒ္ဓပူဇနီယပွဲတော်ရာသီ(သီတင်းကျွတ်လပြည့်)အမီ ဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးသည်။

ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးသတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖြစ်စေရေး၊ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေး၊ ရင်ပြင်တော်နှင့် တောင်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးနှင့် စိမ်းလန်းစိုပြည်စေရေး၊ ဈေးဆိုင်တန်းနှင့် စားသောက်ဆိုင်တန်းများ စနစ်တကျဖြစ်စေရေးတို့ကို ပြည်နယ်ဝန်ကြီးချုပ်က မှာကြားကာ ပြည်နယ်ဝန်ကြီးများက အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကင်ပွန်းစခန်းကျေးရွာ တောင်တက်မော်တော်ယာဉ်လုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီရုံးတွင် မော်တော်ယာဉ်အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဘုရားဖူး ရာသီတွင် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေးအတွက် ပို့ဆောင်ပေးရာတွင်လည်းကောင်း၊ ပြောဆိုဆက်ဆံရာတွင်လည်းကောင်း ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံရေး၊ အသင်းက ချမှတ်ထားသည့် စည်းကမ်းညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် မော်တော်ယာဉ်များကို ကျွံ့ခိုင်မှုကောင်းမွန်အောင် စနစ်တကျ ဆောင်ရွက်ရေးနှင့် တောင်တက်လမ်းတစ်လျှောက် လမ်းဘေးဝဲယာ ချုံနွယ်များ ရှင်းလင်းရေးတို့ကို မှာကြားကာ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**

# ခြံကလေး-တောင်သူကုန်း-ဖအွဲ့လမ်းနှင့် မိန်းမလှကျွန်း-ဖအွဲ့လမ်း ကွန်ကရစ်လမ်းပိုင်းနှစ်ခု ဖွင့်လှစ်

**ဘားအံ အောက်တိုဘာ ၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ကရင်ပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်နယ် အစိုးရအဖွဲ့၏ ၂၀၂၀- ၂၀၂၁ ခုနှစ်ဘဏ္ဍာနှစ် ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ်၂၀၃၇ ဒသမ ၆ သန်းဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့သည့် ဘားအံမြို့နယ် ခြံကလေး-တောင်သူကုန်း-ဖအွဲ့ လမ်းနှင့် မိန်းမလှကျွန်း- ဖအွဲ့ လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ လမ်းပိုင်း၌ ကျင်းပသည်။

### ဖဲကြိုး ဖြတ်ဖွင့်လှစ်

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်နိုင်ထွန်းက လမ်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ဇော်တို့က ခြံကလေး-တောင်သူကုန်း- ဖအွဲ့လမ်းနှင့် မိန်းမလှကျွန်း- ဖအွဲ့လမ်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(ယာပုံ)

ယနေ့ ဖွင့်လှစ်သည့် ခြံကလေး-တောင်သူကုန်း-ဖအွဲ့လမ်း နှစ်မိုင် ခြောက်ဖာလုံကို မာန်မြင့်ဟိန်းကုမ္ပဏီနှင့် မိန်းမလှကျွန်း-ဖအွဲ့လမ်း သုံး မိုင် တစ်ဖာလုံကို စိုးမိုးသူကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခုအခါ ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ခြင်းနှင့် ဖအွဲ့ချောင်းကူးတံတား



အရှည် ပေ ၃၆၀ တည်ဆောက်ပြီးစီးခြင်းတို့ကြောင့် ဒေသထွက်ကုန်သီးနှံများကို အချိန်တိုအတွင်း ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူ ပြုနိုင်မည်ဖြစ်သည်။

### ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခြံကလေးအောင်ရတနာ ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိမလ နှင့် ဖအွဲ့ကျေးရွာ ရွှေဖအွဲ့ကျောင်းကြီး ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌကတို့ကို ဖူးမြော်ကြည်ညို၍ ဒေသဖွံ့ဖြိုးရေးနှင့် သာသနာတော်ဆိုင်ရာများအား လျှောက်ထားတင်ပြပြီး လှူဖွယ် ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က ဖအွဲ့ကျေးရွာ လူမှုကယ်ဆယ်ရေး အဖွဲ့အား လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ငါးလုံးနှင့် ထောက်ပံ့ငွေကျပ် ၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံလွင်မြစ်ရေ တိုက်စားမှုကြောင့် မိန်းမလှကျွန်း ကျေးရွာ မြစ်ကမ်းနဖူးပြိုကျမှုကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ထုံးအိုင်တိုက်နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများအား အာဟာရ ဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကာ ဆေးရုံတွင် တာဝန်ထမ်းဆောင် လျက်ရှိသော တိုက်နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရေကြည်မြို့နယ်ရှိ စပါးမျိုးစေ့ထုတ်တောင်သူများအား ဓာတ်မြေဩဇာများပေးအပ်

**ရေကြည် အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ရေကြည်မြို့နယ် အတွင်းရှိ ပေါ်ဆန်းဘေးကြား စိုက် မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ဓာတ်မြေဩဇာအိတ်များ ပေးအပ်ပွဲအခမ်းအနားကို နွားရေတိုက်ကျေးရွာ၌ ယမန်နေ့ ညနေ ၄ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာအုပ်စု၊ ပန်းဇံကွင်းကျေးရွာအုပ်စု ကွင်းကြီးကျေးရွာအုပ်စု၊ မကျီးလာဟာကျေးရွာ အုပ်စုတို့မှ ပေါ်ဆန်းဘေးကြားစိုက် မိုးစပါးမျိုးစေ့ထုတ်တောင်သူ ၂၂ ဦးကို ဓာတ်မြေဩဇာအိတ် ၃၀ ကို ပေးအပ်ရာ ကွင်းကြီးကျေးရွာ အုပ်စုနေတောင်သူ ဦးဝင်းသိန်းက တောင်သူများ ကိုယ်စား လက်ခံရယူသည်။(အောက်ပုံ)

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နွားရေတိုက်ကျေးရွာအုပ်စု တောင်သူ ဦးကြည်ခိုင်စိုး၏ ကွင်းအမှတ် ၈၃၃ ရှိ ပေါ်ဆန်းဘေးကြား မျိုးစေ့ထုတ်စိုက်ခင်းတွင် မျိုးကွဲနုတ်ပယ်ခြင်းနှင့် ပေါင်းမြက်ရှင်းလင်းမှု ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးသည်။




ရေကြည်မြို့နယ်တွင် မိုးစပါး စိုက်ပျိုးဧက ၁၀၁၇၃၈ ဧကရှိပြီး ပေါ်ဆန်းဘေးကြား စပါးစိုက် ဧရိယာ ၂၆၃၈ ဧကရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ အလားတူ စက်တင်ဘာလအတွင်းက ရေကြည်မြို့နယ်အတွင်းရှိ မျိုးစေ့ထုတ်တောင်သူ ၁၂၂ ဦး၏ စိုက်ပျိုးဧရိယာ ၂၈၈ ဧကအတွက် ဓာတ်မြေဩဇာ ၁၄၄ အိတ်ကို အခမဲ့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**

# ပင်လောင်းမြို့နယ်တွင် အောက်တိုဘာ ၂ ရက်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသူ ၇၀၄၉ ဦးရှိ

**ပင်လောင်း အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ဦးစားပေးအုပ်စုများအလိုက် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (တတိယအသုတ်) ထိုးနှံပေးခြင်းကို ဆောင်းပြောင်း အ.ထ.က ကျောင်းတွင် ယမန်နေ့က ဆက်လက်ဆောင်ရွက်ရာ ပြည်သူ ၈၆၀ လာရောက်ထိုးနှံကြကြောင်း သိရသည်။

### ဆက်လက်ထိုးနှံပေးမည်

ပင်လောင်းမြို့နယ်အတွင်း သတ်မှတ်ဆေးထိုးစုရပ်များအပြင် ကျေးရွာများအရောက် လိုက်လံ၍ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ အောက်တိုဘာ ၂ ရက်အထိ စုစုပေါင်း ၇၀၄၉ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီးဖြစ်သည်။ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့် ပင်လောင်းမြို့၊ နောင်တရားမြို့နှင့် ပေါင်းလောင်းမြို့အတွင်းရှိ ရပ်ကွက်များနှင့်ကျေးရွာအုပ်စုများမှပြည်သူများအား ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မတ္တရာမြို့နယ်၌ လီတာ ၄၀ ဆံ့အောက်ဆီဂျင်အိုး ၁၀ လုံး ထုတ်လုပ်နိုင်မည့် အောက်ဆီဂျင်စက်ရုံဖွင့်

**မတ္တရာ အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် အောက်ဆီဂျင် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် အများပြည်သူ လှူဒါန်းမှုဖြင့် တည်ဆောက်ထားသော အောက်ဆီဂျင် စက်ရုံဖွင့်ပွဲကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက အမှတ် ၅ ရပ်ကွက်ရှိ အဆိုပါ အောက်ဆီဂျင်စက်ရုံတွင် ကျင်းပသည်။

ရှေးဦးစွာ ဆရာတော် ၁၃ ပါးအား မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ဆရာတော်ကြီးများက အန္တရာယ်ကင်း ပရိတ်တရားတော်များချီးမြှင့်တော်မူခဲ့ကြသည်။ ထို့နောက် စက်ရုံတည်ဆောက်ရေး လုပ်ငန်းအဖွဲ့ ဦးဇော်လင်းဦးက စက်ရုံတည်ဆောက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီး ဦးနောင်ရဲထက်ဆွေက အောက်ဆီဂျင်စက် သယ်ယူ၊ တပ်ဆင်၊ လည်ပတ်မှု အခြေအနေများကို ရှင်းလင်း လျှောက်ထားခဲ့ကာ စက်ရုံ တည်ဆောက်ရေးအဖွဲ့နာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တခေမိဿရက စက်ရုံဆောက်လုပ်ရသည့် အခြေအနေများနှင့် ပတ်သက်၍ ဆရာတော်ကြီးများအား ရှင်းလင်းလျှောက်ထားသည်။ ထို့နောက် ရွှေအုန်းပင် ဆရာတော်ကြီးထံမှ ရေစက်ချအနုမောဒနာတရားကို နာယူခဲ့ကြသည်။

အဆိုပါ အောက်ဆီဂျင် စက်ရုံကို အမှတ်(၅)ရပ်ကွက် မန္တလေး-မိုးကုတ်ကားလမ်းဘေးတွင် တည်ဆောက်ထားပြီး တစ်နာရီလျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၀ လုံး ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယခုအခါ အောက်ဆီဂျင် လိုအပ်ချက်အရ တစ်နာရီလျှင် လေးအိုး ထုတ်လုပ်နေပြီး လိုအပ်ချက်အလိုက် တိုးမြှင့်ထုတ်လုပ်မည်ဖြစ်ကြောင်းနှင့် စက်ရုံဖြစ်မြောက်ရေးအတွက် ငွေကျပ်သိန်း ၁၈၀၀ ကျော်ခန့် ကုန်ကျခဲ့ကြောင်း စက်ရုံတည်ဆောက်ရေးအဖွဲ့နာယက တစ်ဦးထံမှ သိရသည်။

စက်ရုံ ရေရှည်အသုံးပြုထုတ်လုပ်နိုင်ရေးအတွက် မကြာမီရက်ပိုင်းအတွင်း တည်ဆောက်ရေးအဖွဲ့မှ ပြုပြင်ထိန်းသိမ်းဖြန့်ဝေရေး ကော်မတီထံသို့ လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

▼*ကျောဖုံးမှ*

AD လိုင်စင်ရဘဏ်မဟုတ်သော အခြားသူများထံသို့ ရောင်းချခြင်း၊ AD လိုင်စင်ရ ဘဏ်များသို့ ရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၄။ ပို့ကုန်တင်ပို့သူများအနေဖြင့် မိမိ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ဝင်ရောက်ပြီးဖြစ်သည့် ပို့ကုန်ရငွေအနက်မှ အသုံးမပြုဘဲ လက်ဝယ်တွင်ကျန်ရှိသည့် ပို့ကုန်ရငွေများကို ပို့ကုန်ရငွေ ဝင်ရောက်ပြီး ရက်ပေါင်း ၃၀အတွင်း သက်ဆိုင်ရာ နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရ ဘဏ်သို့ ဈေးကွက်ပေါက်ဈေးဖြင့် မပျက်မကွက် ရောင်းချရမည်။

၅။ AD လိုင်စင်ရဘဏ်များမဟုတ်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့သည် ၎င်းတို့ ဝယ်ယူရရှိထားသည့် ပို့ကုန်ရငွေကို ရက်ပေါင်း ၃၀အတွင်း ကိုယ်တိုင်အတွက်သုံးစွဲခြင်း သို့မဟုတ် AD လိုင်စင်ရဘဏ်များသို့ ရောင်းချခြင်းတို့ကို ဆောင်ရွက်ရန်ဖြစ်ပြီး ကျန်ရှိသောပမာဏကို ရက်ပေါင်း ၃၀ မပြည့်မီကာလအတွင်း AD လိုင်စင်ရဘဏ်များသို့သာ ဈေးကွက်ပေါက်ဈေးဖြင့် မပျက်မကွက် ရောင်းချရမည်။ အခြား လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသို့ ထပ်ဆင့်ပြန်လည်ရောင်းချခြင်း မပြုရ။

၆။ အထက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရာတွင် ပို့ကုန်ရငွေ စတင်ဝင်ရောက်သည့် အချိန်မှစ၍ ပို့ကုန်ရငွေရရှိသူမှ တစ်ဆင့်ပြန်လည်ရောင်းချခြင်းအပါအဝင် AD လိုင်စင်ရဘဏ်သို့ အပြီးရောင်းချသည့် အချိန်ကာလ စုစုပေါင်းသည် ရက်ပေါင်း ၃၀ ထက် မကျော်လွန်ရပါ။

၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၃-၉-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ အမှတ် ၃၃/၂၀၂၁ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးလိုက်သည်။

၈။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

**သန်းညိန်း**
**ဥက္ကဋ္ဌ**

# အရည်အသွေးပြည့်မီသော လယ်ယာသုံး စက်ကိရိယာများ တီထွင်ထုတ်လုပ်နိုင်ရေးအတွက် စဉ်ဆက်မပြတ် သုတေသနပြုဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃**

ငါးမွေးမြူသူများ လိုအပ်သည့် သားပေါက်များ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန် သဘာဝနည်း၊ ဆေးထိုးသားဖောက်နည်းများဖြင့် မျိုးကောင်းမျိုးသန့် ငါးသားပေါက်များ တိုးမြှင့်ထုတ်လုပ်ရန်လိုအပ်ကြောင်း၊ ဈေးကွက်လိုအပ်ချက် အခြေခံသည့် ငါးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂ ရက်က မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲငါးလုပ်ငန်းစခန်း၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်ကန်များ၊ အင်းများနှင့် သဘာဝရေပြင်ကျယ်များတွင် ငါးမျိုးများ စိုက်ထည့်ပေးနိုင်ရေးအတွက် ငါးသားပေါက်များ ထုတ်လုပ်ပေးလျက်ရှိသည့် ကူမဲငါးလုပ်ငန်းစခန်းသို့ ရောက်ရှိစဉ် မျိုးငါးကန်များ၌ ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးခုံးမကြီးနှင့် ရေချိုငါးမုတ်မွေးမြူထားရှိမှု အခြေအနေများကို လည်းကောင်း၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) ငါးမွေးကန်အား လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ငါးလုပ်ငန်းစခန်း သာယာလှပစေရေး၊ ငါးမွေးမြူရေးကန်များ စနစ်တကျထိန်းသိမ်းရေး၊ ဒေသ၏ ငါးမွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးလာရေးအတွက် စည်းရုံးပညာပေးဆောင်ရွက်ရန်၊ ငါးမျိုးကောင်းမျိုးသန့်များ တိုးချဲ့ထုတ်လုပ်ရန်၊ ဝန်ထမ်းများသက်သာ ချောင်ချိရေး ဆောင်ရွက်ရန်ကိစ္စရပ်များကို တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာရှိ စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာ သုံးစက်ကိရိယာစက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံကထုတ်လုပ်လျက်ရှိသည့် လက်ကိုင်ရှည် ထွန်စက်များ ဖြန့်ဖြူးခြင်း၊ ဒေါင်ဖန်း လက်တွန်းထွန်စက်များထုတ်လုပ်ဖြန့်ဖြူးခြင်း၊ လက်တွန်းထွန်စက်နှင့် တွဲဖက်အသုံးပြုသည့် သံဘီးများ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် အခြား လယ်ယာသုံး စက်ကိရိယာများ သုတေသနပြု စမ်းသပ်ခြင်းလုပ်ငန်းခွင်ကို လည်းကောင်း၊ လယ်ယာသုံး စက်ကိရိယာ သုတေသနပြုဆောင်ရွက်နေမှုနှင့် တီထွင်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)



ထိုသို့ စစ်ဆေးစဉ် ဒုတိယဝန်ကြီးက စက်ရုံ၏ ထုတ်လုပ်မှုစွမ်းအား မြှင့်တင်ရေး၊ ဒေသမြေမျက်နှာပြင်အခြေအနေ အပေါ်မူတည်၍ လုပ်ငန်းခွင်နှင့် ကိုက်ညီပြီး စက်ရုံများက ထုတ်လုပ်လိုက်သည့် စက်ပစ္စည်း အရည်အသွေး ကောင်းမွန်ရေး ဦးစားပေးဆောင်ရွက်ကြရန်၊ အရည်အသွေး ပြည့်မီသော လယ်ယာသုံး စက်ကိရိယာများ တီထွင်ထုတ်လုပ်နိုင်ရေးအတွက် စဉ်ဆက်မပြတ် သုတေသနပြုဆောင်ရွက်ရန် လိုအပ်ချက်များနှင့် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လေးမျက်နှာမြို့နယ်၌ အသေးစားဓာတ်အားစနစ်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**လေးမျက်နှာ အောက်တိုဘာ ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လေးမျက်နှာမြို့နယ် စောပြာကျေးရွာတွင် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း အသေးစားဓာတ်အားစနစ်ဖြင့် မီးလင်းရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အသေးစားဓာတ်အား စနစ်ဖြင့် နေ့စဉ်လျှပ်စစ် ၁၆၀ကီလိုဝပ် ထုတ်လုပ်ပြီး ကျေးရွာရှိ အိမ်ခြေ ၁၈၈အိမ်၊ လူဦးရေ ၉၄၀ အတွက် အကျိုးပြုနိုင်မည်ဖြစ်သည်။ အဆိုပါ မီးလင်းရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးနေထက်ရှိန်၊ ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့ ညနေပိုင်းက ကြည့်ရှုစစ်ဆေးရာ Mandalay Yoma Energy Co.,Ltd.မှ အင်ဂျင်နီယာ ဦးကောင်းထက်မွန်နှင့် တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေများ၊ ပြည်သူများမှ ထည့်ဝင်ငွေ ပေးသွင်းမှုပုံစံများ၊ ပြည်သူထည့်ဝင်ငွေကို တစ်အိမ်ချင်းစီ ပေးသွင်းမှုပုံစံများ၊ လစဉ်မီတာခ ကောက်ခံမှု နှုန်းထားများ၊ ကျေးရွာမှလစဉ်သုံးစွဲသည့် ဓာတ်အား(မီတာ) အခြေအနေများ စသည့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဟိန်း (လေးမျက်နှာ)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**လောက်ကိုင် အောက်တိုဘာ ၃**

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် (၅၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့တွင် လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငြိမ်းချမ်းအေး ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက လောက်ကိုင်မြို့ ဆီအောဘုန်းကြီးကျောင်းတိုက်ရှိ စာသင်/စာချ သံဃာတော် ၁၂၅ ပါးတို့အား အရုဏ်ဆွမ်းနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့ အစည်းအဝေး ခန်းမ၌ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း လောက်ကိုင်မြို့နယ် ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များ/ မိသားစုဝင်များအနက် ထူးချွန်သူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ လမ်းလျှောက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတို့တွင် ဆုရရှိသော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလွှာများ ပေးအပ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

# စပါးတို့ ဗီလာကို အနိုင်ရပြီး လီဗာပူးနှင့် မန်စီးတီး သရေကျ

ပရီမီယာလိဂ် ပွဲစဉ်(၇) ပွဲစဉ်များကို အောက်တိုဘာ ၃ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ စပါးက ဗီလာကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရသည်။

စပါးအသင်းအနေဖြင့် ယခုပွဲအနိုင်ရရေးအတွက် ကစားပုံကောင်းမွန်ခဲ့ပြီး ပထမဂိုးကို ပွဲချိန် ၂၇ မိနစ်တွင် ဆွန်ဟောင်မင်၏ ပေးပို့မှုမှတစ်ဆင့် ဟော့ဂျာက ပယ်နယ်တီစည်းထိပ်မှ ကန်သွင်းခဲ့ရာ ဂိုးရရှိခဲ့ပြီး ဒုတိယပိုင်း ၆၇ မိနစ်တွင် ဝက်ကင့်စ်က ဗီလာအတွက် ချေပဂိုး သွင်းယူခဲ့သည်။ ၇၁ မိနစ်တွင် ဗီလာမှ တားဂတ်က ကိုယ့်ဂိုးကိုယ် သွင်းယူမိသောကြောင့် စပါးတို့ အနိုင်ဂိုး ရရှိခဲ့သည်။


အခြားပွဲစဉ်များတွင် ပဲလေ့စ်နှင့် လက်စတာ နှစ်ဂိုးစီ သရေဖြစ်ခဲ့ပြီး ဝက်စ်ဟမ်းက အိမ်ကွင်း၌ ဘရန့်ဖို့ဒ်ကို နှစ်ဂိုး - တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

လီဗာပူးနှင့် မန်စီးတီးတို့ပွဲတွင် တစ်ဖက်နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

အဆိုပါ ပွဲမှာ နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်မှုဖြင့် အကြိတ်အနယ်ရှိခဲ့သည်။ ပထမပိုင်း ဂိုးမရှိ သရေဖြစ်ကာ ဒုတိယပိုင်း ၅၉ မိနစ်တွင် မာနေးက လီဗာပူးအတွက် အဖွင့်ဂိုးသွင်းယူပြီး ၆၉ မိနစ်တွင် ဖိုဒင်က ချေပဂိုးသွင်းယူပေးသည်။ ၇၆ မိနစ်တွင် ဆာလာက လီဗာပူးအတွက် ဒုတိယဂိုးသွင်းယူကာ ပွဲကို ဦးဆောင်ခဲ့သော်လည်း ၈၁ မိနစ်တွင် ဒီဘရိုင်းက မန်စီးတီးအတွက် ဒုတိယချေပဂိုးသွင်းယူပေးသည်။

ယင်းနောက် ဂိုးထပ်မံမသွင်းနိုင်ဘဲ ပွဲအပြီးတွင် တစ်ဖက်နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ ပွဲစဉ်(၇)အပြီး လီဗာပူးက ၁၅ မှတ်၊ မန်စီးတီးက ၁၄ မှတ်ရရှိထားသည်။

**အောင်ဇော်**



လီဗာပူးမှ ဆာလာ အသင်းအတွက် ဒုတိယဂိုး သွင်းယူပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၉/၂၀၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးတို့က သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*ယမန်နေ့မှအဆက်*

97 **သတင်းမီဒီယာမှ သတင်းထောက်ချုပ် နန္ဒလင်း(ထားဝယ်)**က ပြင်ဦးလွင်ဒေသတွင် One Village၊ One Product စနစ်ဖြင့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများကို အထွက်နှုန်းကောင်းမွန်စေရေးအတွက် Quality Product ဖြစ်စေရန် ကူညီဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိသည်ဟု သိရှိရကြောင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ကူညီဆောင်ရွက်ပေးနေပါသလဲ၊ နောင်လည်း ဘယ်လိုကူညီဆောင်ရွက်ပေးရန်ရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ကော်ဖီစိုက်ပျိုးခြံများကို သွားရောက်သည့်အခါ ကော်ဖီစိုက်ပျိုးသည့်တောင်သူများနှင့် နိုင်ငံတော်ဝန်ကြီးချုပ်တို့ တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း၊ ထိုတောင်သူများဆီက အကြံဉာဏ်များကိုလည်း ရယူခဲ့ပြီး ဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်သွားမည့် ကော်ဖီလုပ်ငန်းနှင့်ပတ်သက်၍ အစုအဖွဲ့နှင့် ဆောင်ရွက်ရန်၊ နံပါတ်နှစ်အချက်က Quality ထိန်းရန်၊ နံပါတ်သုံးအချက်က ကော်ဖီနှင့်ပတ်သက်၍ နိုင်ငံခြားဈေးကွက်ချဲ့ထွင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားဈေးကွက်ချဲ့ထွင်ပြီး ပုံမှန်နိုင်ငံခြားပို့ဆောင်ရေးလမ်းကြောင်းကိုရရှိအောင် မိမိတို့ ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Public Press News Agency မှ သတင်းထောက် ဒေါက်တာ စိုးမြင့်ဦး**က ယခုအချိန်တောင်သူလယ်သမားများက စိုက်ပျိုးစရိတ်ချေးငွေပြန်ဆပ်နေရသည့်ကာလဖြစ်ကြောင်း၊ ယင်းစိုက်ပျိုးရေးစရိတ်ချေးငွေ ပြန်ဆပ်သည့် အချိန်ကာလနောက်ကျသည့်အတွက် ဒဏ်ကြေးငွေသတ်မှတ်ပေးသွင်းရတယ်ဟု ကြားသိရကြောင်း၊ ထိုပေးသွင်းရသည့်ပမာဏက သိပ်မများသော်လည်း တောင်သူလယ်သမားများက ဝင်ငွေတော်တော်လေး ကျပ်တည်းနေသည့်အတွက် ထိုဒဏ်ကြေးငွေကို ဖြေလျှော့ပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်သလားဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းကိစ္စက မူဝါဒနှင့်ဆိုင်သည့် မေးခွန်းဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ မိမိအနေဖြင့် သက်ဆိုင်သည့်လူများအား ဖြစ်ပျက်နေသောအခြေအနေများကို သတင်းပို့ပေးမည်ဖြစ်ကြောင်း၊ နည်းလမ်းနှစ်လမ်းရှိကြောင်း၊ တချို့ကလည်း ပြန်မဆပ်လို၍လည်းဖြစ်နိုင်ကြောင်း၊ တချို့ကလည်း တကယ်မဆပ်နိုင်၍ ရှိကောင်းရှိလိမ့်မည်ဖြစ်ကြောင်း၊ သို့သော် ယခုကာလ အကျပ်အတည်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်ပြီး စီးပွားရေးပြန်လည်ကုစားရေးဆိုပြီး အစီအစဉ်များရှိကြောင်း၊ ထိုအစီအစဉ်ဘောင်အတွင်းက အကျုံးဝင်လျှင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ဆက်လက်၍ Myanmar Public Press News Agency မှ သတင်းထောက် ဒေါက်တာ စိုးမြင့်ဦး**က စက်သုံးဆီဈေးနှုန်းမြင့်တက်လာကြောင်း၊ မြင့်တက်မှုနှင့်အတူ အချင်အတွယ်များ နည်းနည်းကွဲလွဲနေသလားဆိုသည်ကို သံသယဖြစ်စရာ ရှိကြောင်း၊ ယခင်က ရန်ကုန်မှ နေပြည်တော်အထိလာပါက စက်သုံးဆီ ကျပ် ၂ သောင်းခန့်ထည့်လျှင် အဆင်ပြေကြောင်း၊ ဆီဖိုးမြင့်တက်မှုက နှစ်ဆမဖြစ်ပေမယ့် ကုန်ကျစရိတ်က နှစ်ဆလောက်ဖြစ်သွားကြောင်း၊ ယခင်က တစ်လီတာကို ကျပ် ၁ ထောင်ဝန်းကျင်တွင် ကျပ် ၂ သောင်းကုန်လျှင် ယခုအချိန်တွင် ၄ သောင်းနှင့် မလုံလောက်သည့် အခက်အခဲရှိနေကြောင်း၊ ထိုအရာများကို စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဆိုင်များတွင် ရောင်းချနေသည့် အချင်အတွယ်များကို ပြန်လည်စစ်ဆေးပေးရန် ရှိနိုင်မည်လားဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုကိစ္စနှင့်ပတ်သက်၍ စက်သုံးဆီအရည်အသွေးနှင့် စက်သုံးဆီ အချင်အတွယ်များ တိုင်းတာစစ်ဆေးသည့် ဌာနများရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး သံသယရှိပါက ၎င်းအဖွဲ့အစည်းနှင့်ဆက်သွယ်ပြီး ဆောင်ရွက်စေလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က (၇၆) ကြိမ်မြောက် ကုလသမဂ္ဂအစည်းအဝေးတွင် ပြည်ပရောက်နေသည့် မြန်မာနိုင်ငံသားများက မြန်မာနိုင်ငံအတွင်းမှာ NLD၊ PDF အကြမ်းဖက်သမားများ၏ လုပ်ကြံသတ်ဖြတ် ဖောက်ခွဲဖျက်ဆီးလုပ်ရပ်များကို ချပြပြီး မြန်မာနိုင်ငံသူ/ နိုင်ငံသား များလည်း ငြိမ်းချမ်းရေးကိုသာ အလိုရှိသည်ဟု ဆန္ဒပြမှုများ လုပ်ခဲ့ကြသလို ပြည်တွင်းမှ လက်မှတ်ရေးထိုးကြပြီး အားပေးထောက်ခံမှုများရှိကြောင်း၊ ၎င်းအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောထားအမြင် အနေအထားမည်သို့ရှိသည်ကို သိလိုကြောင်း၊ ထို့နောက် ရန်ကုန်မြို့ပေါ်တွင် ပြန်ကြားရေးသတင်းဌာန၏ သတင်းထုတ်ပြန်ချက်များအရ မိမိတို့သိရှိသည်မှာ NLD အမတ်ဟောင်း ဖြိုးဇေယျာသော်၏ ခိုင်းစေချက်များကြောင့် သေဆုံးရသူ၊ ပျက်စီးဆုံးရှုံးမှုများ များစွာ ဖြစ်နေကြောင်း၊ ဖြိုးဇေယျာသော်နှင့်ပတ်သက်၍ မည်သည့်အမှုများဖွင့်လှစ်ထားပါသလဲ၊ ၎င်းက ပြည်တွင်း၌ ရှိပါသေးသလား၊ ပြည်ပကိုထွက်ပြေးသွားပြီလား ဆိုသည်ကို သိလိုကြောင်း၊ နောက်တစ်ချက်အနေဖြင့် NLD၊ PDF အကြမ်းဖက်သူများ၏ ရန်ပြုစော်ကားခံနေရသည့် ပြည်သူများအတွက် ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများ၊ လယ်ယာမြေသိမ်းဆည်းခံရသည့်ကိစ္စများ ဆောင်ရွက်နေသည့်အခြေအနေများကို ဖြေကြားပေး၍ ရသလောက် ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က NUG အမည်ခံ အကြမ်းဖက်အဖွဲ့များကို နိုင်ငံခြားကနေ ကူညီပံ့ပိုးနေသည့်သူများ၊ နိုင်ငံခြားမှာရှိနေသူများက မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ပေးပို့နေသူများရှိကြောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးညီလာခံတို့ကို ပေးပို့နေသည်များရှိကြောင်း၊ ICJ၊ ICC တို့ကို ပေးပို့နေသည်များရှိကြောင်း၊ ၎င်းတို့နှင့်ပတ်သက်ပြီး နံပါတ်တစ်အချက် သတင်းများနှင့်ပတ်သက်ပြီး သတင်းအမှန်အတိုင်း ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အချို့နိုင်ငံကြီးများ၊ အချို့အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများကို အခြေခံပြီး ရေးသားနေမှုများ ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း မည်သူက အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည်၊ မည်သူက အပြစ်မဲ့ပြည်သူလူထုကို သတ်နေသည်ကို သက်သေအထောက်အထားများ ခိုင်ခိုင်လုံလုံရှိကြောင်း၊ ထို့ကြောင့် သက်ဆိုင်သည့်အဖွဲ့အစည်းများက သက်ဆိုင်ရာ တရားဝင်လမ်းကြောင်းအတိုင်း တောင်းခံလာပါက ဖြေရှင်းပေးရန် အသင့်ရှိသည်ဟု ပြောလိုကြောင်း၊ ဖြိုးဇေယျာသော်နှင့်ပတ်သက်၍ ရန်ကုန်မြို့အတွင်း၌ ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများ၊ ဗုံးပေါက်ကွဲတိုက်ခိုက်မှုအများစုက ထိုလူနှင့်ပတ်သက်နေသည်ကို တွေ့ရကြောင်း၊ ထိုလူနှင့်ပတ်သက်ပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုဥပဒေ စသည့် လူသတ်မှု၊ လူသေစေမှု၊ အားပေးမှုဥပဒေများနှင့် ထိုသူကို တရားစွဲဆိုထားကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးရမိအောင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာမြေနှင့်ပတ်သက်၍ မည်သည့်နေရာတွင်ဖြစ်သည်ကို တိတိကျကျလေး ထည့်ပေးစေလိုကြောင်း၊ လယ်ယာမြေနှင့်ပတ်သက်သည့် လုပ်ငန်းများက ယခင်က ဒုတိယသမ္မတဦးဆောင်သည့် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီကို တင်ရမှုများရှိကြောင်း၊ ကိုဗစ်-၁၉ ကာလတွင် လက်တွေ့ကွင်းဆင်း ဆောင်ရွက်မှုများ နည်းနေကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ မည်သည့်နေရာတွင်ဖြစ်သည်ကို တိတိကျကျ မေးခွန်းမေးစေလိုကြောင်း၊ မိမိတို့အနေဖြင့် သက်ဆိုင်ရာကို ပြန်လည်မေးမြန်းပြီး ပြန်လည်ဖြေရှင်းပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**နေပြည်တော်တိုင်း(မ်) အွန်လိုင်းအေဂျင်စီမှ အယ်ဒီတာ ဦးမင်းမောင်**က ပြီးခဲ့သည့်အပတ်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိန့်ခွန်းထဲမှာ "ပြည်ပ ရောက်နေသည့် ပြည်သူလူထုများ ပြည်တွင်းကို ပြန်လာခဲ့ပါ။




ပြည်တွင်းရောက်ရင်လည်း ဆိုးသမ္မဒဏ်များကို ကျွန်တော်တို့သည်းခံပြီး ထိန်းသိမ်းပေးပါမယ်" ဟု ပြောကြားသွားခြင်းကို သိရှိထားပါကြောင်း၊ ပြည်ပရောက် ပြည်သူများ ပြန်ရောက်သည့်အချိန်တွင် မြန်မာနိုင်ငံအတွင်း လူဦးရေများ၊ လုပ်ငန်းရှား၊ အလုပ်လက်မဲ့မှုများသည့်အပေါ် ပြည်သူလူထုအနေဖြင့် စားဝတ်နေရေးအတွက် မြေပြင်တွင် တော်တော်များများ ပြဿနာတက်နေပါကြောင်း၊ အချို့ထမင်းနပ်ကျော်စားနေရသည်ကို မြေပြင်တွင် တွေ့ရပါကြောင်း၊ အချို့ အလုပ်မရှိသည့်အတွက် မိသားစုတစ်စုလုံး အလုပ်ထွက်လုပ်ပြီး ရသမျှဖြင့် ချွေတာပြီးစားရသည့် အခက်အခဲများရှိကြောင်း၊ ဆေးဝါးကုသရန် ငွေမရှိခြင်းများ၊ ယခု ကိုဗစ်ကာလတွင် ကိုဗစ်ဖြစ်ပြီး အောက်ဆီဂျင် မရသည့်အတွက် အောက်ဆီဂျင် အခက်အခဲဖြစ်ကြောင်း၊ အောက်ဆီဂျင်ဝယ်ရန်အတွက်လည်း ၎င်းတို့တွင် ငွေမရှိပါကြောင်း၊ ဆေးဖိုးမရှိသည့်အတွက် အသက်ဆုံးရှုံးမှုများ မြေပြင်တွင် တွေ့ရပါကြောင်း၊ ပြည်သူလူထု စားဝတ်နေရေးကျပ်တည်းမှုနှင့် အခက်အခဲများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်ကဲ့သို့ ကူညီဖြေရှင်းပေးသွားမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပြန်လည်ဝင်ရောက်ရေးအစီအစဉ်နှင့် ပတ်သက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ပြောခဲ့သည်မှာ ပြန်လည်ဝင်ရောက်ရေးတွင် မြန်မာနိုင်ငံသူ/ နိုင်ငံသားများ ဖြစ်သည့်အတွက် လက်ခံရမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံက ပြန်လာသည့်သူများ ငွေအလိမ်ခံရ၍ မလေးရှားတွင် သောင်တင်နေခြင်းကြောင့် တပ်မတော်က နိုင်ငံတော်စရိတ်ဖြင့် ပြန်ခေါ်လာရခြင်းများ ရှိပါကြောင်း၊ ၎င်းတို့အနေဖြင့် ကျေးဇူးတင်ကြပါကြောင်း၊ ပြည်ပနိုင်ငံတွင် စားစရာသောက်စရာမရှိဘဲ နေမည့်အစား မြန်မာနိုင်ငံကို ပြန်လာနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကို ပြန်ရောက်လာပြီး "ပြဿနာအရှာခံရင်ခံရပါစေ" ပြန်ခေါ်မည်ဖြစ်ကြောင်း၊ အမှန်တကယ်လည်း အရှာခံလိုက်ရသည့် ဇာတ်လမ်းများရှိပါကြောင်း၊ မလေးရှားကနေ

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

မလေးရှားထောင်ထဲတွင် ဒုက္ခရောက်နေသည့်သူများကို သင်္ဘောနှစ်စင်းဖြင့် ပြန်ခေါ်လာပြီး ဘယ်မှ မရောက်သေးဘဲ နိုင်ငံတော်နှင့် တပ်မတော်က ကျွေးထားပြီး Quarantine Center တွင် ရှိနေချိန်တွင် ပြဿနာရှာခဲ့သည်များရှိပါကြောင်း၊ လက်တွေ့ဖြစ်ပါကြောင်း၊ စင်တာတွင်နေထိုင်ပြီး အစိုးရဆန့်ကျင်ရေး လှုံ့ဆော်မှုများ တွေ့ရကြောင်း၊ ထိုအရာများကိုလည်း အရေးယူခြင်းမလုပ်ဘဲ သည်းခံခဲ့ကြောင်း၊ နောင်လာမည့်သူများလည်း ပြန်လည်ခေါ်ဆောင်လျက်ရှိကြောင်း၊ ပြည်သူလူထု၏ စားဝတ်နေရေး အကျပ်အတည်းအနေဖြင့် အထိုက်အလျောက် စျေးတက်မှုများ၊ ငွေကြေးဖောင်းပွမှုများကြောင့် ရှိကောင်းရှိနိုင်ပါကြောင်း၊ လက်ရှိ တာဝန်ယူထားသည့် အစိုးရအနေဖြင့် အတိတ်သမိုင်းကို လက်ညှိုးထိုးနေမည်မဟုတ်ကြောင်း၊ ထိုးရန်အတွက် အချိန်မရှိပါကြောင်း၊ တတ်နိုင်သမျှ အကောင်းဆုံးဖြစ်ရန် စားနပ်ရိက္ခာဖူလုံရေးနှင့် တိုင်းပြည်သာယာဝပြောရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က မြန်မာနိုင်ငံသည် တိုင်းရင်းသားလက်နက်ကိုင်များသည့် နိုင်ငံဖြစ်သည့်အပြင် PDF များက မြို့ပေါ်အထိ လက်နက်စွဲကိုင်ပြီး ပြည်သူလူထုများကို ဒုက္ခပေးနေသည့် အနေအထားတွင်ရှိနေပါကြောင်း၊ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည်နှင့်အညီ တပ်မတော်အင်အားရှိရန်အတွက် လိုအပ်လာသည့် အချိန်ဖြစ်ပါကြောင်း၊ သာမန်အထည်ချုပ်စက်ရုံက အမျိုးသမီးတစ်ယောက်၏ အလုပ်ချိန် ၈ နာရီတွင် ၄၈၀၀ ကျပ်ရှိပါကြောင်း၊ တပ်မတော်သားများ၏ လစာသည် ၄၈၀၀ ကျပ် မရှိပါကြောင်း၊ လွှတ်တော်ထဲက လွှတ်တော်ကိုယ်စားလှယ်များ၏ လစာသည် ၁၀ သိန်းအပြင် နေစရိတ်စားစရိတ် စရိတ်ငြိမ်းဖြစ်ပါကြောင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၏ လစာသည် ပုံမှန်လစာဖြစ်ပါကြောင်း၊ အရပ်ဘက် စစ်ဘက်ကိုညှိနှိုင်းပြီး တပ်မတော်အကြီးအကဲများက တပ်မတော်သားများ တပ်မတော်အတွင်း အနေပျော်အောင် အခြေခံလစာကို ညှိနှိုင်းပေးရန်အစီအစဉ် ရှိ/မရှိနှင့် မကြာခင် ကျောင်းများပြန်ဖွင့်မည်ဖြစ်၍ ဘုန်းတော်ကြီး ပညာသင်ကျောင်းများကလည်း အရေးပါပါကြောင်း၊ ပညာရေးအတွက် ပညာရေးဝန်ကြီးဌာန ဘတ်ဂျက်ဖြင့် သုံးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က တပ်မတော်သားများ၏ လစာနှင့်ပတ်သက်ပြီး တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း၊ တိုင်းစစ်ဌာနချုပ်များအလိုက်၊ တပ်ရင်း/ တပ်ဖွဲ့များအလိုက် တပ်မတော်သားများ၏ သက်သာချောင်ချိရေးနှင့်ပတ်သက်ပြီး သီးသန့် ရန်ပုံငွေဖြစ်ကြောင်း၊ သီးသန့်ရန်ပုံငွေသည် နိုင်ငံတော်၏ဘတ်ဂျက်မှ မဟုတ်ပါကြောင်း၊ ယခင်ကတည်းက တပ်များတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပါကြောင်း၊ အဓိက လုပ်ဆောင်ရာတွင် တပ်မိသားစုများ၊ တပ်ပတ်ဝန်းကျင်တွင် ရှိသည့် ပြည်သူ/ပြည်သားများ၊ နိုင်ငံသူ/နိုင်ငံသားများ စားဝတ်နေရေး ချောင်လည်စေရေး၊ လတ်လတ်ဆတ်ဆတ်စားရန်၊ မှန်မှန်ကန်ကန်စားရန် ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပိုလျှံသည်များကို ပြင်ပတွင် ဝန်ထမ်းများကို ရောင်းချပေးခြင်းဖြစ်ကြောင်း၊ အဆိုပါအလုပ်များနှင့် တည်ဆောက်ထားသည့် ရန်ပုံငွေများနှင့် တပ်မတော်သားများ၏ သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုအတိုင်းသာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လစာတိုးပေးရန် မရှိပါကြောင်း၊ ဘုန်းတော်ကြီး ပညာသင်ကျောင်းများနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် သီးခြားဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးရန် မရှိပါကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထို့အပြင် တိုးမြှင့်ဆောင်ရွက်မည့် အစီအစဉ်ကိုလည်း လုပ်ဆောင်ပြီးဖြစ်ပါကြောင်း၊ သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များက ဘုန်းတော်ကြီး ပညာသင်ကျောင်းများကို ဦးစားပေးလုပ်ဆောင်ပေးရန် ပြောနေကြသည်မှာ မှန်ပါကြောင်း၊ မိမိတို့၏ အခြေခံပညာရေးစနစ်သည် ဘုန်းတော်ကြီး ပညာသင်ကျောင်းများဖြစ်ပါကြောင်း၊ အဆင့်ဆင့်တင်ပြမှုကြောင့် အတိုင်းအတာတစ်ခုထိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ရရှိပြီးဖြစ်ပါကြောင်း၊ ကျောင်းဖွင့်သည့်အချိန်တွင် တွေ့ရမည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က လက်ရှိစီးပွားရေး ပြန်လည်ထူထောင်ရန်အတွက် မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး နိမ့်ကျဆဲ အခြေအနေတွင်ရှိသေးကြောင်း၊ ကိုဗစ်ဖြစ်လာသောကြောင့် အမေရိကန်၊ ရုရှားလို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် Mask တပ်သည့် အနေအထားမရှိသလောက်နည်းပါးပြီး ကိုဗစ်နှင့်အတူနေထိုင်သူများ ဆိုသည့် ပုံစံမျိုးဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ဆက်ပြီးလုပ်သည့်အတွက် ၎င်းတို့တွင် စီးပွားရေးယိုင်လဲမှုအခြေအနေမျိုး မဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရပါကြောင်း၊ အဓိက၎င်းတို့နိုင်ငံများသည် ချမ်းသာသည့် နိုင်ငံများ ဖြစ်သောကြောင့် ကိုဗစ်ဖြစ်လာသည့် ပြည်သူများအပေါ်ကို ကျန်းမာရေးစောင့် ရှောက်မှုအပြည့်အဝအကုန်လုံး အစိုးရက ပေးနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ၌လည်း အစိုးရကနေပြီး အားလုံးကို ပေးနေပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကို အခမဲ့ပေးနေခြင်းရှိကြောင်း၊ ကွာခြားချက်အနေဖြင့် ဆေးရုံနှင့် ကိုဗစ်စင်တာများသည် မမျှတ၊ မလုံလောက်ဖြစ်နေပါကြောင်း၊ အကယ်၍ လုံလောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို ယခုထက်ကောင်းအောင် ဆက်လက်ပေးလာနိုင်ပြီး လုံလုံလောက်လောက်လည်း ထားပေးနိုင်မည်ဆိုလျှင် လုပ်ငန်းများက ပုံမှန်လည်ပတ်မှု၊ စီးပွားရေးလုပ်ငန်းအကုန်လုံး ပြန်ပြီးလုပ်ဆောင်၍ရမည့် အနေအထားကိုလည်း တွေ့ရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်ရောဂါ၊ ပြင်းထန်ရောဂါ၊ အထွေထွေရောဂါ ဖြစ်သည်များကို သီးခြားစီခွဲပြီး ဆေးရုံများ၊ ကုသသည့်စင်တာများ ယခုနှစ်ထဲတွင် တိုးမြှင့်လုပ်ဆောင်ရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ကိုဗစ်နှင့်ပတ်သက်ပြီး ရုရှား၊ အမေရိကန်တို့လို ဖွံ့ဖြိုးပြီး နိုင်ငံများကို အတုယူ၍ မရပါကြောင်း၊ ၎င်းတို့၏ ကျန်းမာရေးစနစ်နှင့် မိမိတို့၏ကျန်းမာရေးစနစ် မတူပါကြောင်း၊ ထို့အပြင် ၎င်းတို့၏ ကျန်းမာကြံ့ခိုင်မှု အနေအထားနှင့် မိမိတို့၏ ကျန်းမာကြံ့ခိုင်မှု အနေအထားမတူပါကြောင်း၊ မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၈ နှစ်ခန့်သာရှိကြောင်း၊ ၎င်းတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းက ၇၀/၈၀ နှစ်ရှိသည့် နိုင်ငံဖြစ်ပါကြောင်း၊ ကျန်းမာကြံ့ခိုင်မှုလည်း ကွာပါကြောင်း၊ လူကောင်ချင်းလည်း ကွာပါကြောင်း၊ မြန်မာနိုင်ငံက ကိုဗစ်ဖြစ်သည့်သူနှင့် တခြားနိုင်ငံက ကိုဗစ်ဖြစ်သည့်သူများကလည်း မတူပါကြောင်း၊ ကိုဗစ်နှင့် အတူယှဉ်တွဲနေထိုင်ခြင်းသည် မဖြစ်မနေလုပ်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် လက်တွေ့ကျကျ ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်စင်တာများနှင့် ပတ်သက်ပြီး ပုဂ္ဂလိကများ၊ ပြည်သူလူထုအကျိုးဆောင်လုပ်ငန်းများကို ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တွင်လည်း ကိုဗစ်စင်တာများဖွင့်ခဲ့သည်ကို သိရှိကြပြီးဖြစ်ပါကြောင်း၊ လက်တွေ့လုပ်ဆောင်နေသောလုပ်ငန်းသည် အနည်းဆုံး မြို့နယ်/ခရိုင်အဆင့်တွင် လမ်းပန်းဆက်သွယ်မှု ခက်ခဲလျှင် မြို့နယ် အဆင့်၊ ခရိုင်အဆင့်အားလုံးတွင် အရေးပေါ်အခြေအနေဖြစ်လာလျှင် ရသင့်ရထိုက်သည်ကို ရရှိနိုင်ရန်အတွက် အောက်ဆီဂျင် ထုတ်လုပ်သည့်စက်များ တပ်ဆင်လျက်ရှိကြောင်း၊ မဖြစ်မနေရှိရမည်ဟု တပ်ဆင်လျက်ရှိပါကြောင်း၊ ကိုဗစ်နှင့်ပတ်သက်ပြီး ထားရမည့် အထူးကြပ်မတ်ကုသရမည့်နေရာများကို ခရိုင်အဆင့်/မြို့နယ်အဆင့်များ နေရာတိုင်းတွင် ထားလျက်ရှိပါကြောင်း၊ သီးခြားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ခရိုင်သည် ခရိုင်အဆင့်နှင့်တူအောင်၊ မြို့နယ်သည် မြို့နယ်အဆင့်နှင့်တူအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို မြို့ကြီးပြကြီးတင်မက ကျေးလက်များအထိ အရောက် ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးစည်သူနိုင်**က Frontier မဂ္ဂဇင်းတွင်လုပ်ခဲ့သည့် အမေရိကန်သတင်းထောက် ဒန်နီဖာစတာ၏ အခြေအနေကို မေးလိုကြောင်း၊ ဖြေလို့ရသလောက် ဖြေပေးစေလိုကြောင်း၊ အဆိုပါသတင်းထောက်၏ လက်ရှိကျန်းမာရေးအခြေအနေအပါအဝင် ၎င်းကိုစွဲဆိုထားသည့် အမှုများအကြောင်းကို ရှင်းရှင်းလင်းလင်းသိလိုပါကြောင်း၊ ၎င်းကို ဖမ်းဆီးစစ်ဆေးထားသည်မှာ လနှင့် ချီနေပြီဖြစ်ကြောင်း၊ အထူးသဖြင့် သတင်းထောက်တစ်ယောက်အနေဖြင့် သတင်းအချက်အလက်နှင့်ဆိုင်သည့် သတင်းသမားတစ်ယောက်၏ လုပ်ပိုင်ခွင့်ထက် ဘောင်ကျော်၍ တစ်စုံတစ်ရာ ကျူးလွန်ခဲ့ခြင်းမျိုး စစ်ဆေးတွေ့ရှိခြင်းရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သတင်းထောက်များနှင့်ပတ်သက်ပြီး သတင်းထောက်များသည် သတင်းထောက်အလုပ်သာ မျှမျှတတ လုပ်ဆောင်မည်ဆိုပါက ဖမ်းဆီးစစ်ဆေးရန် အကြောင်းမရှိကြောင်း၊ ၎င်းသတင်းထောက်အနေဖြင့် သတင်းထောက်လုပ်ငန်းများထက် ကျော်လွန်ဆောင်ရွက်ခဲ့ခြင်းများ ရှိခဲ့ခြင်းကြောင့် ဖမ်းဆီးစစ်ဆေးခဲ့ခြင်း ဖြစ်ကြောင်း၊ ၎င်း၏ ကျန်းမာရေးအခြေအနေကောင်းမွန်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးခြင်း/မထိုးခြင်းနှင့်ပတ်သက်ပြီး အကျဉ်းထောင်တွင် ရှိနေသည့် အကျဉ်းသားများ၊ အချုပ်သားများအားလုံးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း၊ ထိုးခြင်း/မထိုးခြင်းသည် ၎င်း၏ဆန္ဒသာဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးစည်သူနိုင်**က ၎င်းသတင်းထောက်ကို အမှုစွဲထားခြင်းမျိုး ရှိပြီးဖြစ်ပါသလား၊ အမှုစွဲထားပါက မည်သို့ စွဲဆိုထားသည်ကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အဆိုပါအမေရိကန်သတင်းထောက်ကို အမှုစွဲထားပြီးဖြစ်ကြောင်း၊ ထိန်းသိမ်းထားရမည့်အခြေအနေဖြစ်သဖြင့် ၎င်းကို ထိန်းသိမ်းထားရခြင်းဖြစ်ကြောင်း၊ ကျန်သည့် ကိစ္စများကို ဖြေနိုင်သည့်အချိန်တွင် ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**တဲ့ပြောအွန်လိုင်းသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်ရဲထက်(ခ) ဦးဇော်မင်းဦး** က ယခင် NLD အစိုးရလက်ထက်က အဂတိလိုက်စားမှုများကို လိုက်လံဖော်ထုတ်သဖြင့် ပုဒ်မ-၅၀၅(ခ)ဖြင့် ဖမ်းဆီးထောင်ချခံခဲ့ရပြီး မကြာသေးမီက လွတ်လာခဲ့သဖြင့် သတင်းစာရှင်းလင်းပွဲကို ယခုပထမဆုံးအကြိမ်အဖြစ် တက်ခွင့်ရခြင်းဖြစ်ကြောင်း၊ ယခုငွေကြေးဖောင်းပွနေသည့်ကိစ္စများ၊ မြန်မာငွေကြေးတန်ဖိုး ကျဆင်းနေသည့်ကိစ္စများ၊ နိုင်ငံခြားငွေများ အဆမတန် တန်ဖိုးမြင့်တက်လာသဖြင့် မြန်မာနိုင်ငံတွင်ရှိသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အခြေခံလူတန်းစားများအနေဖြင့် အခက်အခဲဖြစ်နေသည်ကို သိရပါကြောင်း၊ ၎င်းတို့အထဲတွင် အဆိုးဆုံးရင်ဆိုင်နေရသည်မှာ ဘဏ်များ၏

*စာမျက်နှာ ၁၂ သို့*

❖ **ကိုဗစ်နှင့် အတူယှဉ်တွဲနေထိုင်ခြင်းသည် မဖြစ်မနေလုပ်ရမည့် လုပ်ငန်းဖြစ်၊ ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် လက်တွေ့ကျကျ ဆောင်ရွက်လျက်ရှိ၊ ကိုဗစ်စင်တာများနှင့် ပတ်သက်ပြီး ပုဂ္ဂလိကများ၊ ပြည်သူလူထုအကျိုးဆောင်လုပ်ငန်းများကို ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိ၊ ရန်ကုန်တွင်လည်း ကိုဗစ်စင်တာများ ဖွင့်ခဲ့သည်ကို သိရှိကြပြီးဖြစ်**

❖ **ကိုဗစ်နှင့်ပတ်သက်ပြီးထားရမည့် အထူးကြပ်မတ်ကုသရမည့်နေရာများကို ခရိုင်အဆင့်/မြို့နယ် အဆင့်များ နေရာတိုင်းတွင်ထားလျက်ရှိ၊ သီးခြားဆောင်ရွက်လျက်ရှိ၊ ထို့အပြင် ခရိုင်သည် ခရိုင်အဆင့်နှင့် တူအောင်၊ မြို့နယ်သည် မြို့နယ်အဆင့်နှင့်တူအောင် ဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၁၁ မှ*

ငွေကြေးစီးဆင်းမှုများကြောင့် အများဆုံးခံစားနေရသည်ကို တွေ့ရပါကြောင်း၊ အဓိကဖြစ်ပေါ်နေသည့် အခက်အခဲမှာ နိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဖြစ်သူက ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ပြောခဲ့သည့်စကားအရ နိုင်ငံတော်၏ စီမံကိန်းဆောင်ရွက်နေသည့် ကုမ္ပဏီများကို တစ်ပတ်လျှင် ငွေကျပ်သိန်း ၂၀၀ ထုတ်ပေးမည်ဖြစ်ကြောင်းနှင့် လူတစ်ဦးချင်းစီကို သိန်း ၂၀ ထုတ်ပေးမည်ဟု ပြောပါကြောင်း၊ သို့သော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ပေးထားသည့် ကတိကဝတ်နှင့် အောက်ခြေတွင် ဖြစ်ပျက်နေသည့် အခြေအနေမှာ ကွဲလွဲနေပါကြောင်း၊ အမှန်တကယ် ကရင်ပြည်နယ်၌ တစ်ပတ်လျှင် ငွေကျပ်သိန်း ၅၀ သာရရှိပါကြောင်း၊ သို့သော် ယခုလတွင် သိန်း ၁၀၀ ထုတ်ပေးပါကြောင်း၊ မော်လမြိုင်ဘဏ်တွင် သိန်း ၃၀ ထုတ်ပေးကြောင်း၊ နေပြည်တော်ဘဏ်နှင့် ရခိုင်ပြည်နယ်ဘဏ်များတွင် ၁၀ သိန်းသာ ထုတ်ပေးပါကြောင်း၊ သို့ဖြစ်၍ အစိုးရဘဏ်မှ အစိုးရ၏လုပ်ငန်းများကို ဆောင်ရွက်နေသည့် ကုမ္ပဏီများအနေဖြင့် ရသင့်ရထိုက်သည့် ပိုက်ဆံကို အချိန်မီ မရရှိသည့်အတွက် ယခုဒေါ်လာဈေးမြင့်တက်လာသည့်အခါတွင် ၎င်းတို့အတွက် အများအပြား နစ်နာပါကြောင်း၊ ကုမ္ပဏီအချို့မှာ ရပ်ဆိုင်းမည့် အခြေအနေဖြစ်နေပါကြောင်း၊ ထိုကုမ္ပဏီများ ရပ်ဆိုင်းမည်ဆိုပါက ယင်းကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်နေသည့် ပညာတတ်လူငယ်များ၊ အခြေခံလူတန်းစားများအနေဖြင့် အလုပ်လက်မဲ့ဘဝကို ရောက်တော့မည်ဖြစ်ကြောင်း။

တစ်ဆက်စပ်တည်း ယခုဖြစ်ပျက်နေသည့် စီးပွားရေးကပ်ဆိုက်နေခြင်းနှင့် ဒလန်ဆိုပြီးစွပ်စွဲ၍ သတ်ဖြတ်နေကြသည့် ကိစ္စများ၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပေါ်နေခြင်းတို့ကြောင့် အလုပ်လက်မဲ့များ များပြားလာပါကြောင်း၊ ၎င်းတို့တွင် သုံးစွဲစရာငွေကြေးလည်း မရှိကြကြောင်း၊ သို့ဖြစ်၍ သုံးလခန့် ရေခွန်၊ မီးခွန်များကို ကင်းလွတ်ခွင့်ပေးပြီး အခြားမလိုအပ်သည့် စီမံကိန်းအချို့ကို လျှော့ချလိုက်မည်ဆိုပါက နိုင်ငံသူနိုင်ငံသားများ၏ ရင်ထဲတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဆိုတာ အမြဲရှိနေလိမ့်မည်ဟု မိမိအနေဖြင့် ထင်မြင်မိပါကြောင်း၊ ထိုသို့လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း၊ ယခုမဖြေနိုင်သေးပါကလည်း ဖြေနိုင်သည့်အချိန်တွင် သတင်းစာကတစ်ဆင့် ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဗဟိုဘဏ်အနေဖြင့် လူပုဂ္ဂိုလ် တစ်ဦးချင်းအတွက် တစ်ပတ်လျှင် အများဆုံး ငွေကျပ်သိန်း ၂၀၊ ကုမ္ပဏီ အဖွဲ့အစည်းများကို တစ်ပတ်လျှင် အများဆုံး ငွေကျပ်သိန်း ၂၀၀ ထုတ်ပေးရန် မတ်လ ၁ ရက်နေ့က ညွှန်ကြားထားခဲ့ကြောင်း၊ အဆိုပါညွှန်ကြားချက်အထဲတွင် လုပ်ခလစာကိစ္စ၊ ပင်စင်ကိစ္စ၊ လူမှုရေးအကျိုးခံစားခွင့်များကို ကန့်သတ်ထားခြင်းမရှိကြောင်း၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန်အတွက်လည်း ဗဟိုကော်မတီမှတစ်ဆင့် တင်ပြလာသည့် စက်ရုံ၊ အလုပ်ရုံများ၏ဝန်ထမ်းလစာနှင့် ကုန်ကြမ်းပစ္စည်း ဝယ်ယူရေး ဆောင်ရွက်ရာတွင် အဆင်ပြေစေရန် ဘဏ်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း Digital Payment နှင့် ပိုမိုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကထုတ်သည့် အတိုင်းအတာပမာဏများ၊ ကုမ္ပဏီများမှ ကုန်သွယ်မှု၊ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန်နှင့် စက်ရုံ၊ အလုပ်ရုံဝန်ထမ်းလစာများ၊ ကုန်ကြမ်းပစ္စည်းများနှင့် ပတ်သက်၍ ငွေထုတ်ယူရာတွင် အဆင်ပြေစေရန် ဘဏ်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင်မပြေမှုများရှိပါက ဗဟိုဘဏ်နှင့် တိုက်ရိုက်ဆက်သွယ်တိုင်ကြားနိုင်သည်ဟု ပြောလိုပါကြောင်း၊ မီတာခကိစ္စကိုတော့ မိမိအနေဖြင့် ယခုအချိန်တွင် ပြော၍မရသေးပါကြောင်း၊ အဆိုပါကိစ္စကို မိမိအနေဖြင့် အထက်လူကြီးအား ပြန်၍ သတင်းပို့တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က မိမိမေးလိုသည့် မေးခွန်းသည် မြန်မာနိုင်ငံသူနိုင်ငံသားများနှင့် ကမ္ဘာ့နိုင်ငံသားများကပါ စောင့်ကြည့်နေသည့် ကုလသမဂ္ဂ မြန်မာနိုင်ငံထိုင်ခုံနေရာတွင် လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို အသိအမှတ်ပြုရေး/ မပြုရေး၊ နိုင်ငံတကာအဖွဲ့အစည်းတွေကပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အိမ်စောင့်အစိုးရကို အသိအမှတ်ပြုရေး/ မပြုရေးနှင့် ပတ်သက်ပြီး နိုင်ငံတကာနှင့် ပြည်တွင်းတွင် စိတ်ဝင်စားမှုအပေါ် လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အိမ်စောင့်အစိုးရအနေဖြင့် အသိပေးလိုသည်များ၊ ပြောကြားလိုခြင်းများရှိပါက သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပထမဦးဆုံး နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများနှင့်ပတ်သက်ပြီး ပြောလိုပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံလည်း ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံသည် ကုလသမဂ္ဂကို "United Nation"၊ အာဆီယံကို "Association Of South East Asian Nations" ဟု ခေါ်ခြင်းဖြစ်ကြောင်း၊ သတိထားရမည်မှာ Nation များဖြစ်ကြောင်း၊ United Government များ မဟုတ်ကြောင်း၊ Association မှာလည်း Government Association မဟုတ်ပါကြောင်း၊ Nation များ ဖြစ်ပါကြောင်း၊ UN နှင့် ASEAN သည် နိုင်ငံများ၏ အစုအဖွဲ့များ ဖြစ်ကြောင်း၊ အစိုးရများအစုအဖွဲ့ မဟုတ်ပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်၊ အာဆီယံအဖွဲ့ဝင်များသည် နိုင်ငံများသာဖြစ်ကြောင်း၊ အဖွဲ့ဝင်များသည် အစိုးရမဟုတ်ပါကြောင်း၊ ငြိမ်းချမ်းရေးကို မြတ်နိုးသည့် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ဝတ္တရားများအတိုင်း လက်ခံပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်၍ နိုင်ငံတော်နှင့်တွဲလျက်ရှိပြီး အစိုးရဆိုသည်မှာ နိုင်ငံတော်၏ကိုယ်စား ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါဝတ္တရားများကို ဆောင်ရွက်နိုင်ရန် ကိုယ်စားပြု ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အစိုးရဘယ်လိုပြောင်းပြောင်း အချုပ်အခြာအာဏာကို ပိုင်စိုးသည့်နိုင်ငံတော်က တည်ရှိမြဲ တည်ရှိနေမည်ဖြစ်ကြောင်း၊ အစိုးရမည်သို့ပြောင်းပြောင်း မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း၊ လက်ရှိ မြန်မာနိုင်ငံအစိုးရသည် ရွေးကောက်ပွဲမဲမသမာမှု ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ရယူထားခြင်းကြောင့် ဥပဒေကြောင်းဆိုင်ရာအရ တရားဝင်မှုရှိသည့် တရားဝင်အစိုးရဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို ကိုယ်စားပြုပြီး ကုလသမဂ္ဂနှင့် အာဆီယံကို ပါဝင်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ၎င်းသည် မိမိတို့အစိုးရ၏ သဘောထားဖြစ်ပါကြောင်း၊ အာဆီယံသဘောတူညီချက် ၅ ချက်နှင့်ပတ်သက်ပြီး ပြောလိုပါကြောင်း၊ အာဆီယံသဘောတူညီချက် ၅ ချက်၏ ပထမအချက်အနေဖြင့် ပြင်းထန်သည့် လုပ်ဆောင်မှု၊ အကြမ်းဖက်သူများကို ချက်ချင်းရပ်တန့်ပြီး အခြေအနေများကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရန်၊ ဆူပူဆန္ဒပြမှုများဖြစ်ခဲ့လျှင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အနည်းဆုံး အင်အားဖြင့် အခြေအနေများကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ယခုထိ အဆိုပါအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံသဘောတူညီချက် ၅ ရပ်ထွက်လာပြီး ဧပြီလနောက်ပိုင်းတွင် ဆန္ဒပြမှုများ၊ ဆူပူမှုများ လျော့ကျသွားခြင်းကြောင့် ထိန်းသိမ်းမှုနှင့် အင်အားလျှော့ချမှုများရှိပါကြောင်း၊ သို့သော် လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်မှုများ၊ သတ်ဖြတ်မှုများ၊ ဗုံးခွဲအကြမ်းဖက်တိုက်ခိုက်မှုများကို ရပ်ရွာတိုင်းတွင် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားအောင် NUG အကြမ်းဖက်အဖွဲ့က ဦးဆောင်ပြီး လုပ်ဆောင်လျက်ရှိပါကြောင်း၊ ယခုလ ၇ ရက်နေ့နောက်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရန် အကြမ်းဖက်အဖွဲ့များက လှုံ့ဆော်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိပါကြောင်း၊ အာဆီယံ၏ လူသားချင်းစာနာမှု အကူအညီပေးရေး အချို့ကိစ္စ အကူအညီများ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အကူအညီများကို သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ် မြန်မာနိုင်ငံကို သွားရောက်ခွင့်ပေးရန်နှင့်ပတ်သက်ပြီး အထူးကိုယ်စားလှယ်လာရောက်လိုမှုကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုထားပြီးဖြစ်ပါကြောင်း၊ ခရီးစဉ်အသေးစိတ်ကို နှစ်ဖက်ညှိနှိုင်းလျက်ရှိကြောင်း၊ အနှစ်ချုပ်ပြောရလျှင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံသဘောတူညီချက် ၅ ချက်ကို မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို မထိခိုက်စေဘဲ ပြည်တွင်းတည်ဆဲဥပဒေနှင့်အညီ တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

> ○ **ပြည်သူလူထုအနေဖြင့်လည်း Digital Payment နှင့် ပိုမိုဆောင်ရွက်ကြရန် လိုအပ်၊ ပုဂ္ဂလိကထုတ်သည့် အတိုင်းအတာပမာဏများ၊ ကုမ္ပဏီများမှ ကုန်သွယ်မှု၊ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန်နှင့် စက်ရုံ၊ အလုပ်ရုံဝန်ထမ်းလစာများ၊ ကုန်ကြမ်းပစ္စည်းများနှင့်ပတ်သက်၍ ငွေထုတ်ယူရာတွင် အဆင်ပြေစေရန် ဘဏ်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိ၊ အဆင်မပြေမှုများရှိပါက ဗဟိုဘဏ်နှင့် တိုက်ရိုက်ဆက်သွယ်တိုင်ကြားနိုင်**

# ရေလွှမ်းခဲ့သောမိုးစပါးစိုက်ခင်းများ ပြန်လည်ပြုပြင်ရန်နည်းလမ်းများကို အွန်လိုင်းမှ ပညာပေးဆွေးနွေး

**ခင်ဦး အောက်တိုဘာ ၃**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုဒဏ်ခံခဲ့ရသော မိုးစပါးစိုက်ကေများကို ပြန်လည်ပြုပြင်ရန် နည်းလမ်းများကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အောက်တိုဘာ ၁ ရက်က အွန်လိုင်းမှတစ်ဆင့် ပညာပေး ဆွေးနွေးသည်။



ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးရွာသွန်းမှုမှာ စက်တင်ဘာလအထိ မိုးရွာရက် ၅၃ ရက်ရှိပြီး မိုးရေချိန်မှာလည်း ၃၅ ဒသမ ၂၄ လက်မရှိသည့်အတွက် ယခင်နှစ်ထက် ပျမ်းမျှမိုးရေချိန် ပိုများပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၄ စုမှ မိုးစပါးစိုက်ကေပေါင်း ၁၃၁၇၆ ဧက ရေလွှမ်းမှုဒဏ်ခံခဲ့ရသည်။ အဆိုပါ မိုးစပါးစိုက်ကေများ ရေလွှမ်းမှုဒဏ်ခံခဲ့ရခြင်းကို ပြန်လည်ပြုပြင်ရန် နည်းလမ်းများဖြစ်သည့် စပါးပင် ပုံမှန်ပြန်လည်အလုပ်လုပ်နိုင်ရန် ဟော်မုန်းဆေး (ဥပမာ-Tozin၊ လစ်တောနစ်)တို့ကို အရင်ဖျန်းပေးခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို ၁:၃ မှ ၁:၅ အထိ ရောစပ်ကြဲပက်ခြင်း၊ ယူရီးယားဓာတ်မြေဩဇာကို ရွက်ဖျန်းမြေဩဇာအဖြစ် ဆေးဖျန်းပုံးတစ်ပုံးလျှင် လေးဇွန်းမှ ၁၆ ဇွန်းအထိ ထည့်သွင်းပက်ဖျန်းခြင်း၊ NPK ရွက်ဖျန်းမြေဩဇာဖျန်းပေးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးလျက်ရှိသည့် ငါးအမိုင်နို သဘာဝရွက်ဖျန်းအားဆေးကို အပင်ပြန်လည် ကြီးထွားရန် ကိုယ်တိုင် ပြုလုပ်သုံးစွဲခြင်း၊ ငါးအမိုင်နိုပြုလုပ်သည့်အခါ လိုအပ်သည့် EM ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတွင် လာရောက်ဆက်သွယ် ရယူနိုင်ကြောင်း စသည့်နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အိမွန်ကျော်က ဒေသခံတောင်သူများ သိရှိစေရန် အွန်လိုင်းမှတစ်ဆင့် ပညာပေးဆွေးနွေးခြင်း ဖြစ်သည်။

**စိုးဝေအောင်(ခင်ဦး)**



ဖိလစ်ပိုင်သမ္မတ ဒူတာတေး။

# ဖိလစ်ပိုင်သမ္မတ ဒူတာတေး နိုင်ငံရေးလောကမှ အနားယူတော့မည်

**မနီလာ အောက်တိုဘာ ၃**

ဖိလစ်ပိုင်နိုင်ငံတွင် လာမည့်သမ္မတရွေးကောက်ပွဲ၌ ဒုတိယသမ္မတနေရာအတွက် ပါဝင်ယှဉ်ပြိုင်တော့မည်မဟုတ်သည့်အပြင် နိုင်ငံရေးမှပါ အနားယူတော့မည်ဟု ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ပြောသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတအနေဖြင့် သက်တမ်းကုန်ဆုံးပြီးနောက် နောက်တစ်ကြိမ် ရွေးကောက်ပွဲဝင်ရန် တားမြစ်ထားရာ ဒူတာတေးသည် ယခင်က ဒုတိယသမ္မတနေရာအတွက် ပါဝင်ယှဉ်ပြိုင်ရန် ဆန္ဒရှိသည်ဟု ဖော်ပြခဲ့သည်။ သို့သော်လည်း အောက်တိုဘာ ၂ ရက်တွင် ၎င်း၏ ဆုံးဖြတ်ချက်ကိုပြင်ဆင်ခဲ့သည်။

မေလတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်းကို အောက်တိုဘာ ၁ ရက်တွင်စတင်ခဲ့သည်။ လက်ဝှေ့သမားအဖြစ်မှ မကြာသေးမီကမှ အနားယူခဲ့သော မန်နီပတ်ကီအိုသည်လည်း ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု လျှောက်ထားခဲ့သည်။ သမ္မတ ဒူတာတေး၏ အကြီးဆုံးသမီးဖြစ်သူ ဒါဗိုမြို့တော်ဝန် ဆာရာ ဒူတာတေးကိုလည်း ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု ယူဆဖွယ်ရှိသည်။

ဒူတာတေးသည် ၎င်း၏ဆုံးဖြတ်ချက်ကို ပြင်ဆင်လိုက်ခြင်းမှာ ဆာရာ ရွေးကောက်ပွဲဝင်မည့်အရေးကို ကူညီထောက်ပံ့မှုပေးရန်အတွက် ဖြစ်နိုင်သည်ဟုလည်း အချို့သော ကျွမ်းကျင်သူများနှင့် ဒေသတွင်း မီဒီယာများတွင်ဖော်ပြကြသည်။ **အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၄၁၄ ဦး ထပ်မံတွေ့ရှိပြီး သေဆုံးသူ ၈၉ ဦးရှိ

**ဂျကာတာ အောက်တိုဘာ ၃**

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၄၁၄ ဦး တိုးလာပြီးနောက် စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၄၂၁၈၁၄၂ ဦးအထိ ရှိလာခဲ့သည်။ သေဆုံးသူအရေအတွက်မှာလည်း နောက်ထပ် ၈၉ ဦးတိုးလာခဲ့ရာ စုစုပေါင်း ၁၄၂၁၁၅ ဦး ရှိလာသည်ဟု ကျန်းမာရေး ဝန်ကြီးဌာနက စက်တင်ဘာ ၂ ရက်တွင် ပြောသည်။

ဝန်ကြီးဌာန၏ပြောကြားချက်အရ ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၂၃၈၀ တိုးလာသည့်အတွက် အရှေ့တောင်အာရှ နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် ပြန်လည်ကျန်းမာလာသူ ဦးရေမှာ ၄၀၄၂၂၁၅ ဦး ရှိလာသည်။ ယခုအချိန်အထိ အင်ဒိုနီးရှား နိုင်ငံတွင် လူပေါင်း ၅၂ ဒသမ ၅၈ သန်းကို ကာကွယ်ဆေးနှစ်ကြိမ် ထိုးပေးနိုင်ခဲ့ပြီး ပထမတစ်ကြိမ် ကာကွယ်ဆေးထိုးပေးသည့် အရေအတွက်မှာ ၉၃ ဒသမ ၅၁ သန်းရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ အင်ဒိုနီးရှားနိုင်ငံသည် လူပေါင်း ၂၀၈ ဒသမ ၂၆ သန်းကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးရန် ရည်မှန်းထားသည်။

**ဆင်ဟွာ**

## ကိုဗစ် -၁၉ အသွားအလာကန့်သတ်မှုအစား စနစ်ကျသည့် ကန့်သတ်မှုများအစားထိုးမည်ဟု အီရန်သမ္မတပြော

**တီဟီရန် အောက်တိုဘာ ၃**

အီရန်နိုင်ငံ၌ ကိုဗစ်– ၁၉ ကူးစက်မှုများကြောင့် အသွားအလာ ကန့်သတ်မှုများနှင့် ပိတ်ဆို့ကန့်သတ်မှုများ အစား စနစ်ကျနသည့် ကန့်သတ်မှုများကို တဖြည်းဖြည်းချင်း အစားထိုးသွားမည်ဟု အီရန်သမ္မတ အီဘရာဟင်ရိုင်စီက အောက်တိုဘာ ၂ ရက်တွင် ပြောသည်။

အီရန်သမ္မတသည် အမျိုးသား ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးရေး အစည်းအဝေးတွင် ပြောကြားခဲ့ပြီး အသက် ၁၂ နှစ်နှင့်အထက် ကလေးများကို ကာကွယ်ဆေး ထိုးပေးရန် ပညာရေးဌာနနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ကြရန် တောင်းဆိုခဲ့သည်။ ကိုဗစ် – ၁၉ တိုက်ဖျက်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းမှု အသိ ကင်းမဲ့ခြင်းသည် အလွန် အန္တရာယ်ကြီးကြောင်းနှင့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို တင်းတင်းကျပ်ကျပ် ချမှတ်သင့်ကြောင်း ၎င်းက ပြောသည်။

ကာကွယ်ဆေးထိုးခြင်းဖြင့် လူများအတွက် အလုံးစုံ စိတ်ချသွားရသည်ဆိုသည့် အတွေးမှာ မှားယွင်းသည့် အယူအဆဖြစ်ကြောင်း ၎င်းက ပြောသည်။ အောက်တိုဘာ ၁ ရက်အထိ အီရန်နိုင်ငံ၌ စုစုပေါင်း ကူးစက်ခံရသူ ၅၆၀၁၅၆၅ ဦးရှိပြီး သေဆုံးသူ အရေအတွက်မှာလည်း ၁၂၀၆၆၃ ဦး ရှိသည်။ ပြီးခဲ့သည့် သီတင်းပတ်များမှစတင်ကာ အီရန်နိုင်ငံတွင် ကိုဗစ် – ၁၉ နောက်ထပ် ကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းမှာ ကျဆင်းလာခဲ့သည်။

**ဆင်ဟွာ**



တီဟီရန်မြို့ ဈေးတစ်ခုအတွင်း ပါးစပ်၊နှာခေါင်းစည်းဝတ်ဆင်ထားသည့် အီရန်အမျိုးသမီးများကို တွေ့ရစဉ်။

## အစ္စရေးနိုင်ငံခြားရေးဝန်ကြီး၏ ဘာရိန်းနိုင်ငံခရီးစဉ်ကို အီရန်ရှုတ်ချ

**တီဟီရန် အောက်တိုဘာ ၃**

အစ္စရေးနိုင်ငံခြားရေးဝန်ကြီး၏ ဘာရိန်းနိုင်ငံခရီးစဉ်ကို အီရန်နိုင်ငံခြားရေးဝန်ကြီး ဟိုစိန်အာမီယာ အဗ္ဗဒူလာဟင်က ရှုတ်ချပြောဆိုခဲ့သည်ဟု တက်စ်နင် သတင်းဌာနတွင် အောက်တိုဘာ ၂ ရက်က ဖော်ပြထားသည်။

အစ္စရေးနိုင်ငံခြားရေးဝန်ကြီး Yair Lapid ကို ဘာရိန်းနိုင်ငံအစိုးရက ကြိုဆိုခဲ့ခြင်းမှာ ပါလက်စတိုင်းပြည်သူများ၏ အရေးကို ဖိနှိပ်ခြင်းနှင့် အရှက်ရဖွယ် သစ္စာဖောက်ခြင်းပင်ဖြစ်သည်ဟု အောက်တိုဘာ ၁ ရက်တွင်၎င်းက ပြောကြားခဲ့သည်။

ဒေသတွင်း အစ္စရေးနိုင်ငံ တည်ရှိမှုမှာ ရလဒ်အနေဖြင့် ဘာရိန်းနိုင်ငံနှင့် ဒေသတစ်ခုလုံးအတွက် လုံခြုံစိတ်ချရမှုမရှိခြင်း ဖြစ်ပေါ်လာမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

စက်တင်ဘာ ၃၀ ရက်တွင် ဘာရိန်းနိုင်ငံမြို့တော် မနာမာတွင် အစ္စရေးသံရုံးဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ရာ အစ္စရေးနိုင်ငံခြားရေးဝန်ကြီး Yair Lapid နှင့် ဘာရိန်းနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာ တစ်ဖ်ဘင်ရာရှစ်ဒ်အယ်ဇာယာနီတို့ ပူးတွဲဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အာဖရိက၌ ကိုဗစ် – ၁၉ ကူးစက်မှုမှာ ၈ ဒသမ ၃၂ သန်းကျော်လွန်လာ

**အဒစ္စအာဘာဘာ အောက်တိုဘာ ၃**

အာဖရိက၌ ကိုဗစ် – ၁၉ ကူးစက်မှုများမှာ အောက်တိုဘာ ၂ ရက်တွင် ၈၃၂၆၉၂၅ ဦးရှိလာသည်ဟု အာဖရိက ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာက ပြောသည်။

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာသည် အာဖရိကသမဂ္ဂ၏ အထူးကျန်းမာရေးစောင့်ရှောက်မှု အေဂျင်စီဖြစ်ပြီး အာဖရိကတိုက်တွင် ကိုဗစ်–၁၉ ကြောင့် သေဆုံးမှုနှုန်းမှာလည်း ၂၁၁၈၄၂ ဦးရှိသည်ဟု အဆိုပါအေဂျင်စီက ပြောသည်။

အာဖရိကတိုက် တစ်လွှား ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၇၆၆၄၈၈၆ ဦးရှိပြီဖြစ်သည်။ တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုပီးယားနိုင်ငံတို့မှာ အာဖရိကတိုက်တွင် ကိုဗစ်– ၁၉ ကူးစက်မှုမြင့်မားသည့် နိုင်ငံများဖြစ်ကြသည်။

ရေတွက်မှုများအရ တောင်အာဖရိကမှာ ကူးစက်မှုအများဆုံး ဒေသဖြစ်ပြီး ၎င်းနောက်တွင် မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့တွင် ကူးစက်မှုများပြားသည်ဟု အာဖရိက ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာအရ သိရသည်။

**ဆင်ဟွာ**



ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ရှိ ဆေးရုံတစ်ရုံတွင် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

# အီသီယိုပီးယားနိုင်ငံ တီဂရေးဒေသတွင် ငတ်မွတ်ခေါင်းပါးမည့်အရေးရင်ဆိုင်ရမည့်လက္ခဏာများကြုံတွေ့

နှင်းမိုးအိမ်

**အီသီယိုပီးယားနိုင်ငံတွင် ကုလသမဂ္ဂအဆင့်မြင့်အရာရှိကြီး ခုနစ်ဦးကို နိုင်ငံအတွင်းမှ နှင်ထုတ်ရန်အတွက် စက်တင်ဘာ ၃၀ ရက်တွင် အမိန့်ထုတ်ခဲ့သည်။ တိုက်ပွဲများဖြစ်ပွားနေသည့် တီဂရေးဒေသတွင် ပိတ်ဆို့ထားမှုများကို အဆုံးသတ်ပေးရန် ဖိအားများ မြင့်တက်လျက်ရှိသည်။ ထို့ပြင် တီဂရေးဒေသ၌ ငတ်မွတ်ခေါင်းပါးမည့်ဘေးအန္တရာယ် ကြုံတွေ့ရတော့မည့်အရိပ်အယောင်များနှင့် တွေ့နေရသည်ဟုလည်း အကူအညီပေးရေး အေဂျင်စီများက ပြောသည်။**



တီဂရေးဒေသ၌ စားသောက်ကုန်ခွဲဝေရာတွင် အချင်းများနေသည့် အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

### တိုင်းပြည်အတွင်းမှနှင်ထုတ်

နှင်ထုတ်ခံရသည့်ကုလသမဂ္ဂအရာရှိကြီးများမှာ အီသီယိုပီးယားနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် ကြားဝင်စွက်ဖက်ခဲ့သည်ဟု စွပ်စွဲခဲ့ပြီး ၎င်းတို့ကို တိုင်းပြည်အတွင်းမှ ထွက်သွားရန် ၇၂ နာရီ အချိန်ပေးခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည် ။ နှင်ထုတ်ခံရသည့် အရာရှိကြီးများထဲတွင် အီသီယိုပီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးမှ အကြီးအကဲ ပါဝင်သည်။

### ပြန်လည်ကုစားနိုင်

ကုလသမဂ္ဂအကူအညီပေးရေးအကြီးအကဲဖြစ်သူ မာတင်ဂရစ်ဖစ်က တီဂရေးဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ဆိုးရွားလာသည့်အပေါ် အီသီယိုပီးယားအစိုးရကို အပြစ်တင်ပြောကြားခဲ့ပြီး အဆိုပါဒေသသို့ စားနပ်ရိက္ခာများ ပေးပို့နိုင်မှုစတင်ရန် တိုက်တွန်းခဲ့ပြီးနောက် နှစ်ရက်အကြာတွင် နှင်ထုတ်သည့်အမိန့် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ယခုဖြစ်ပေါ်နေသည့်အခြေအနေများမှာ လူသားများ၏လုပ်ရပ်ကြောင့် ဖြစ်ပေါ်လာရသည့် ဘေးဒုက္ခဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ပြန်လည်ကုစားနိုင်ကြောင်း ယခုသီတင်းပတ်အတွင်း အင်တာဗျူးတစ်ခုတွင် မာတင်က ဖြေကြားခဲ့သည်။

### ပဋိပက္ခများစတင်

ပြီးခဲ့သည့် သုံးလတာကာလအတွင်း တီဂရေးဒေသတွင် လိုအပ်နေသည့်အကူအညီများ၏ ၁၀ ရာခိုင်နှုန်းကိုသာ ပေးပို့နိုင်ခဲ့သည်ဟုလည်း ၎င်းက ဆက်ပြောသည်။ အစားအသောက်များ ပြတ်လပ်ခြင်းဆိုသည်မှာ လူများ စတင်သေဆုံးတော့မည့်အဓိပ္ပာယ်ပင်ဖြစ်သည်ဟု သီးသန့်အင်တာဗျူးတွင် ၎င်းက ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။

အီသီယိုပီးယားနိုင်ငံမြောက်ပိုင်း တီဂရေးဒေသ ပဋိပက္ခများ ဖြစ်ပွားခဲ့သည်မှာ အချိန်တစ်နှစ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်ပြီး ဝန်ကြီးချုပ် အဘီအာမက်က တီဂရေးပြည်သူ့လွတ်မြောက်ရေးတပ်ဦးကို ထိုးစစ်ဆင်နွှဲခဲ့ပြီးနောက် ပဋိပက္ခများ စတင်ခဲ့သည်။

### ငတ်မွတ်ခေါင်းပါးမည့်ဘေးအန္တရာယ်နှင့်ကြုံတွေ့ရ

စစ်ပွဲများကြောင့် အကြမ်းဖျင်းအားဖြင့် လူပေါင်း နှစ်သန်းနေရာရွှေ့ပြောင်းခဲ့ရပြီး ရာနှင့်ထောင်နှင့်ချီသည့်လူများမှာ ငတ်မွတ်ခေါင်းပါးမည့်ဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသည်။ စက်တင်ဘာ ၃၀ ရက်တွင် အီသီယိုပီးယားနိုင်ငံအတွင်းမှ ကုလသမဂ္ဂအဖွဲ့အစည်းခေါင်းဆောင်များကို နှင်ထုတ်ခဲ့သည့်အတွက် အီသီယိုပီးယားအစိုးရ၏ လုပ်ရပ်ကို အမေရိကန်က ရှုတ်ချကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျန်ပစာကီက ပြောသည်။ အမှန်တကယ် အကူအညီလိုအပ်သူများထံ အစားအသောက်၊ ဆေးဝါးနှင့် အခြားသောအသက်ကယ်ပစ္စည်းများ ပေးပို့နိုင်ခြင်း မရှိမည်ကိုလည်း စိုးရိမ်မိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

### လက်ခံနိုင်ဖွယ်မရှိ

အီသီယိုပီးယားနိုင်ငံ မြောက်ပိုင်းတွင် ပဋိပက္ခ ကာလရှည်ကြာဖြစ်ပွားစေသည့်အတွက် ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့မှုများ ပြုလုပ်ရန်အတွက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြင်ဆင်လျက်ရှိကြောင်းလည်း ၎င်းက ဆက်ပြောသည်။ အီသီယိုပီးယားနိုင်ငံအတွင်း အသက်ရှင်ရပ်တည်ရေးအတွက် အမှန်တကယ် အကူအညီလိုအပ်နေသူများထံ အကူအညီများ ပိတ်ဆို့ထားခြင်းမှာ လက်ခံနိုင်ဖွယ်ရာ မရှိကြောင်းနှင့် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ချက်ချင်းအရေးယူဆောင်ရွက်မှု ပြုလုပ်ရန်အတွက်လည်း တောင်းဆိုကြောင်း ၎င်းက ပြောကြားခဲ့သည်။

### အံ့အားသင့်မိ

စက်တင်ဘာ ၃၀ ရက်က အပြုအမူများကိုကြည့်လျှင် အီသီယိုပီးယားသည် အပြည်ပြည်ဆိုင်ရာ၏ဖိအားများ ဒဏ်မှ နောက်ဆုတ်မည့်ဟန်မပြဟုလည်း အပြည်ပြည်ဆိုင်ရာပဋိပက္ခအုပ်စုမှ အီသီယိုပီးယားနိုင်ငံဆိုင်ရာ သုတေသီ ဝီလီယံဒေးဗစ်ဆင်က ပြောသည်။ အီသီယိုပီးယားနိုင်ငံ၏ ဆုံးဖြတ်ချက်ကို အံ့အားသင့်မှင်တက်မိကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောသည်။

### ဝေဖန်မှုများပိုမိုပြုလုပ်လာ

အီသီယိုပီးယားနိုင်ငံတွင် ကုလသမဂ္ဂသည် အသက်ကယ်ပစ္စည်းများ၊ အစားအသောက်၊ ဆေးဝါးနှင့် ရေတို့ကို ဖြန့်ဝေပေးခဲ့သည်။ အီသီယိုပီးယားနိုင်ငံတွင် နေထိုင်နေကြသည့် ကုလသမဂ္ဂဝန်ထမ်းများမှာ အဆိုပါ အလုပ်များကိုသာ လုပ်ကိုင်နေသည်ဟု ယုံကြည်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောသည်။ အောက်တိုဘာ ၁ ရက်တွင် ဝေဖန်မှုများ ပြုလုပ်လာသည့် ကုလသမဂ္ဂအရာရှိများ ပိုမိုများပြားလာခဲ့သည်။

### ရှားပါးသည့်ဖြစ်စဉ်ဖြစ်

အေဂျင်စီသုံးခုမှ လူခုနစ်ဦး နှင်ထုတ်ခံရခြင်းမှာ ရှားပါးသည့်ဖြစ်စဉ်ဖြစ်သည်ဟုလည်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ရူပတ် ကိုဗီလီက ပြောသည်။ အီသီယိုပီးယားနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ ဆက်လက်ပြုလုပ်နိုင်ရေးမှာ အရေးကြီးသည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား - ဝါရှင်တန်ပို့စ်**

> ❍ ပြီးခဲ့သည့် သုံးလတာကာလအတွင်း တီဂရေးဒေသတွင် လိုအပ်နေသည့်အကူအညီများ၏ ၁၀ ရာခိုင်နှုန်းကိုသာ ပေးပို့နိုင်ခဲ့သည်ဟုလည်း ၎င်းက ဆက်ပြောသည်။ အစားအသောက်များ ပြတ်လပ်ခြင်းဆိုသည်မှာ လူများ စတင်သေဆုံးတော့မည့် အဓိပ္ပာယ်ပင်ဖြစ်သည်ဟု သီးသန့်အင်တာဗျူးတွင် ၎င်းက ယခုလို ပြောကြားခဲ့ခြင်းဖြစ်

# အောက်တိုဘာ ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၉၄ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၄၈ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၇၈၈၃ ဦးရှိ

(၃-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက် လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထု အနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၃၉၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၁၉၄)ဦးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၃၇၆,၀၁၇)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၆၈,၄၆၃)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၄၉၀)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၂၂,၇၅၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄၈)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၈၈၃)ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂-၁၀-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၈,၃၉၀,၇၄၆)ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၃,၈၇၂,၉၅၆)ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၅၁၇,၇၉၀)ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂-၁၀-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၁၂,၂၆၃,၇၀၂) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၃-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၅၀)ခု | (၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၂)ခု | (၁၀)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၅၃)ခု | (၁၂)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၀)ခု | (၃၇)ဦး |
| စစ်တွေမြို့၊ အမှတ်(၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၃)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၇၃)ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၅)ခု | (၇၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၆၄၄)ခု | (၁,၀၄၁) ဦး |
| စုစုပေါင်း | (၁၄,၃၉၀)ခု | (၁,၁၉၄) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ

(၂-၁၀-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၄,၅၁၇,၇၉၀) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၃,၈၇၂,၉၅၆) ဦး |
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေနှင့် (၂)ကြိမ်အပြည့်ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၈,၃၉၀,၇၄၆) ဦး |
| စုစုပေါင်းထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၁၂,၂၆၃,၇၀၂) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၃-၁၀ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၄၄၉၀၈၉၇ | ၃၃၉၁၇၉၅၉ | ၇၁၉၆၇၄ |
| ၂။ | အိန္ဒိယ | ၃၃၈၁၃၉၀၃ | ၃၃၀၉၄၅၂၉ | ၄၄၈၈၄၆ |
| ၃။ | ဘရာဇီး | ၂၁၄၅၉၁၁၇ | ၂၀၄၃၆၁၂၇ | ၅၉၇၇၄၉ |
| ၄။ | ဗြိတိန် | ၇၈၇၁၀၁၄ | ၆၃၈၇၂၆၇ | ၁၃၆၉၁၀ |
| ၅။ | ရုရှား | ၇၅၈၆၅၃၆ | ၆၇၂၅၉၆၅ | ၂၀၉၉၁၈ |
| ၆။ | တူရကီ | ၇၂၁၀၉၁၆ | ၆၆၆၄၂၄၂ | ၆၄၄၆၇ |
| ၇။ | ပြင်သစ် | ၇၀၂၃၃၁၆ | ၆၇၈၈၂၈၂ | ၁၁၆၇၈၉ |
| ၈။ | အီရန် | ၅၆၂၄၁၂၈ | ၅၀၉၅၆၂၇ | ၁၂၁၁၀၉ |
| ၉။ | အာဂျင်တီးနား | ၅၂၅၉၃၅၂ | ၅၁၂၁၆၆၇ | ၁၁၅၂၃၉ |
| ၁၀။ | စပိန် | ၄၉၆၁၁၂၈ | ၄၇၅၅၇၃၈ | ၈၆၄၆၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၃- ၁၀ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၁၉၂၈၄ | ၄၀၄၄၂၃၅ | ၁၄၂၁၇၃ |
| ဖိလစ်ပိုင် | ၂၅၈၀၁၇၃ | ၂၃၉၇၄၅၆ | ၃၈၆၅၆ |
| မလေးရှား | ၂၂၆၈၄၉၉ | ၂၀၈၆၁၁၁ | ၂၆၅၆၅ |
| ထိုင်း | ၁၆၃၇၄၃၂ | ၁၅၀၈၁၆၇ | ၁၇၀၁၄ |
| ဗီယက်နမ် | ၈၀၃၂၀၃ | ၆၆၄၉၃၈ | ၁၉၆၀၁ |
| မြန်မာ | ၄၆၈၄၆၃ | ၄၂၂၇၅၅ | ၁၇၈၈၃ |
| ကမ္ဘောဒီးယား | ၁၁၃၂၅၆ | ၁၀၄၄၀၈ | ၂၃၈၃ |
| စင်ကာပူ | ၁၀၁၇၈၆ | ၈၀၇၂၇ | ၁၀၇ |
| လာအို | ၂၅၂၁၇ | ၁၈၇၀၅ | ၂၂ |
| ဘရူနိုင်း | ၇၇၁၆ | ၅၃၂၅ | ၅၆ |

# ထားဝယ်ခရိုင် (၄) မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာသုံးစွဲနိုင်ရေး ကြည့်ရှုစစ်ဆေး

ထားဝယ် အောက်တိုဘာ ၃

**တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့နှင့်အတူ အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့နယ် ဖောင်းတောကြီး ကျေးရွာအုပ်စုရှိ ဖောင်းတောမီးစက်သို့ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



အဆိုပါ ဖောင်းတောမီးစက်သည် ဟိန္ဒားသတ္တုတွင်း လုပ်ငန်းခွင်သို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်နေသည့် မီးစက်ဖြစ်ပြီး ၁၉၃၆ ခုနှစ်တွင် စတင်တည်ဆောက်၍ ၁၉၃၉ ခုနှစ်တွင် စတင်လည်ပတ်ခဲ့သော ရေအားဖြင့် လည်ပတ်သည့် တာဘိုင် လျှပ်စစ်ဓာတ်အားထုတ်စက်ဖြစ်ပြီး တာဘိုင် သုံးလုံးရှိသည့်အနက် တစ်လုံးသာ လည်ပတ်လျက်ရှိသည်။

အဆိုပါ တာဘိုင် သုံးလုံးမှာ နှစ်ပေါင်း (၈၀) ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည့်အတွက် ယခုအခြေအနေတွင် စက်သုံးလုံး စွမ်းအားပြည့်လည်ပတ်နိုင်ပါက ၁ ဒသမ ၅ မဂ္ဂါဝပ်သာ ထွက်ရှိနိုင်ကြောင်း သိရှိရပြီး အဆိုပါမီးစက်ကို ပထမအဆင့် အဆင့်မြှင့်တင်ပြီးပါက လျှပ်စစ်ဓာတ်အား ၁၅ မဂ္ဂါဝပ်အထိ ထွက်ရှိနိုင်သည့်အတွက် ထားဝယ်ခရိုင် (၄) မြို့နယ်အတွင်း ဈေးနှုန်းချိုသာစွာဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာ သုံးစွဲနိုင်မည်ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖောင်းတောကြီးကျေးရွာသို့ ရောက်ရှိပြီး ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေး အဖွဲ့အစည်းများ ပူးပေါင်းအဖွဲ့က ကျေးရွာနေ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု အခြေအနေနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ထားဝယ်မြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းများ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ရွှေကျင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



နေပြည်တော် အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား အောက်တိုဘာ ၂ ရက် မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ (ဝဲပုံ)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



**တတ်နိုင်သမျှ**

**မိမိအိမ်တွင်သာ**

**နေပါ**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၃၆ ဦးနှင့် အမျိုးသမီး ၃၁ ဦး၊ စုစုပေါင်း ၆၇ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၄၈ ဦးနှင့် အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၅၆ ဦးကို လည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်မဲမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေး

**ကျောက်မဲ အောက်တိုဘာ ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချနေသည့် စက်သုံးဆီဆိုင် နှစ်ဆိုင်နှင့် ပုံမှန်ဖွင့်လှစ်နေသည့် အခြားဆိုင်များကို ယမန်နေ့က မြို့နယ်ဈေးကွက်စောင့်ကြည့်စစ်ဆေး ကြပ်မတ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ်ဈေးကွက်စောင့်ကြည့်စစ်ဆေးကြပ်မတ်ရေး အဖွဲ့ဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနနှင့် စက်သုံးဆီ လုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများက အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော ကျော်စံ (KS) နှင့် Regency စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမှု ရှိ/မရှိ၊ အခြင်အတွယ် မှန်ကန်မှုရှိ/မရှိ တို့ကိုလည်းကောင်း၊ အခြားဆီဆိုင် ငါးဆိုင်ကို စက်သုံးဆီ ပြတ်လပ်မှုရှိ/မရှိ နှင့် ရောင်းချနေသည့် ဈေးနှုန်းများကို စစ်ဆေးသည်။

ကျောက်မဲမြို့နယ်အတွင်းရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းနှစ်ဆိုင်အနေဖြင့် ဓာတ်ဆီ (92-RON) ၁ လီတာလျှင် ငွေကျပ် ၁၁၈၇ နှုန်း၊ ဒီဇယ်ဆီ ၁ လီတာလျှင် ငွေကျပ် ၁၁၇၇ နှုန်း၊ ပရီမီယမ် ဒီဇယ်ဆီ ၁ လီတာလျှင် ငွေကျပ် ၁၁၈၄ နှုန်းတို့ဖြင့် ရောင်းချပေးလျက်ရှိပြီး အခြား စက်သုံးဆီ အရောင်းဆိုင်များအနေဖြင့် ဒီဇယ် ၁ လီတာလျှင် ငွေကျပ် ၁၆၀၀၊ ပရီမီယမ် ဒီဇယ် ၁ လီတာလျှင် ငွေကျပ် ၁၆၂၀၊ အောက်တိန်း ၉၂ ၁ လီတာလျှင် ငွေကျပ် ၁၆၃၅နှင့် အောက်တိန်း ၉၅ ကို ၁ လီတာလျှင် ငွေကျပ် ၁၇၀၀ နှုန်းခန့်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

မိုင်းထွန်း(ပြန်/ဆက်)



**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

**နေပြည်တော် အောက်တိုဘာ ၃** – နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင် မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာနိုင်သည်။ **မိုး/ဇလ**

# ခေါင်လန်ဖူးဒေသနှင့် အထင်ကရနေရာများ ကိုဗစ်-၁၉ ကာလအလွန် ခရီးသွားကဏ္ဍမြင့်တက်လာရေး မဟာဗျူဟာစီမံကိန်းများ ကြိုတင်ရေးဆွဲ

**မြစ်ကြီးနား အောက်တိုဘာ ၃**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ၌ ဝိုင်းမော်မြို့နှင့် ကျေးရွာအုပ်စုအတွင်းရှိ ဟင်းသီးဟင်းရွက် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခြင်းနှင့် ပြည်နယ်၏ ခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းများကို အောက်တိုဘာ ၂ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ နံနက် ၈ နာရီတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် မြစ်ကြီးနားမြို့၊ ရေစင်ဈေး၊ မြို့မဈေးအမှတ် (၁) နှင့် အမှတ် (၂)တို့တွင် ဈေးရောင်း၊ ဈေးဝယ်များနှင့် လမ်းသွား/ လမ်းလာ ပြည်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မိုင်းနားကျေးရွာ၌ ဝိုင်းမော်မြို့နှင့် မိုင်းနားကျေးရွာ အုပ်စုအတွင်းရှိ ဟင်းသီးဟင်းရွက် စိုက်ပျိုးသူ တောင်သူများနှင့် တွေ့ဆုံပြီး တောင်သူများအနေဖြင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများ အသင်း တည်ထောင်ဖွဲ့စည်းပြီးဖြစ်သည့်အတွက်




မိမိတို့အစိုးရအဖွဲ့အနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် တောင်သူများ၏ အခက်အခဲ၊ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ပြီး အပြည့်အဝ ပံ့ပိုးကူညီပေးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်း အားပေးစကား ပြောကြားသည်။

ထို့နောက် တောင်သူများ၏ စိုက်ပျိုးရေး နည်းပညာ လိုအပ်ချက်၊ စိုက်ပျိုးရေလုံလောက်ဖူလုံစွာရရှိရေး၊ စိုက်စရိတ်ချေးငွေရရှိရေး၊ စိုက်ခင်းများ၌ လျှပ်စစ်မီးရရှိရေးနှင့် ကုန်ထုတ်လမ်းတံတားများ ဆောင်ရွက်ပေးရေး စသည့် လိုအပ်ချက်များနှင့် ပတ်သက်၍ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ အသင်းအတွက် မတည်ငွေကျပ်သိန်း ၂၀ ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလာရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ကချင်ပြည်နယ်၏ ခရီးသွားလာရေးလုပ်ငန်း မြှင့်တင်မှု ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်၏ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေး စီမံဆောင်ရွက်သွားမည့် အစီအစဉ်များ၊ အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းများ၊ ဒေသတွင်း ထူးခြားထင်ရှားသည့် ရောဝတီမြစ်ဆုံ၊ ရေခဲတောင် စသည့်အထင်ကရနေရာများကို ခရီးသွားလာသူများ စိတ်ဝင်စားမှုမြင့်တက်လာစေရေး၊ မီဒီယာများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပါရှိနိုင်ရေး၊ ရေခဲတောင်ခရီးစဉ်များဖြစ်သည့် ပူတာအိုဒေသ၊ ပန်ဝါဒေသ၊ ခေါင်လန်ဖူးဒေသခရီးစဉ်များအပါအဝင် အထင်ကရနေရာများကို ကိုဗစ်-၁၉ ကာလအလွန် ခရီးသွားကဏ္ဍမြင့်တက်လာစေရေး မဟာဗျူဟာစီမံကိန်းများအဖြစ် ကြိုတင်ရေးဆွဲထားရှိရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများ အဆက်မပြတ် ပို့ချပေးနိုင်ရေး၊ ဟိုတယ်များတွင် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး၊ စုစုပေါင်း လေးဦးတို့ကို လက်ခံခဲ့ကြသည်။



ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီး ဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်အိုးခွံ၊ အိမ်သုံး အောက်ဆီဂျင်စက်နှင့် အခြား ဆက်စပ်ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် အခြားဆက်စပ်ဌာနများနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်နှင့် မြဝတီ ကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ ယာဉ်စီးရေ သုံးစီး၊



အောက်ဆီဂျင်(အရည်) Bowser ယာဉ် တစ်စီးဖြင့် ၁၉ ဒသမ ၉၇ တန်နှင့် နှာခေါင်းစည်း (Mask) ခုနစ်တန် တင်သွင်းခဲ့ပြီး အောက်ဆီဂျင် (အရည်) Bowser ယာဉ် တစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ကြောင်းသိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက် ရှိပါကြောင်းနှင့် တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထား ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃**

တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် အမှတ် (၅) ရပ်ကွက်ရှိ ပင်မဗုဒ္ဓဝါဒီစာသင်တိုက်နှင့် မှော်ဘီမြို့နယ် ရေသိုးကျေးရွာရှိ ရေကြည်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီး၊ ဆရာလေးများအပါအဝင် ချမ်းအေးသာစံမြို့နယ်၊ လယ်ပိုင်းကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြင်ဦးလွင်ခရိုင်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်သန်းသည် စဉ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးနေလင်းနှင့်အတူ အောက်တိုဘာ ၂ ရက်က စဉ့်ကူးမြို့နယ်၊ ရွှေဂုန်တိုင် ကျေးရွာအုပ်စုအတွင်းရှိ အင်းမကြီးအင်းမဆည် (သီးသန့်အင်း) အတွင်း တရားမဝင် ငါးဖမ်းဆီးနေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရေလုပ်သားများအား သီးသန့်အင်းအဖြစ် သတ်မှတ်ထားမှုနှင့်ပတ်သက်၍ ငါးများရှင်သန်ပေါက်ပွားရာ နေရာဖြစ်ခြင်းကြောင့် ငါးသယံဇာတ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရေးအတွက် ဌာနမှ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် အဖွဲ့သည် ပတ်လည်သရဖို၊ အရှေ့ဘက်မြောက်ချောင်၊ တောင်ချောင်အင်းလျားအင်းတို့၏ ငါးဖမ်းဆီးလုပ်ကိုင်ရန် ငါးဖမ်းကိရိယာ ပြင်ဆင်ဆောင်ရွက်နေမှုများ၊ စောလူးဆည်ဇာ၊ အင်းဖျား အင်းကတောက်အင်းများ၏ အင်းရေဝင် ရေထွက် ချောင်းရိုး၊ ငါးနေငါးထိုင် ငါးဖမ်းကွက်နှင့် ငါးဖမ်းဆီးလုပ်ကိုင်နေမှု အခြေအနေများကို စစ်ဆေးကြောင်း သိရသည်။ သတင်းစဉ်

# ကိုယ်ချင်းစာတရားအခြေခံသော လူ့အဖွဲ့အစည်း

**သိန်းထွန်း (IR)**

**ကိုယ်ချင်းစာတရားဆိုတဲ့အသုံးအနှုန်းဟာ လူတိုင်းနဲ့ရင်းနှီးတဲ့ စကားအသုံးအနှုန်း ဖြစ်ပါတယ်။ ဒါပေမယ့် ကိုယ်ချင်းစာစိတ်ကို ဘယ်လောက်အထိ နားလည်လက်ခံသလဲ၊ ကျင့်သုံးကြသလဲဆိုတာကတော့ တစ်ဦးနဲ့တစ်ဦး မတူညီနိုင်ကြပါဘူး။**

### ဖြဟ္မစိုရ်တရားလေးပါး

ကိုယ်ချင်းစာတရားရဲ့ အရင်းခံဟာ မေတ္တာတရား ဖြစ်ပါတယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဖြစ်တဲ့ ဖြဟ္မစိုရ်တရားလေးပါးမှာ မေတ္တာတရားဟာ ထိပ်ဆုံးမှာ ရှိနေပါတယ်။ ကိုယ်ချင်းစာစိတ်ကို မိမိအလိုဆန္ဒနဲ့ နှိုင်းယှဉ်ထောက်ထားစာနာမှုလို့ ဆိုပါတယ်။ သူတစ်ဖက်သားကို မိမိကောင်းစားသလို ကောင်းစားစေချင်တဲ့ဆန္ဒ၊ မိမိ ဒုက္ခမရောက်ချင်သလို အခြားသူတွေကို ဒုက္ခမရောက်စေချင်တဲ့ စေတနာတွေဟာ ကိုယ်ချင်းစာစိတ်တွေပဲ ဖြစ်ပါတယ်။ ကိုယ်ချင်းစာစိတ်ဟာ သူတော်ကောင်းစိတ်ထားလည်း ဖြစ်ပါတယ်။

မေတ္တာတရားတို့၊ ကိုယ်ချင်းစာနာစိတ်တို့နဲ့ဆန့်ကျင်ဘက်ကတော့ အတ္တစိတ်၊ လောဘစိတ်တွေပဲ ဖြစ်ပါတယ်။ အတ္တကြီးလွန်းတဲ့သူတွေ၊ လောဘများတဲ့သူတွေမှာ ကိုယ်ချင်းစာစိတ် မရှိတာ ဒါမှမဟုတ် နည်းပါးတာကို တွေ့ရပါတယ်။ အတ္တကြီး သူတွေဟာ မိမိလိုဘတစ်ခုတည်းရဖို့စိတ်ရှိကြတာမို့ အခြားသူတွေရဲ့ အကျိုးစီပွားထိခိုက်တာ၊ သေကျေပျက်စီးတာ၊ ဘဝထိခိုက်နစ်နာတာတွေကို ဂရုစိုက်လေ့ မရှိတတ်ကြပါဘူး။ ဒါကြောင့် အတ္တတွေ၊ လောဘတွေ ပိုကြီးလာလေ ကိုယ်ချင်းစာစိတ် နည်းပါးလာလေဖြစ်ပါတယ်။ တစ်ဖက်မှာ အတ္တတွေကြီးလာပြီး တစ်ဖက်မှာ ကိုယ်ချင်းစာစိတ်နဲ့ မေတ္တာတရား ခေါင်းပါးလာတာနဲ့အမျှ အေးချမ်းမှု၊ ငြိမ်းချမ်းမှု၊ တရားမျှတမှုတွေ ရှိတဲ့ လူ့အဖွဲ့အစည်းဖြစ်ဖို့ မလွယ်ကူပါဘူး။ တစ်ဦးနဲ့တစ်ဦး အကြား ချစ်ခြင်းမေတ္တာအစား အမုန်းတရားတွေ ဝန်းရံနေတဲ့ ပတ်ဝန်းကျင်ပဲ ဖြစ်လာမှာပါ။

### နှလုံးသားကလာတဲ့ စိတ်နေစိတ်ထား

ဒါကြောင့် ကိုယ်ချင်းစာစိတ်ဟာ ယဉ်ကျေးတဲ့ လူ့အသိုက်အဝန်း၊ မေတ္တာတရားထွန်းကားတဲ့ ပတ်ဝန်းကျင်မှာပဲ တွေ့ရပါတယ်။ ကိုယ်ချင်းစာစိတ်ဟာ ဦးနှောက်ထက် နှလုံးသားကလာတဲ့ စိတ်နေစိတ်ထားတစ်ခုပါ။ စိတ်ရဲ့အရည်အသွေးတစ်ခုလည်း ဖြစ်ပါတယ်။ အဲဒီစိတ်အရည်အသွေးဟာ ဗီဇအရ ပါလာကြသလို ပြုစုပျိုးထောင်လို့လည်း ရနိုင်ပါတယ်။ ကိုယ်မကြိုက်တဲ့ အလုပ်တစ်ခု၊ အပြောအဆိုတစ်ခု၊ အပြုအမူတစ်ခုကို အခြားသူတွေအပေါ် မပြုလုပ်မိအောင်၊ မပြောဆိုမိအောင် ကျင့်ကြံနေထိုင်ခြင်းဟာ ကိုယ်ချင်းစာစိတ် ပြုစုပျိုးထောင်ခြင်းပဲ ဖြစ်ပါတယ်။ ကိုယ်ချင်းစာစိတ်များတဲ့သူတွေဟာ လူလူချင်းသာမကပါဘူး၊ တိရစ္ဆာန်တွေအပေါ်ကအစ ကိုယ်ချင်းစာစိတ်မွေးကြ စောင့်ထိန်းကြပါတယ်။ ဒီတော့ ယဉ်ကျေးတဲ့ လူ့အသိုက်အဝန်း၊ အေးချမ်းတဲ့ ပတ်ဝန်းကျင်ဖြစ်ဖို့ဆိုရင် ကိုယ်ချင်းစာစိတ်လိုအပ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် လုပ်ငန်းခွင်မှာဖြစ်စေ၊ လူမှုဆက်ဆံရေးမှာဖြစ်စေ၊ ကိုယ်ရည်ကိုယ်သွေး တည်ဆောက်ရာမှာဖြစ်စေ ကိုယ်ချင်းစာစိတ်ဟာ အရေးပါတဲ့အရည်အသွေးတစ်ခု ဖြစ်ပါတယ်။

> ◆ **လူတစ်ယောက်အနေနဲ့ သူ့ရဲ့ဘဝမှာ ထိပ်ဆုံးအထိ အောင်မြင်တိုင်း၊ အရာရာ ပြည့်စုံတိုင်း the smartest people လို့ မဆိုနိုင်ပါဘူး။ သူတော်ကောင်းစိတ်၊ ကိုယ်ပိုင်အသိတရား၊ လူမှုရေးအသိတရား၊ လူမှုဆက်ဆံရေး စတဲ့ အရည်အသွေးတွေပါ ပြည့်စုံမှ smart people ဖြစ်ပါလိမ့်မယ်။ ဒီနေ့ခေတ်မှာဆိုရင် လုပ်ငန်းခွင်တွေမှာ လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှုတွေ သာမကတော့ပဲ EQ ကိုပါ အလေးထားလာကြပါတယ်**

### နှစ်လမ်းသွားရှိတဲ့ စိတ်သဘောထား

ကိုယ်ချင်းစာစိတ်ဟာ တစ်ဖက်တည်းကြည့်တဲ့အမြင်၊ တစ်ဖက်တည်းထားတဲ့စိတ်ထား၊တစ်ဖက်တည်းထားတဲ့ဆန္ဒမဟုတ်ပါဘူး၊ သူ့ဘက်ကိုယ့်ဘက်ဆိုတဲ့ နှစ်လမ်းသွားရှိတဲ့ စိတ်သဘောထားပဲ ဖြစ်ပါတယ်။ လူကို လူလိုမြင်တဲ့စိတ်၊ လူကိုလူလို တန်ဖိုးထားတဲ့စိတ်လည်းဖြစ်ပါတယ်။ သူသာ ငါဆိုရင်၊ ငါသာ သူဆိုရင်ဆိုတဲ့ မျှတတဲ့ တွေးခေါ်စဉ်းစားပေးနိုင်မှုအပေါ် အခြေခံထားလို့ မေတ္တာစိတ်၊ကရုဏာစိတ်၊သနားကြင်နာစိတ် စတဲ့သူတော်ကောင်းစိတ်သဘောတွေ ကိန်းအောင်းနေပါတယ်။ ကိုယ်ချင်းစာစိတ်ရှိတဲ့သူဟာ အခြားသူတွေအပေါ် ကိုယ်စိတ်နှလုံး သုံးပါးစလုံး စောင့်ထိန်းတတ်ကြပါတယ်။ ငါဒီလိုပြောလိုက်ရင် သူနစ်နာမှာပါလား၊ သူသိက္ခာကျသွားနိုင်ပါလား၊ ငါဒီလိုလုပ်လိုက်ရင် သူထိခိုက် နာကျင်သွားနိုင်ပါလား၊ သူ့ဘဝ သူ့မိသားစု ပျက်စီးသွားနိုင်ပါလား ဆိုတဲ့ ကိုယ်ချင်းစာတဲ့ အကြံအစည်၊ အပြောအဆို၊ အပြုအမူတွေကို ကိုယ်တိုင်ကထိန်းသိမ်းကြပါတယ်။

### အတ္တကြီးသူတွေများနေရင်

လူတိုင်းမှာ အတ္တကိုယ်စီ ရှိကြပါတယ်။ လူတိုင်းကိုယ်စီ အတ္တရှိကြပေမယ့် တစ်ယောက်နဲ့တစ်ယောက် အတ္တအနည်းအများတော့ ကွာခြားကြပါတယ်။ အတ္တနည်းတဲ့သူရှိမယ်၊ အတ္တများတဲ့သူတွေရှိမယ်၊ မျှတတဲ့သူတွေ ရှိကြပါတယ်။ ဒါပေမယ့် ကိုယ်ချင်းစာတရားနည်းပါးပြီး ငါဆိုတဲ့ အတ္တကြီးတဲ့သူတွေ များနေမယ်ဆိုရင် မျှတတဲ့ လူ့ပတ်ဝန်းကျင်၊ အေးချမ်းတဲ့ လူ့အဖွဲ့အစည်းဖြစ်မလာနိုင်ပါဘူး။ ဒါကြောင့်လည်း မြတ်စွာဘုရားက ကိုယ်ချင်းစာတရား ခုနစ်ပါး ဟောကြားခဲ့ပါတယ်။ ဒီနေ့ခေတ်လိုဆိုရင် ကိုယ်ချင်းစာတရားဟာ EQ လို့ဆိုတဲ့ စိတ်ခံစားမှုဆိုင်ရာ အသိဉာဏ်ရဲ့ အရည်အသွေးတစ်ခု ဖြစ်ပါတယ်။

### စိတ်ခံစားမှုဆိုင်ရာ အသိဉာဏ်

လူတစ်ယောက်အနေနဲ့ သူ့ရဲ့ဘဝမှာ ထိပ်ဆုံးအထိ အောင်မြင်တိုင်း၊ အရာရာ ပြည့်စုံတိုင်း the smartest people လို့ မဆိုနိုင်ပါဘူး။ သူတော်ကောင်းစိတ်၊ ကိုယ်ပိုင်အသိတရား၊ လူမှုရေးအသိတရား၊ လူမှုဆက်ဆံရေး စတဲ့ အရည်အသွေးတွေပါ ပြည့်စုံမှ smart people ဖြစ်ပါလိမ့်မယ်။ ဒီနေ့ခေတ်မှာဆိုရင် လုပ်ငန်းခွင်တွေမှာ လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှုတွေ သာမကတော့ပဲ EQ ကိုပါ အလေးထားလာကြပါတယ်။ စိတ်ခံစားမှုဆိုင်ရာ အသိဉာဏ်ဟာ တစ်ဦးချင်းစွမ်းဆောင်ရည်၊ အဖွဲ့အစည်းရဲ့ စွမ်းဆောင်ရည်စတဲ့ လုပ်ငန်းခွင်ဆိုင်ရာ ရလဒ်ကောင်းတွေရရှိဖို့အတွက် များစွာ အရေးပါလှပါတယ်။ ဒါ့အပြင် လူတွေရဲ့ အပြုအမူတွေ၊ စီမံခန့်ခွဲမှုပုံစံတွေ၊ စိတ်သဘောထားတွေ၊ အချင်းချင်း ဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုတွေကို နားလည်သုံးသပ်နိုင်တဲ့ နည်းလမ်းအသစ်တွေကို ရရှိစေပါတယ်။

တစ်ဖက်မှာ ပြန်ကြည့်ရင် လုပ်ငန်းခွင်တွေမှာဖြစ်ဖြစ်၊ လူ့အသိုက်အဝန်းမှာဖြစ်ဖြစ် ကိုယ်ချင်းစာတရားလို စိတ်အရည်အသွေးတွေ နိမ့်ကျလာတာကြောင့် လုပ်ငန်းအရည်အသွေး၊ တစ်ဦးချင်းအရည်အသွေး၊ အဖွဲ့အစည်းအရည်အသွေးတွေ ကျဆင်းလာတာ တွေ့ရပါတယ်။ လူ့အသိုက်အဝန်းမှာဆိုရင်လည်း ပဋိပက္ခတွေ၊ မငြိမ်းချမ်းမှုတွေ ကြုံတွေ့နေရပါတယ်။ ကိုယ်ချင်းစာတရားမရှိဘဲ ငါ့ဘို့ တစ်ဘို့တည်း စဉ်းစားလုပ်ကိုင်နေသမျှ မျှတမှုဆိုတာမရှိနိုင်ဘဲ ပဋိပက္ခတွေသာ တိုးပွားလာလိမ့်မယ်။

ဆရာကြီး ဒေါက်တာ အောင်ထွန်းသက် ရေးသားထားတဲ့ ကျွန်တော်နဲ့ မန်နေဂျာဆောင်းပါးထဲက အချက်တစ်ချက်ကို ဖော်ပြလိုပါတယ်။ စီမံခန့်ခွဲမှုကို တာဝန်ယူထားသူတွေ လက်ကိုင်ထားသင့်တဲ့ အခြေခံမှု ၅ ချက်ထဲက စတုတ္ထအချက်မှာ မိမိနဲ့အတူ အလုပ်လုပ်ကြတဲ့သူတွေ အားလုံး သဘောတူလက်ခံမယ့် တန်ဖိုးထားမှုတွေ၊ စံတွေကို သတ်မှတ်ဖို့ လိုအပ်တယ်။ အမုန်တရားကို မြတ်နိုးမှု၊ မိမိအကြောင်း မိမိသိအောင် ဆန်းစစ်မှု၊ ကရုဏာတရား မြင့်မားမှုတို့ကို မိမိနဲ့အတူ အလုပ်လုပ်နေကြတဲ့သူတိုင်း လက်ခံသဘောတူဖို့ လိုအပ်ပါတယ်။ လူတစ်ယောက်ကို မဝေဖန်မီ ကိုယ်ချင်းစာတရား ရှေ့ထားပြီး ပြုမူဆောင်ရွက်သင့်ပါတယ်။ အောင်မြင်မှုကို ပြောတဲ့နေရာမှာ နေရာတိုင်းမှာ အနိုင်ယူခြင်းမဟုတ်ကြောင်း သိဖို့လိုတယ်လို့ ဖော်ပြထားပါတယ်။ လုပ်ငန်းခွင်မှာ ကိုယ်ချင်းစာတရား ဘယ်လောက်လိုအပ်တယ်ဆိုတာ ချင့်ချိန်နိုင်ပါတယ်။

### သူ့အသက်ကို၊ ချစ်ပါလေ

လုပ်ငန်းခွင်လိုပါပဲ၊ လူ့အသိုက်အဝန်းဆိုတာ လူအချင်းချင်းနေထိုင်ကြ၊ ပေါင်းသင်းဆက်ဆံကြတာပါ။ တစ်ဦးတစ်ယောက်တည်း နေထိုင်လုပ်ကိုင်နေကြတာ မဟုတ်ပါဘူး။ အများနဲ့ နေထိုင်လုပ်ကိုင်ကြရတာ ဖြစ်ပါတယ်။ ဒီတော့ ကိုယ့်အကျိုး၊ အများအကျိုး ကောင်းဖို့ဆိုရင် ကိုယ်ချင်းစာတရား လက်ကိုင်ထားကြရမှာပါ။ ရှင်မဟာရဋ္ဌသာရ ရေးသားတဲ့ လက်သစ်တောင်တာ ဆုံးမစာထဲမှာ ကိုယ်နှင့်လည်း စာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့အသက်ကို၊ ချစ်ပါလေဆိုပြီး လူအချင်းချင်း မပြောနဲ့ သတ္တဝါကိုတောင် ကိုယ်ချင်းစာတရားထားဖို့ ဆိုထားပါတယ်။ ဒါမှလည်း လောကကို စောင့်ရှောက်တဲ့ လောကပါလတရား ထွန်းကားလာမှာပါ။

အထူးသဖြင့် လိုအပ်ချက်တွေများပြားလာတဲ့ ဒီနေ့လိုခေတ်ကြီးမှာ ရုပ်ဝတ္ထုပစ္စည်း လိုအပ်ချက်တွေ ရရှိဖို့ နည်းမျိုးစုံနဲ့ အပြိုင်အဆိုင် ကြိုးပမ်းအားထုတ်လာကြပါတယ်။ ကြိုးပမ်းအားထုတ်ရာမှာလည်း တရားတဲ့ နည်းလမ်း၊ မတရားတဲ့နည်းလမ်း အမျိုးမျိုးသုံးကြပါတယ်။ တရားတဲ့ နည်းလမ်းနဲ့ ကြိုးစားတာဟာ ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင်ကို ဆိုးကျိုးမဖြစ်စေပေမယ့် ကိုယ်ချင်းစာတရားကင်းပြီး မတရားနည်းလမ်းနဲ့ ကြိုးပမ်းအားထုတ်တာတွေကြောင့် ကိုယ်ကိုယ်တိုင်အတွက်ရော ပတ်ဝန်းကျင်အတွက်ပါ ဆိုးကျိုးတွေ ဖြစ်စေပါတယ်။ ကိုယ်ချင်းစာနာစိတ်တွေ ကင်းလာတာနဲ့အမျှ ဘယ်သူသေသေ ငတေမာပြီးရော စိတ်ထားတွေ လွှမ်းမိုးလာပါတယ်။ ငါချမ်းသာရင် ပြီးရော၊ ငါလိုချင်တာ ရပြီးရော၊ ငါဖြစ်ချင်တာ ဖြစ်ရင်ပြီးရောဆိုတဲ့စိတ်ဟာ စိတ်အရည်အသွေးနိမ့်ကျတာ၊ EQ နိမ့်ကျတာကို ဖော်ပြနေခြင်းပါပဲ။ အဲဒါရဲ့ နောက်ဆက်တွဲအကျိုးဆက်ကတော့ လုပ်ငန်းခွင်မှာ ဖြစ်စေ၊ အဖွဲ့အစည်းမှာဖြစ်စေ၊ လူ့အသိုက်အဝန်းမှာဖြစ်စေ ကိုယ်ရည်ကိုယ်သွေးတွေ၊ စွမ်းဆောင်ရည်တွေ၊ တရားမျှတမှုတွေ ကင်းမဲ့လာခြင်းပဲ ဖြစ်ပါတယ်။

ဒီတော့ မျှတတဲ့ လူ့အသိုက်အဝန်း၊ လူ့တန်ဖိုးမြင့်တဲ့ အသိုက်အဝန်းဖြစ်ဖို့ဆိုရင် ကိုယ်ချင်းစာတရားအခြေခံတဲ့ လူ့အဖွဲ့အစည်းဖြစ်အောင် တည်ဆောက်ကြရမှာပါ။ ကိုယ်စီကိုယ်စီက smart people တွေဖြစ်မှ၊ ကိုယ်ရည်ကိုယ်သွေး မြင့်မှလည်း နှလုံးရည်နဲ့ လောကကို အလှဆင်နိုင်မှာ ဖြစ်ပါတယ်။ ။

## မကွေးမြို့နယ် ကျေးရွာလေးရွာ၌ စက်ရေတွင်းတူးဖော်နိုင်ရန် Geophysical Survey တိုင်းတာ

**မကွေး အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်း ကန်နီကျေးရွာ၊ ထန်းပင်စမ်းကျေးရွာ၊ လက်ဆည်ကန်ကျေးရွာနှင့် ခင်ပြန့်ကြီးကျေးရွာတို့၌ စက်ရေတွင်းတူးဖော်နိုင်ရန်အတွက် မြေအောက်ရေအောင်းလွှာတည်ရှိနိုင်မည့်နေရာကိုသိရှိရန် Geophysical Survey တိုင်းတာမှုများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးထွန်းထွန်းနှင့် ဝန်ထမ်းများက ယနေ့ ပြုလုပ်သည်။

Geophysical Survey တိုင်းတာခြင်းဆိုသည်မှာ မြေလွှာများအတွင်းသို့ လျှပ်စစ်ဖြတ်သန်းစီးဆင်းစေပြီး မြေလွှာတစ်ခုချင်းအလိုက် လျှပ်စစ်ခုခံမှု တန်ဖိုး(အုမ်းမီတာ)ကို တိုင်းတာတွက်ချက်ခြင်းဖြင့် မြေအောက်ရေအောင်းလွှာ၏ အနေအထားကို ဖော်ထုတ်လေ့လာခြင်းဖြစ်ကြောင်း၊ တိုင်းတာခြင်းကြောင့် ကောင်းမွန်သည့် မြေအောက်ရေအောင်းလွှာတည်ရှိမည့်နေရာကို အလွယ်တကူခန့်မှန်းသိရှိနိုင်ပြီး စက်ရေတွင်းတူးဖော်ရာတွင် ရေထွက်နည်းခြင်း၊ ရေအရည်အသွေးကောင်းမွန်မှု မရှိခြင်းစသည့် အခက်အခဲများလျော့နည်းစေသလို ဘဏ္ဍာငွေ လေလွင့်ဆုံးမှုလည်း နည်းပါးစေကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်တင်တင်စိုးထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# မင်းဘူးမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ မိုးစပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် အမှတ်(၄)ချည်မျှင်နှင့် အထည်စက်ရုံ လုပ်ငန်းလည်ပတ်နေမှု ကွင်းဆင်းကြည့်ရှု



**မကွေး အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂ ရက်က မင်းဘူး(စကု)မြို့နယ် ကျောက်စံကျေးရွာရှိ ဖူးပွင့် မျိုးကောင်းမျိုးသန့် စိုက်ပျိုး ထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်မှ တောင်သူ ၂၇ ဦးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် Jasmine-105 ဧက(၁၀၀) စိုက်ခင်းသို့ ရောက်ရှိပြီး စပါးပင်များ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ တောင်သူများနှင့်တွေ့ဆုံ၍ ဖူးပွင့် မျိုးကောင်းမျိုးသန့် စိုက်ပျိုး ထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်မှ တာဝန်ရှိသူနှင့် တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအုပ်စု လှည်းကြီးကျေးရွာရှိ တောင်သူ ဦးခင်မောင်ထွန်း၏ မိုးစပါးစိုက်ခင်းအတွင်း ဒေသခံတောင်သူများ စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် စိုက်ပျိုးလယ်မြေဧက ၂၀ အကျိုးပြုမည့် ဆိုလာစနစ်အသုံးပြု စိုက်ပျိုးရေပေးဝေနေမှု အခြေအနေကို ကြည့်ရှုပြီး ရာသီအလိုက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပွင့်ဖြူမြို့ အမှတ်(၄) ချည်မျှင်နှင့် အထည်စက်ရုံ အစည်းအဝေးခန်း၌ စက်ရုံမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ စက်ရုံလည်ပတ်နေမှုနှင့် အရည်အသွေးမြင့် ချည်မျှင်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆောင်ရွက်ရန်လုပ်ငန်းများအား ဆွေးနွေးမှာကြားပြီး စက်ရုံအတွင်း ချည်မျှင်ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်ညီညာ(မကွေး)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၁၀-၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၁၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၃၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၁၀၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၀၀/၁၄၅၀ ကျပ် | ၁၄၇၀/၁၄၉၀ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၀၅/၁၄၆၀ ကျပ် | ၁၄၈၅/၁၆၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၀၅/၁၄၅၅ ကျပ် | ၁၅၀၀/၁၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၄၅/၁၄၉၅ ကျပ် | ၁၅၈၀/၁၇၅၂ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၉၂၇ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၃၆ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၁၅ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၆ . ၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၇၂ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၀ . ၁၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၈ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၉၅၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၂၆၃၁ | ၂၃၁၅၂၈၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၄၆ | ၁၄၇၂၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၅ | ၄၀၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁၂၀ | ၃၂၄၀၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၇၄ | ၂၁၈၃၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၆ | ၃၀၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန် စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်း သတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်း သတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံ သတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၄၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၄၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၄၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၄၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm


## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၁၀-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၉:၂၀** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** ဘဝနှင့်အနုပညာ
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'မြန်မာစာဘာသာရပ်'**
**၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
**၁၇:၀၅** This Week's Special Interest
**၁၇:၂၀** ကျန်းမာရေးပဂ္ဂဇင်း **'မြန်မာ့တိုင်းရင်းဆေး အခြေခံသဘောတရားအရ ကံ၊စိတ်၊ဥတု၊ အာဟာရနည်းလမ်းများနှင့် ကိုဗစ်-၁၉ ရောဂါအား ကြိုတင်ကာကွယ်ခြင်း'**
**၁၇:၅၀** တစ်တိုင်း ဆီမီးမှုသည်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သံစဉ်ချိုမြ မြန်မာတေးအလှ
**၁၉:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း'** (အပိုင်း-၁၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားဒေါ်ဆောင်ရာ'** (အပိုင်း-၇၅)
**၂၂:၂၀** ရုပ်မြင်သံကြားဇာတ်လမ်း **'စိတ်ကြေကကြိုး'**

**mitv**

**07:01** News
**07:27** Pride of Myanmar - Bagan arts and handicrafts
**07:41** A Simple And Peaceful Life
**07:54** Golden Mandalay Hill
**08:01** Myanmar Masterclass: Artist Zay Yar Aye
**08:14** AChanmyay Yeiktha Meditation Centre- Chaw Dwin Gone
**08:31** Myanmar Tradition of Lotus Flower
**08:52** Myanmar Snacks and Nutrition Value: Kauk Hnyin Paung
**09:01** A Journey To Southern Shan State (Ep-3)
**09:17** A Glance At A Naga Family Life
**09:36** Ywar Thit's Monhinkhar
**09:50** Thin Byu Mat
**10:01** Dances of Myanmar: Rvwang Azulam Dance
**10:05** Chef Life: Myo Min Soe Oo

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယန်းတိုင်းရင်းသားတို့စံပျော်ရာပန်ပက်ကျေးရွာ
**ပကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဝါးဆစ်ဘူးထမင်းပေါင်း
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
တောလိုက်ထွက်ကြရအောင်
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဖားပုတောင်ပေါ်မှ လှပသောမြင်ကွင်းတစ်ခွင်
**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း-၃)
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
တွဲလက်ညီညီခရီးဆက်မည် NRC (အပိုင်း-၃)
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ဘာသာစကား ပြောကြရအောင် (အပိုင်း-၃)
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
လှပ်းခဲ့ပါလေ တောင်တိုမြေ
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ကွန်ဟိန်-တောင်ကြီးကြားကရှမ်းမင်္ဂလာဆောင်ခရီး
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဗုဒ္ဓဂါယာသို့ အလည်တစ်ခေါက်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
လချိတ်ရိုးရာဝတ်စားဆင်ယင်မှုအကြောင်း

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)
**၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'ကာကွယ်ခုခံပိုင်ခွင့်ရှိသော အပိုင်းအခြား'**
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာတော့ ဝါကျမှာ မလိုအပ်ဘဲ စကားလုံးတွေထပ်ကာ မသုံးမိစေဖို့ နာမ်စား (pronoun) တွေကို ဘယ်လိုသုံးရမလဲ၊ နာမ်စားအမျိုးအစားတွေ ဘယ်လောက်ရှိသလဲဆိုတာတွေကို အဓိပ္ပာယ်ရှင်းလင်းချက်များ၊ နမူနာဝါကျများနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ကျန်ရှိနေသေးတဲ့ ရှင်းလင်းချက်များနဲ့ လေ့ကျင့်ခန်းများကိုလည်း ဆက်လက်ဖော်ပြပေးသွားဦးမှာပါ။ ဒါ့အပြင် စကားပြောခန်းမှာလည်း "Shortest way to talk about opinion –2" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း အသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက်ဝေါဟာရတွေကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Pre-Intermediate

*(ယခင်အပတ်မှအဆက်)*

ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ

Exercise (1) မှအဖြေများ

1. Fathers enjoy their children's talk.
2. Men's duty is to earn a living for their families.
3. Students should not leave the rooms without the teachers' permission.
4. Our neighbours' dogs bark at strangers.
5. Their daughters' conduct shocks them.
6. The boys' bicycles are broken.
7. My cousins' books are expensive.
8. The men's cars are at the repair shop.
9. The women's hairdressers are here.
10. The babies' pacifiers are lost.


Exercise (2) မှအဖြေများ

1. I borrow my friend's correction pen.
2. The soccer player's right leg was injured.
3. Have you read General Aung San's life–story?
4. Have you seen Nay Toe's latest film?
5. We study the Aspect of Myanmar at university.

**Pronoun (နာမ်စား)**

**နာမ်စား (pronoun) ဆိုသည်မှာအဘယ်နည်း။**

**နာမ်စား (pronoun) ဆိုသည်မှာ နာမ် (noun) နေရာတွင် အစားထိုး သုံးသော စကားလုံးကို နာမ်စား (pronoun) ဟုခေါ်သည်။**




**ဝါကျတွင် မလိုအပ်ဘဲ စကားလုံးများ ထပ်ကာ ထပ်ကာ သုံးစွဲခြင်းကို ရှောင်ရှားစေနိုင်ရန်အတွက် နာမ်စား (pronoun) များကို သုံးသည်။ ၎င်းတို့၏လုပ်ဆောင်ချက်များအရ နာမ်စား (pronoun) အမျိုးအစား ပေါင်းအတော်များများရှိသည်။**

**Kinds of Pronouns (နာမ်စားအမျိုးအစားများ)**

- Personal Pronoun (ပုဂ္ဂိုလ်ပြနာမ်စား)
- Impersonal Pronoun (သဘာဝသဘောတရားပြနှင့် သီးခြားအပိုဖော်ပြနာမ်စား)
- Reflexive Pronoun (တုံ့ပြန်မှုပြနာမ်စား)
- Demonstrative Pronoun (ညွှန်ပြနာမ်စား)
- Distributive Pronoun (ခွဲဝေမှုပြနာမ်စား)
- Numerical Pronoun (ရေတွက်ရနာမ်များ၏ အရေအတွက်ပြနာမ်စား)
- Indefinite Pronoun (မတိကျသောနာမ်စား)
- Interrogative Pronoun (အမေးနာမ်စား)
- Relative Pronoun (ရှေ့ရှိနာမ်ကို ဆက်သွယ်ညွှန်းဆိုသည့် ဆက်သွယ်နာမ်စား)
- Reciprocal Pronoun (အပြန်အလှန်သုံးသောနာမ်စား)

**Personal Pronoun (ပုဂ္ဂိုလ်ပြနာမ်စား)**

**ပုဂ္ဂိုလ်များကို ကိုယ်စားပြုဖော်ပြသုံးနှုန်းသော နာမ်စားများကို ပုဂ္ဂိုလ်ပြ နာမ်စား သို့မဟုတ် ပုဂ္ဂလနာမ်စား (personal pronoun) ဟုခေါ်သည်။**

**စကားပြောဆိုရာတွင် နာမ်များ၏နေရာကို အစားဝင်ယူသွားသော စကားလုံးများသည် ပုဂ္ဂလနာမ်စားများဖြစ်သည်။ စကားပြောသည့် နေရာတွင် ပုဂ္ဂိုလ်သုံးမျိုးရှိသည်။**

| | | |
|---|---|---|
| 1. The First Person | = | The person speaking (I, we) |
| ပထမပုဂ္ဂိုလ် | | စကားပြောနေသူ |
| 2. The Second Person | = | The person spoken to (you) |
| ဒုတိယပုဂ္ဂိုလ် | | နားထောင်နေသူ |
| 3. The Third Person | = | The person spoken about (he, she, it, they) |
| တတိယပုဂ္ဂိုလ် | | အပြောခံရသူ |

Jane: Did you meet Rachel yesterday?

Marilyn: No, I did not meet her. She did not turn up.

နာမ်စား (Pronoun) များဖြစ်သည့် I, you, she တို့ကို Subject လိုမျိုး သုံးသည့်အတွက် ၎င်းတို့ကို Subjective Case သို့မဟုတ် Nominative Case ဟုခေါ်သည်။

နာမ်စား (Pronoun) များဖြစ်သည့် me, her, his တို့ကို Object လိုမျိုး သုံးသည့်အတွက် ၎င်းတို့ကို Objective Case ဟုခေါ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

## VOCABULARY (ANTONYMS)

| | | |
|---|---|---|
| 1. artificial (အတုဖြစ်သော) | ≠ | genuine (အစစ်အမှန်ဖြစ်သော) |
| 2. ascend (တက်လာသည်) | ≠ | descend (ဆင်းသက်သည်) |
| 3. assemble (စုဝေးသည်) | ≠ | disperse (ပျံ့နှံ့သွားသည်) |
| 4. attack (တိုက်ခိုက်သည်) | ≠ | defend (ခုခံကာကွယ်သည်) |
| 5. attract (ဆွဲဆောင်သည်) | ≠ | distract (အာရုံပျက်စေသည်) |
| 6. back (ကျောဘက်) | ≠ | front (ရှေ့ဘက်) |
| 7. backwards (နောက်ပြန်) | ≠ | forwards (ရှေ့သို့) |

## CONVERSATION



### Shortest way to talk about opinion - 2

တစ်စုံတစ်ခုနဲ့ပတ်သက်ပြီး ကိုယ့်ရဲ့အမြင်ကိုပေးမယ်၊ ပြောမယ်ဆိုရင် ဘယ်လိုပေးရမလဲ၊ ဘယ်လိုပြောရမလဲ ဆိုတဲ့ အသုံးအနှုန်းတွေကို ဒီတစ်ပတ်မှာ **Shortest way to talk about opinion – 2** အနေနဲ့ ဆက်လက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

**It's my opinion that …**

**I'm of the opinion that …**

**In my view …**

**It's my view that …**

**I'm of the view that …**

**To my mind …**

**If you ask me …**

၁။ **it's my opinion that …** ဆိုတဲ့ အသုံးမျိုးကိုလည်း တစ်စုံတစ်ခုနဲ့ပတ်သက်ပြီး ကိုယ့်ရဲ့အမြင်ကို ပေးမယ် သို့မဟုတ် ပြောမယ်ဆိုရင် သုံးလို့ရပါတယ်။ **"ကျွန်တော့်ရဲ့ အမြင်ကတော့…"** ဆိုပြီး အဓိပ္ပာယ်ကောက်ယူနိုင်ပါတယ်။ ဥပမာ။

- **It's my opinion that** the police have arrested the wrong man.

၂။ နောက်တစ်ခါ **I'm of the opinion that …** ဆိုတဲ့ အသုံးကတော့ in my opinion … ဆိုတဲ့ အသုံးထက် နည်းနည်းလေး ပိုပြီးခမ်းနားပါတယ်။ ဆိုလိုတဲ့ သဘောကတော့ **"ကျွန်တော့်အမြင်ကတော့…"** ဆိုတဲ့ သဘောပဲ ဖြစ်ပါတယ်။ ဥပမာ။


- **I'm of the opinion that** he's definitely guilty.

၃။ ကိုယ့်ရဲ့အမြင်ကို ပေးမယ်ဆိုရင် သုံးနိုင်တဲ့ နောက်ပုံစံတစ်မျိုးကတော့ **in my view …**ပဲ ဖြစ်ပါတယ်။ **"ကျွန်တော့် အမြင်ကတော့…"** ဆိုတဲ့ အဓိပ္ပာယ်ပဲ ဖြစ်ပါတယ်။ ဥပမာ။

- **In my view** we need stronger discipline in the school.
- **In my view** we need a change of government as soon as possible.
- **In my view** cars should be banned from the city centre.

**ဘာသာစကားရှုထောင့်**

In my view နဲ့ပတ်သက်ပြီး သုံးလို့ရတဲ့ နောက်ထပ်ပုံစံတူ အသုံးတွေလည်း ရှိပါသေးတယ်။ အဓိပ္ပာယ်ကတော့ အတူတူပါပဲ။




- **It's my view that …**

  **It's my view that** she was murdered by her husband.

- **I'm of the view that …**

  **I'm of the view that** the man was guilty.

၄။ ကိုယ့်ရဲ့အမြင်ကို ဖော်ပြရာမှာသုံးတဲ့ in my view ဆိုတဲ့ အသုံးထက် တွေ့ရနည်းတဲ့ အသုံးတစ်မျိုးကတော့ **to my mind …** ပဲ ဖြစ်ပါတယ်။ "ကျွန်တော့်စိတ်ထဲမှာကတော့…" ဆိုတဲ့အဓိပ္ပာယ်မျိုးပါပဲ။ ဥပမာ။

- **To my mind** John is quite the most suitable candidate for the post.
- **To my mind** she was the talented writer on the list and should have won the prize.
- **To my mind** this is the most beautiful spot on earth.

၅။ ကိုယ့်အမြင်ကို ဖော်ပြတဲ့နေရာမှာ ထူးခြားတဲ့ နောက်ထပ်အသုံးတစ်မျိုးကတော့ **if you ask me …** ပဲ ဖြစ်ပါတယ်။ သာမန်အရပ်ပြောတွေမှာတော့ တွေ့ရများပါတယ်။ **"မင်းသာ ငါ့ကိုမေးမယ်ဆိုရင် …"** ဆိုတဲ့ အဓိပ္ပာယ်မျိုးပါပဲ။ ဥပမာ။

- **If you ask me,** Jill would be mad to marry Jack. He's a womanizer.
- **If you ask me,** the discipline in the school is too lax.
- **If you ask me,** the council should do more to improve the traffic situation in the town.

**Council should spend more money on recycling waste**

Mrs Brown: **I feel that** the council should spend more money on recycling rubbish.

Mrs Wilson: **If you ask me,** the council always spends money on the wrong things. Look at those ugly statues they've just put up in the park.

Mrs Jackson: **I think that** was one of their better ideas. **In my opinion** they're quite attractive.

Mrs Lewis: **I'm of the opinion that** it is a good thing that the council is at least spending money on something cultural. **I'm of the view that** a disproportionate amount of money is spent on sports facilities.

Mrs Brown: That's true but **it is my opinion that** we should all be thinking of the future of the planet and that means thinking about recycling waste. We need more recycling sites and more kerbside waste collection.

Mrs Jackson: **It's my view that** many people are rather hard on the council. If they provide more service then they'll have to increase the council tax and people will complain about that.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ဧက ၁၀၀ မှ ၂၀၀ ကျော်အထိတိုးချဲ့နိုင်ရန် ဆောင်ရွက်

**မင်းဘူး အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် မင်းဘူး(စကု) မြို့နယ် ကျောက်စံကျေးရွာ ကွင်းအမှတ်(၁၂၀၃) ကျောက်စံကွင်းအတွင်းရှိ ဒေသခံတောင်သူများ၏ လယ်မြေတွင် စိုက်ပျိုးထားသော လုံးသွယ်မွှေး (JASMINE–105) မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းဧက ၁၀၀ စိုက်ပျိုးထားရှိမှုအခြေအနေများကို ယမန်နေ့က ကြည့်ရှုစစ်ဆေး၍ ဧက ၂၀၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးနိုင်ရန် ဆွေးနွေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းဆောင်တွင် ဒေသခံတောင်သူ ၂၇ ဦးနှင့်တွေ့ဆုံ၍ မျိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေများနှင့် မိမိတို့အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးရမည့် အခြေအနေများကို ဆွေးနွေးမေးမြန်းရာ ဒေသခံတောင်သူများက စိုက်ပျိုးမြေလယ်ဧက ၂၀၀ ကျော်အထိ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ရေမြောင်းများ ထပ်မံတိုးချဲ့ဆောင်ရွက်ပေးနိုင်ရေးကို တင်ပြကြသဖြင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များကိုလည်း မှာကြားသည်။

ကျောက်စံကျေးရွာတွင် ဖူးပွင့်မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်က လုံးသွယ်မွှေး မိုးစပါး မျိုးစေ့ထုတ်ကန်ထရိုက်စိုက်ခင်း ဧက ၁၀၀ ကို ကျောက်စံကွင်းအတွင်းရှိ ဒေသခံတောင်သူ ၂၇ ဦး၏ လယ်မြေ၌ ဩဂုတ် ၁၁ ရက်က ကောက်ကွက်စနစ်ဖြင့် စတင်အကောင်အထည်ဖော် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်**
**(မင်းဘူး)**



စိုက်ဧက ၂၀၀ ကျော်အထိ တိုးချဲ့နိုင်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒေသခံတောင်သူများ ဆွေးနွေးစဉ်။

# မန္တလေးတိုင်းဒေသကြီးမှ ခရိုင်ငါးခုတွင် မိုးစပါးတစ်ဧကတင်း ၁၀၀ ထွက်ရှိရေးစီမံချက် ဆောင်ရွက်နေ

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ယခုနှစ် မိုးစပါးရာသီတွင် မိုးစပါးတစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိရေးစီမံချက်အနေဖြင့် ခရိုင်ငါးခု၌ စိုက်ဧက ၁၁၇၀ ကို စိုက်ပျိုးဆောင်ရွက်ထားရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနန္ဒထွန်းတင်က ပြောကြားသည်။

မိုးစပါးတစ်ဧကလျှင် တင်း ၁၀၀ နှုန်း ထွက်ရှိရေးစီမံချက်ကို ခရိုင်ငါးခုရှိ မြို့နယ် ၁၄ မြို့နယ်တွင် စိုက်ပျိုးဆောင်ရွက် ထားရှိကြောင်း၊ ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတို့မှ ပံ့ပိုးပေးမှုများဖြင့် ယခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ပံ့ပိုးပေးရာတွင် စိုက်ပျိုးရေးတောင်သူများအား ပြည်ထောင်စုရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ် ၈၀၀၀၀ နှုန်း ပံ့ပိုးပေးပြီး တစ်ဧကတင်း ၁၀၀ ထွက်ရှိရေးအတွက် နည်းပညာရပ်များပေး၍ ကြီးကြပ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ အစီအစဉ်တွေနဲ့ မိုးစပါးတင်း ၁၀၀ ထွက်ရှိရေးကို မြို့နယ် ၁၄ မြို့နယ်မှာ ဆောင်ရွက်နေတာပါ။ ပြည်ထောင်စုအစီအစဉ် ရန်ပုံငွေနဲ့ လုပ်တာကတော့ အမရပူရမြို့နယ် တစ်ခုတည်းပါ။ ကျန်တဲ့မြို့နယ်တွေကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ဆောင်ရွက်တာပါ။ တောင်သူတွေအတွက် စိုက်ပျိုးပြုစုခြင်းတွေ၊ ရိတ်သိမ်းခြင်းတွေ၊ သွင်းအားစုနဲ့ မျိုးစပါးတွေကို ပံ့ပိုးပေးပြီး အကောင်အထည်ဖော်နေတာပါ။ နှစ်စဉ် ထွက်ရှိနှုန်းတွေ ကျဆင်းလာတဲ့အတွက် စားသုံးမှုဖူလုံစေဖို့ တစ်ဧကကို တင်း ၁၀၀ ထွက်ရှိအောင် ဆောင်ရွက်သွားမှာပါ။ တိုင်းဒေသကြီးမှာ စပါးစိုက်ဧက စုစုပေါင်းလျာထား ၆၈၀၀၀၀ ကျော် ရှိပါတယ်။ ယခု မိုးစပါးတင်း ၁၀၀ ထွက်ရှိရေးအတွက် ပေါင်းစနစ်နဲ့ပျိုးထောင်ပါတယ်။ စက်မှုလယ်ယာဦးစီးဌာနနဲ့ ပူးပေါင်းပြီး စက်ကိရိယာနဲ့ စိုက်ပျိုးပါတယ်။ ပျိုးသက် တစ်လသားနဲ့ရအောင် စိုက်ပါတယ်။ မျိုးစပါးမျိုးကောင်းမျိုးသန့်တွေ ပံ့ပိုးပေးပြီး ဆောင်ရွက်ထားပါတယ်" ဟု ဦးစီးအရာရှိက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် စီမံချက်စိုက်ခင်း စိုက်ပျိုးထားရှိမှုမှာ မန္တလေးခရိုင်တွင် ပြည်ထောင်စု ရန်ပုံငွေဖြင့် အမရပူရမြို့နယ်၌ ဧက ၁၀၀၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေများဖြင့် ပုသိမ်ကြီးမြို့နယ်၌ ဧက ၁၀၀၊ ပြင်ဦးလွင်ခရိုင်တွင် ပြင်ဦးလွင်မြို့နယ်၌ ဧက ၁၀၀၊ မတ္တရာမြို့နယ်၌ ဧက ၁၀၀၊ စဉ့်ကူးမြို့နယ်၌ ဧက ၁၀၀၊ သပိတ်ကျင်းမြို့နယ်၌ ဧက ၂၀၊ ကျောက်ဆည်ခရိုင်တွင် ကျောက်ဆည်မြို့နယ်၌ ဧက ၁၀၀၊ စဉ့်ကိုင်မြို့နယ်၌ ဧက ၁၀၀၊ မြစ်သားမြို့နယ်၌ ဧက ၁၀၀၊ ညောင်ဦးခရိုင်တွင် ညောင်ဦးမြို့နယ်၌ ၇၅ ဧက၊ ကျောက်ပန်းတောင်းမြို့နယ်၌ ၂၅ ဧက၊ မြင်းခြံခရိုင်တွင် မြင်းခြံမြို့နယ်၌ ဧက ၁၀၀၊ တောင်သာမြို့နယ်၌ ဧက ၁၀၀ နှင့် ငါန်းဇွန်မြို့နယ်၌ ဧက ၅၀ စုစုပေါင်း ဧက ၁၁၇၀ ဖြစ်သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကန်ပက်လက်မြို့နယ် ခါရိုင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီး

**ကန်ပက်လက် အောက်တိုဘာ ၃**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာ ထွက်ကုန်များကို ဈေးနှုန်း သက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန် ရည်ရွယ် ဖောက်လုပ်ခဲ့သည့် ခါရိုင်းကျေးရွာ ကျေးလက် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ခါရိုင်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ယခုဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၈၁ ဒသမ ၂၅ သန်းဖြင့် ယခုနှစ် ဇန်နဝါရီလ စတုတ္ထပတ်က စတင်ဖောက်လုပ်ခဲ့ပြီး လမ်းအရှည် ၆ မိုင်၄ ဖာလုံ၊ လမ်းအကျယ် ၁၂ ပေ မြေသား လမ်းဖြစ်သည်။ အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းသည် ဒေသတွင်း စပါးစိုက်ခင်း ၁၀ ဧကကျော်နှင့် ဝဥနှင့် အခြားသီးနှံ ၁၇၅ ဧကကျော်မှ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီ လွယ်ကူလျင်မြန်စွာ ပေးပို့နိုင်ရန် အကျိုးပြုမည်ဖြစ်သကဲ့သို့ ကျေးရွာရှိ အိမ်ခြေ ၅၇ အိမ်မှ လူဦးရေ ၂၉၀ ခန့်အတွက် လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေပြီး လယ်ယာသုံးစက်ပစ္စည်းများ သွားလာရေးအတွက်လည်း အကျိုးပြုလျက်ရှိကြောင်း ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထန်းအွမ်က ပြောသည်။

**စိုးမိုးကျော်**



ဖောက်လုပ်ပြီးစီးနေသည့် ကျေးလက်လမ်းပိုင်းတစ်နေရာ။

# ဖရဲ၊ သခွားမွှေး ပြည်ပဈေးကွက်ရပ်နေ၍ ပြည်တွင်းဈေးကွက်ကိုသာ အားထားရောင်းနေ

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာ့ ဖရဲ၊ သခွားမွှေးများကို ပြည်ပတင်ပို့သည့် Export ဈေးကွက် ရပ်တန့်နေသဖြင့် ပြည်တွင်းဈေးကွက်ကိုသာ အားထားရောင်းချနေကြကြောင်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများထံမှ သိရသည်။

"ပြည်ပဈေးကွက် မရှိတော့ပေမယ့်လည်း ဖရဲနဲ့ သခွားမွှေးကိုတော့ တောက်လျှောက် စိုက်နေကြတုန်းပါ။ သခွားမွှေး အနည်းအကျဉ်းနဲ့ ဖရဲလည်းအနည်းအကျဉ်း စိုက်ထားပါတယ်။ မိုးဖရဲ၊ မိုးသခွားမွှေးက ဇွန်၊ ဇူလိုင်လတွေတုန်းက စိုက်ထားတာမို့ ခူးတဲ့သူလည်းခူး ဆွတ်တဲ့သူလည်း ဆွတ်နေကြပါပြီ။ ဈေးကွက်ကတော့ ပြည်တွင်းဈေးကွက်ကိုပဲ အဓိကထား ချိတ်ဆက်တင်ပို့ ရောင်းချနေကြပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာမှ ဖရဲ၊ သခွားမွှေး စိုက်ပျိုးသူ ဦးသိန်းနိုင်က ပြောသည်။ လက်ရှိတွင် ပြည်တွင်းဈေးကွက်အနေဖြင့် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများသို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ဈေးကွက်က တရုတ်ဘက်ကပိတ်ထားတော့ ရန်ကုန် သီရိမင်္ဂလာဈေးက ပွဲစားတွေက ကိုယ်စားလှယ်တွေနဲ့ ချိတ်ဆက်ဝယ်ယူနေပါတယ်။ မန္တလေးကိုလည်း တင်ပို့ရောင်းချရပါတယ်။ ပြည်ပပို့တုန်းကလောက် ဈေးမကောင်းရင်တောင် ဈေးတအားမကွာလို့ ရှုံးတော့မရှုံးကြပါဘူး။ ပြည်ပပို့တဲ့အခါ ကီလိုနဲ့ရောင်းရပြီး ပြည်တွင်းမှာကျတော့ အလုံးပြတ်ရောင်းကြပါတယ်။ ဖရဲသီးတစ်လုံးကို ငွေကျပ် ၇၀၀ ၊ ၈၀၀ စသဖြင့် အလုံးပြတ်နဲ့ပေါ့"ဟု ၎င်းက ဆက်ပြောသည်။

ကိုဗစ်– ၁၉ တတိယအကျော့၏ ရိုက်ခတ်မှုအမျိုးမျိုးကြောင့် ပြည်ပတင်ပို့မှုလမ်းကြောင်းအများစု ရပ်တန့်သွားပြီး မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် မြန်မာ့ဖရဲ၊ သခွားမွှေးများ အဓိကတင်ပို့နေသည့် တရုတ်နိုင်ငံဈေးကွက်မှာလည်း ရပ်တန့်နေခြင်းဖြစ်သည်။

**နန်းထက်ထက်ချစ်**

# ကျွန်းလှမြို့နယ်၌ မိုးရာသီသီးနှံမျိုးစုံ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်

**ကျွန်းလှ အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြရာ ယခုနှစ် မိုးရာသီ သီးနှံမျိုးစုံ ၇၄၇၄၆ ဧက စိုက်ပျိုးရန် လျာထားသည့်အနက် ၇၇၉၂၆ ဧကအထိ လျာထားချက်ကျော်လွန်အောင် စိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများမှာ မိုးကောင်းသောကြောင့် ဖြစ်ကြောင်း၊ ချောင်းပိတ်၊ မြောင်းပိတ်၊ မြေအောက်ရေတင်ပြီး သီးနှံမျိုးစုံ စိုက်ပျိုးကြကြောင်း၊ ၂၀၂၂ ခုနှစ်တွင် မိုးစပါး ၃၄၈၉၉ ဧက၊ ပဲမျိုးစုံ ၁၇၂၉၅ ဧက၊ ကြံ ၇၃ ဧက၊ ဆီထွက်သီးနှံ ၇၂၁၃ ဧက၊ ဝါ ၁၃ ဧက၊ အခြားသီးနှံ ၁၆၈၈၄ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စုစုပေါင်း ၇၇၉၂၆ ဧက စိုက်ပျိုးနိုင်ကြောင်း သိရသည်။

မိုးသီးနှံစိုက်ခင်းများ အထွက်နှုန်းကောင်းပြီး အောင်မြင်ဖြစ်ထွန်းရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကွဲနုတ်ပယ်ခြင်း၊ သမန်းနှိုးခြင်း၊ ဓာတ်မြေသြဇာ အချိုးကျသုံးစွဲခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ကွင်းဆင်းအသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ရေဝတီမြစ်ကူးတံတား အမှတ်(၂) စီမံကိန်းဧရိယာတွင် ပါဝင်နေသည့် မြေပိုင်ရှင်များအား လျော်ကြေးငွေကျပ် သိန်း ၅၇၀၀ နီးပါးပေးအပ်

**မြစ်ကြီးနား အောက်တိုဘာ ၃**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်အတွင်း တည်ဆောက်သွားမည့် ရေဝတီမြစ်ကူးတံတား အမှတ်(၂)တံတားဧရိယာအတွင်း တံတားအူကြောင်းနှင့် မလွတ်ကင်းသည့် မြေယာ/ သီးနှံ/ အဆောက်အအုံပိုင်ရှင်များအား ဒုတိယအရစ်အဖြစ် လျော်ကြေးငွေ ပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁ ရက်က မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

လျော်ကြေးငွေများပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် ရေဝတီမြစ်ကူးတံတား အမှတ်(၂) စီမံကိန်းဧရိယာအတွင်း တံတားအူကြောင်းနှင့်မလွတ်ကင်းသည့် မြေယာပိုင်ရှင်များအတွက် လျော်ကြေးငွေကျပ် ၅၆၉၅၇၅၀၀၀ အနက် ပထမအရစ်အဖြစ် ငွေကျပ် ၂၈၃၇၈၈၀၀၀ ကို ပေးအပ်ပြီး ယနေ့တွင် ကျန်ရှိသည့် ဒုတိယအရစ်အဖြစ် လျော်ကြေးငွေ အပြီးသတ်ပေးအပ်ခြင်းဖြစ်ကြောင်း၊ တံတားအသစ် စီမံကိန်းအတွက် ယခုလို ပူးပေါင်းပါဝင်မှုကို မိမိတို့အနေဖြင့် မှတ်တမ်းတင် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က တံတားစီမံကိန်းဧရိယာအတွင်း ပါဝင်သည့် မြေဧရိယာစုစုပေါင်း ၀ ဒသမ ၆၈၀ ဧက အပါအဝင် အဆောက်အအုံများ၊ ရေတွင်းနှင့် သီးနှံများအတွက် ဒုတိယအရစ်အဖြစ် ကျန်ရှိသည့် လျော်ကြေးငွေကျပ် ၂၈၃၇၈၈၀၀၀ ကို မြေယာပိုင်ရှင် ရှစ်ဦးတို့အား တစ်ဦးချင်းစီ၏ ပိုင်ဆိုင်မှုတန်ဖိုးအတိုင်း ပေးအပ်သည်။

ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် နယ်စပ်ကုန်စည်စီးဆင်းမှု အဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် အဆိုပါရေဝတီမြစ်ကူးတံတားအမှတ်(၂) စီမံကိန်းကို မဖြစ်မနေ တည်ဆောက်ရန် လိုအပ်သည့်အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လက်ရှိအသုံးပြုနေသည့်



ဗလမင်းထင်တံတား၏ အောက်ဘက်မီတာ ၄၀ အကွာတွင်တည်ဆောက်နိုင်ရန် ကွင်းဆင်းစိစစ်ရေးအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ရာ စီမံကိန်းနေရာနှင့် မလွတ်ကင်းသည့် မြေယာပိုင်ရှင်ရှစ်ဦးတို့အား လျော်ကြေးငွေများ ပေးအပ်ခြင်းဖြစ်သည်။

တည်ဆောက်မည့် တံတားသစ်သည် အရှည် ၃၂၁၂ ပေ ရှည်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းတစ်ဖက် သုံးပေစီ ပါရှိကာ သံကူကွန်ကရစ်ရေလယ်တိုင်နှင့် ကမ်းကပ်ခုံ၊ Steel Truss ၊ Steel Box Girder and RCC Slab အမျိုးအစားဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက် )

# နတ်မောက်မြို့၌ မိုးများသဖြင့် ဌာနဆိုင်ရာရုံးအချို့သို့ ရေများဝင်ရောက်

**နတ်မောက် အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ယမန်နေ့က မိုးရွာသွန်းမှုများခြင်းကြောင့် နတ်မောက်မြို့အထွက် နတ်မောက်- မကွေး ကားလမ်းဘေးရှိ ဌာနဆိုင်ရာရုံးများအတွင်းသို့ ရေများဝင်ရောက်လျက်ရှိသည်။



မိုးရွာသွန်းမှုကြောင့် နတ်မောက်မြို့အနောက်ဘက်ရှိ ကျေးလက်ထိန်းသိမ်းကန် ရေလျှံပြီး နတ်မောက်- မကွေး ကားလမ်းဘေးရှိ ဌာနဆိုင်ရာရုံးများဖြစ်သော မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိရုံးနှင့် မြို့နယ်တရားရုံးများတွင် ရေဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ရေဝင်ခဲ့သော်လည်း ရုံးတွင်းရှိ စာရွက်စာတမ်းများ၊ အရေးကြီးသည့် ရုံးပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျေးရွာ ၇၈ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ကျောက်ဆည် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သား၊ ပုသိမ်ကြီးမြို့နယ်များရှိ ကျေးရွာ ၇၈ ရွာ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၇၈၀၀ နှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများဖြင့် ဆောင်ရွက်ခဲ့သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

ခရိုင်အတွင်း မြို့နယ်အလိုက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုမှာ ကျောက်ဆည်မြို့နယ်မှ ကျေးရွာ ၁၅ ရွာ၊ စဉ့်ကိုင်မြို့နယ်မှကျေးရွာ ၁၅ ရွာ၊ တံတားဦးမြို့နယ်မှကျေးရွာ ၁၉ ရွာ၊ မြစ်သားမြို့နယ်မှ ကျေးရွာ ၁၅ ရွာ၊ ပုသိမ်ကြီးမြို့နယ်မှ ကျေးရွာ ၁၄ ရွာ စုစုပေါင်းကျေးရွာ ၇၈ ရွာဖြစ်ပြီး လုပ်ငန်းအမျိုးအစားများမှာ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၇၃ ခု၊ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း တစ်ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်းသုံးခု၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းတစ်ခုဖြစ်သည်။

လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၇၈၀၀ နှင့် ကျေးရွာများမှ ပြည်သူလူထု ထည့်ဝင်ငွေကျပ်သိန်း ၅၀၀၀ ကျော်တို့ဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် ဦးဆောင်၍ ယခုနှစ်ဇန်နဝါရီလအတွင်းက စတင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ခရိုင်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်က Pilot Project အဖြစ် စတင်ဆောင်ရွက်ခဲ့ရာ ယခု ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၂၉၁ ရွာတွင် ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်စဉ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ လမ်းခင်းခြင်း၊ တံတားတည်ဆောက်ခြင်း အစရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းခွင့်ပြုရန်ပုံငွေ တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးဝင်းမြင့်က ပြောသည်။

**ငြိမ်းသူ**



ကျေးရွာတစ်ရွာ၌ ဆောင်ရွက်ပြီးစီးနေသော ရွာတွင်းလမ်းတစ်ခု။

# နွားထိုးကြီးမြို့ရှောင်လမ်း အကောင်အထည်ဖော်ပေးရန် ဒေသခံများ လိုလားနေ

**နွားထိုးကြီး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီးအတွင်း တောင်သာလမ်းနှင့် မလှိုင်လမ်းတို့ လမ်းဆုံကျသည့် နွားထိုးကြီးမြို့တွင် ယာဉ်များသွားလာမှုများနေ၍ မြို့ရှောင်လမ်း အကောင်အထည်ဖော်ပေးရန် မြို့ခံများက လိုလားနေကြကြောင်း သိရသည်။

ယခင်က မြင်းခြံမှလှည့်ပတ်ရသော တောင်သာ၊ မလှိုင်လမ်းများမှာ နွားထိုးကြီးကိုဖြတ်၍ ခရီးတိုအချိန်တိုအတွင်း သွားလာနိုင်ပြီဖြစ်သဖြင့် မန္တလေးမှကုန်စည်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်အမျိုးမျိုးမှာ မြင်းခြံကိုမသွားဘဲ နွားထိုးကြီးကိုဖြတ်သောကြောင့် ယာဉ်သွားလာမှုများပြားလာခြင်းဖြစ်သည်။

နွားထိုးကြီးမြို့တွင်း အောင်ဆန်းလမ်းပေါ်၌ ဘီလပ်မြေတင်ကား၊ သီးနှံတင်ကားများအပါအဝင် ကုန်တင်ယာဉ်များသွားလာမှုမှာ ယခင်ကထက် များပြားလာပြီး နွားထိုးကြီးမြို့တွင်း လမ်းဆုံ(၅)နေရာ၌ ယာဉ်အန္တရာယ် ပိုများလာသဖြင့် နွားထိုးကြီးမြို့တွင် ၁၉၉၀ ပြည့်နှစ်က ဖောက်လုပ်ရန်ရည်မှန်းခဲ့သော မြို့အနောက်ဘက် တာတိုင်ကုန်းမှ အမှတ်(၆)ရပ်ကွက်အနီး ပေပင်တောကိုဖြတ်၍ ထန်းဇင်ရွာအနီးတွင် ဖောက်ထွက်သော မြို့ရှောင်လမ်းကို အကောင်အထည်ဖော်ပေးရန် မြို့ခံပြည်သူများက လိုလားနေခြင်းဖြစ်သည်။

**ဌေးမြင့်မောင်**

# မလှိုင်မြို့မစည်ပင်သာယာဈေးကို ပုံမှန်ပြန်လည်ဖွင့်လှစ်

**မလှိုင် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်လာနိုင်သည့်အတွက် ဒေသခံပြည်သူများ၏ စားဝတ်နေရေး ပြေလည်စေရန် မြို့မ စည်ပင်သာယာဈေးကြီးကို ယမန်နေ့မှစ၍ ပုံမှန်အချိန်အတိုင်း ပြန်လည်ဖွင့်လှစ်ရောင်းချခွင့် ပြုလိုက်ပြီဖြစ်ကြောင်း မြို့နယ် ကိုဗစ်- ၁၉ ရောဂါထိန်းချုပ်နှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်ထံမှ သိရသည်။

ကိုဗစ်- ၁၉ ရောဂါကြောင့် မြို့မစည်ပင်သာယာဈေးကို ဇူလိုင် ၁၇ ရက်မှစတင်၍ နံနက် ၆ နာရီမှ မွန်းလွဲ ၁ နာရီ အထိသာ ဖွင့်လှစ်ရောင်းချရန် ခွင့်ပြုပေးထားရာမှ ယခုအခါ ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုကို ထိန်းချုပ်လာနိုင်သည့်အပြင် ဈေးသူ ဈေးသားများအား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်၍ သတ်မှတ်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပုံမှန်ဈေးဖွင့်ချိန်အတိုင်း ပြန်လည်ဖွင့်လှစ် ရောင်းချခွင့်ပြုခြင်းဖြစ်သည်။ ထို့အပြင် ဈေးရောင်း၊ ဈေးဝယ်သူများအားလုံး နှာခေါင်းစည်း စနစ်တကျတပ်ဆင်ရန်နှင့် မတပ်ဆင်ပါက နှာခေါင်းစည်းတစ်ခုလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ဒဏ်ရိုက်တပ်ဆင်စေမည်ဖြစ်ကြောင်း၊ ကိုဗစ်ကာကွယ်ဆေး မထိုးနှံရသေးလျှင်လည်း ဈေးရောင်းချခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

မလှိုင်မြို့နယ်တွင် ဇွန် ၂၁ ရက်မှ ယနေ့အထိ ကိုဗစ် ပိုးတွေ့အတည်ပြုလူနာ ၇၁၁ ဦးရှိကာ ကျန်းမာရေးကောင်းမွန်၍ ဆေးရုံမှဆင်းခွင့်ရသူ ၆၄၆ ဦးနှင့် သေဆုံးသူ ၁၅ ဦး ရှိကြောင်း သိရသည်။

**အောင်ဌေး (မလှိုင်)**

# ပေါက်တောမြို့နယ်ရှိ IDPs စခန်း၌ ခိုလှုံနေသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံ

**ပေါက်တော အောက်တိုဘာ ၃**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အလယ်ဖရုံကာကျွန်းရှိ မညင်းကိုင်း ကျေးရွာအုပ်စု ကြိမ်နီပြင် IDPs စခန်းတွင် ခိုလှုံနေသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရာ အသက် (၄၅) နှစ်အထက်နှင့် အသက် (၆၅) နှစ်အထက် သက်ကြီးရွယ်အိုများအား ဒုတိယအကြိမ် ကာကွယ်ဆေးကို ယနေ့နံနက်ပိုင်းက ဆက်လက်ထိုးနှံပေးသည်။

အဆိုပါ IDPs စခန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနေမှုကို ပေါက်တောမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ ထိုသို့ ကာကွယ်ဆေး ထိုးနှံခြင်း ဆောင်ရွက်ရာတွင် ပေါက်တောမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကိုကိုအောင် ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်း





မပြုမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင် တိုင်းတာပေးခြင်းတို့ကို ပြုလုပ်ပေးကြပြီး ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးကြသည်။

ကြိမ်နီပြင် IDPs စခန်း၌ အမျိုးသား အမျိုးသမီး စုစုပေါင်း ၁၂၁ ဦး ကာကွယ်ဆေးလာရောက်ထိုးနှံကြသည်။ ပေါက်တောမြို့နယ်၌ ဆင်တက်မော်၊ အနောက်ရဲ၊ ကြိမ်နီပြင်၊ ငှက်ချောင်း (၁) နှင့် ငှက်ချောင်း (၂) စသည့် IDPs စခန်း ငါးနေရာတို့အနက် ဆင်တက်မော်၊ အနောက်ရဲနှင့် ကြိမ်နီပြင်စခန်းများတွင် ထိုးနှံပေးခဲ့ပြီး ကျန်ရှိ IDPs စခန်း နှစ်နေရာသို့ သွားရောက်ပြီး ဆက်လက် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရှိသည်။

**ကျော်သန်း(ပြန်/ဆက်)**

## မြေပုံမြို့နယ်၌ နေရပ်စွန့်ခွာစခန်း နေသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံ

**မြေပုံ အောက်တိုဘာ ၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ်၌ နေရပ်စွန့်ခွာစခန်း ခြောက်ခုတွင် အသက် (၁၈) နှစ်နှင့်အထက်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinovac ဒုတိယအကြိမ် ထိုးနှံခြင်းကို ယမန်နေ့နံနက်ပိုင်းက စတင်ကာ သတ်မှတ်စုရပ်များ၌ ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဦး၏ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းထွန်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ ထွေ/အုပ် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စခန်းတာဝန်ခံများ ပူးပေါင်း၍ ကာကွယ်ဆေးထိုးစုရပ် ၆ နေရာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးညွှန်ကြားချက်နှင့်အညီ ကမ်းထောင့်ကြီး၊ သရက်တောင်၊ ပင်ကပ်တောင်၊ ကျီးခေါင်းတောင်၊ ရက်ချောင်းနှင့် ပြားသုန်း နေရပ်စွန့်ခွာစခန်းများ၌ ကာကွယ်ဆေးထိုးရန် သတ်မှတ်လိုက်နာလုပ်ဆောင်ရမည့် စည်းကမ်းချက်များနှင့်အညီ အသက် (၁၈) နှစ်နှင့်အထက်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**တင်ဝင်း (ပြန်/ဆက်)**



**အပြင်ထွက်တိုင်း**
**ပါးစပ်နှင့်နှာခေါင်းစည်း (mask) ကို**
**စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်း တစ်ရပ်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေးဘာသာမရွေး အသက် (၅၅) နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေး စခန်းများနှင့် ယာယီ နေရပ်စွန့်ခွာစခန်းများ ရှိ ပြည်သူများ စသည့်ဦးတည် အုပ်စု ၁၆ စု သတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နေ့စဉ်ထိုးနှံပေးလျက်ရှိသည်။ ယနေ့တွင်လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့၌ ၁၄၆၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းတုံမြို့တို့၌ ၉၈၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ ၄၀၀၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ၁၄၁၅ ဦး၊ ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ ၆၀၅၁ ဦး၊ စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ် တို့ရှိ ကယ်ဆယ်ရေး စခန်းများမှ ဘင်္ဂါလီ ၁၀၇၇ ဦး၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ၈၄၅၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင် အတွင်း၌ ၃၈၂၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကျောင်းကုန်းမြို့ရှိ ဒေသခံပြည်သူများထံ နှာခေါင်းစည်းများ အခမဲ့ပေးဝေ

**နေပြည်တော် အောက်တိုဘာ ၃**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ထိန်းချုပ်ကာကွယ်ရာတွင် အခြေခံအကျဆုံးမှာ နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုခြင်းပင်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော အရည်အသွေးကောင်းမွန်သည့် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့ရှိ လူစည်ကားရာလမ်းများ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ သွားရောက်၍ နှာခေါင်းစည်း ၁၀၀၀ ကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပန်းဆိုးတန်း-ဒလ ချယ်ရီသင်္ဘော အခေါက်ရေပြောင်းလဲပြေးဆွဲ

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ကူးတို့သင်္ဘောဆိပ်ကမ်း၌ ခရီးသည်များ အဆင်ပြေစေရေးအတွက် ရေယာဉ်ခရီးစဉ်အချိန်နှင့်အခေါက်ရေများကို ပြောင်းလဲပြေးဆွဲ ပေးလျက်ရှိကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး(မြစ်ဝကျွန်းပေါ်ဌာနခွဲ) မှ သိရသည်။



ရန်ကုန်မြစ်အတွင်း ခရီးသည်များတင်ဆောင်၍ ချယ်ရီသင်္ဘော သုံးစင်းဖြင့် အလှည့်ကျပြေးဆွဲပေးလျက်ရှိရာ ရုံးဖွင့်ရက်တွင် အသွား အခေါက် ၃၀၊ အပြန် အခေါက် ၃၀၊ ရုံးပိတ်ရက်တွင် အသွားအခေါက် ၂၀၊ အပြန် အခေါက်၂၀ ပြေးဆွဲမည်ဖြစ်ပြီး ဒလဆိပ်ကမ်းမှ နံနက် ၅ နာရီခွဲမှ ညနေ ၆ နာရီခွဲ၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ နံနက် ၆ နာရီမှ ည ၇ နာရီအထိ ခေါက်ရေပြေးဆွဲပေးနေကြောင်း သိရသည်။ သင်္ဘောခေါက်ရေ တိုးချဲ့ပြေးဆွဲမှုနှင့် ပတ်သက်၍ (ပန်းဆိုးတန်း-ဒလ) လက်မှတ်ရုံးများတွင် သင်္ဘောထွက်ချိန်ဇယားနှင့်တကွ အသိပေးကြေညာထားကြောင်း သိရသည်။ စီးပွားရေးမြို့တော်ရန်ကုန်မြို့သို့ ဝင်ထွက်သွားလာရာတွင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်အပါအဝင်၊ ဒလမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ မှီခိုအားထားနေရကြောင်း သိရသည်။ **အာကာစိုး**

# ကျောက်ဖြူမြို့ရှိ လူငယ် လူရွယ်များ စာပေလေ့လာဖတ်ရှုမှု တိုးပွားလာစေရန် ပင်လယ်ကမ်းခြေ၌ ရွေ့လျားစာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်

**ကျောက်ဖြူ အောက်တိုဘာ ၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ လူငယ်၊ လူရွယ်များအား စာအုပ်စာပေကို လေ့လာဖတ်ရှုမှု ပိုမိုတိုးပွားလာစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် အသိဉာဏ်ပညာ ဗဟုသုတများ တိုးပွားလာစေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ အောက်တိုဘာ ၂ ရက်က ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက အဆိုပါမြို့ရှိပင်လယ်ကမ်းခြေ၌ ရွေ့လျားစာကြည့်တိုက် Mobile Library ဖွင့်လှစ်ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ယုယုနွယ်၏ ဦးဆောင်မှုဖြင့် တာဝန်ရှိ ဝန်ထမ်းများက Mobile Library ဖြင့် သုတ၊ ရသ၊ ရုပ်ပြ၊ တေဇ၊ မဂ္ဂဇင်း/စာစောင် စသည့် စာအုပ်ပေါင်း ၅၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ရာ အဆိုပါ ပင်လယ်ကမ်းခြေသို့ အပန်းဖြေရန် လာရောက်ကြသည့် လူငယ်၊ လူရွယ်များမှ စိတ်အားထက်သန် ပျော်ရွှင်စွာဖြင့် ငှားရမ်းခဲ့ကြသည်။



ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ယင်းသို့ Mobile Library ဆောင်ရွက်ခြင်းကို အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်မည်ဖြစ်ပြီး စာအုပ်၊ စာပေ ငှားရမ်းသူများကိုလည်း ကိုဗစ်-၁၉ရောဂါကာကွယ်ရေး လမ်းညွှန်ချက်နှင့်အညီ ငှားရမ်းပေးလျက်ရှိကြောင်း သိရှိရသည်။

**ဇူလိုင်ကြယ် (ပြန်/ဆက်)**

# ခရမ်းမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**ရန်ကုန် အောက်တိုဘာ ၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့"ဆိုသည့် ဆောင်ပုဒ်ဖြင့် ပန်းခင်းစီမံချက်အရ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော အသက် (၁၀) နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးနှင့် အိမ်ထောင်စုစာရင်းရရှိရေးအတွက် မေလပထမပတ်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပုဂံတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သန်းနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးသည်။



အဆိုပါ ပုဂံတောင်ကျေးရွာတွင် အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၃ ဦး၊ (၁၈) နှစ်ပြည့် ၁၈ ဦး စုစုပေါင်း ၅၁ ဦး နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

# ညောင်တုန်းမြို့နယ်၌ ရုတ်တရက်လေပြင်းတိုက် နေအိမ်နှစ်လုံး ပြိုကျပျက်စီးခဲ့ပြီး ၁၉ လုံး အမိုးလန်ပျက်စီး

**ညောင်တုန်း အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သဇင်ရေကျော်ကျေးရွာအုပ်စု ပန်းဆိပ်ကျေးရွာတွင် ယမန်နေ့ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှစ်လုံး ပြိုကျပျက်စီးခဲ့ပြီး ၁၉ လုံး အမိုးလန်ပျက်စီးသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

ထို့အတူ သပြုရေလယ်ကျွန်းကျေးရွာအုပ်စု ရွှေဒင်္ဂါးကျွန်းကျေးရွာတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းခြေမှ အလျားပေ ၁၀၀၊ အနံပေ ၆၀ ခန့် မြစ်ကမ်းပါးပြိုကျခဲ့ပြီး မြစ်ကမ်းနှင့်နီးသော နေအိမ်နှစ်လုံးကို ကမ်းလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# တောင်ကုတ်မြို့၌ ရေတိုက်စားခြင်းခံရသည့်အရှိန်ကြောင့် ချောင်းဘေးနေအိမ်အချို့ နောက်ဘက်ခန်းများ ချောင်းအတွင်းပြိုကျ

**တောင်ကုတ် အောက်တိုဘာ ၃**

တောင်ကုတ်မြို့ ဂူတာရပ်ကွက် ဦးဥတ္တမလမ်းဘေး တောင်ကုတ်ချောင်း ကမ်းပါးဘက်ခြမ်းတွင် တည်ဆောက်ထားသော နေအိမ်အချို့မှာ ရေတိုက်စားခြင်းခံရသည့်အရှိန်ကြောင့် ကမ်းထိန်းနံရံပြိုပျက်ကာ နေအိမ်အချို့၏ တစ်စိတ်တစ်ပိုင်းမှာ ယနေ့နံနက်ပိုင်းက ချောင်းအတွင်းပြိုကျခဲ့ကြောင်း သိရသည်။

အဆိုပါပြိုကျခဲ့သည့်အိမ်များမှာ အိမ်အမှတ်(၃၄၇-A)၊ အိမ်အမှတ်(၃၄၇-B)၊ အိမ်အမှတ်(၃၄၅)၊ အိမ်အမှတ်-(၆၃)၊ အိမ်အမှတ်(၆၁)၊ အိမ်အမှတ်(၅၉)နှင့်အိမ်အမှတ်(၅၈)တို့ရှိ နေအိမ်နောက်ဘက်ခန်းများဖြစ်ပြီး**(အောက်ပုံ)** အိမ်အမှတ် (၅၈)နှင့် (၅၉) တို့၏ နေအိမ်နောက်ဘက်ခန်းများမှာ ကွဲအက်နေသည့်အတွက် အန္တရာယ်ရှိကြောင်း သိရသည်။

အဆိုပါနေအိမ်များ ပြိုကျပျက်စီးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ထွန်းလှနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆွေလင်းမောင်နှင့် တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နေအိမ်များရှိ မိသားစုဝင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၂၉ ဦးတို့ကို ဘေးလွတ်ရာဆွေမျိုးများနေအိမ်သို့ ရွှေ့ပြောင်းထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တောင်ကုတ်မြို့တွင် မိုးရာသီ၌ တောင်ကုတ်ချောင်းရေများ နှစ်စဉ်တိုက်စားလျက်ရှိသည့်အတွက် ချောင်းကမ်းပါးများ ပြိုကျပျက်စီးမှုမရှိစေရေး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကမ်းထိန်းနံရံများ ပြုလုပ်ပေးခဲ့သည်။

ပြီးခဲ့သည့် ဇူလိုင်၂၆ ရက်ကလည်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် တောင်ကုတ်မြို့နယ်နှင့် သံတွဲမြို့နယ်တို့တွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်သည်။ **ခရိုင်(ပြန်/ဆက်)**



## မြောက်ဦးမြို့မှ နေရပ်စွန့်ခွာသူများအတွက် စားသောက်ကုန်နှင့် အသုံးအဆောင်များ ထောက်ပံ့



ပြည်နယ်ဝန်ကြီးချုပ်က နေရပ်စွန့်ခွာသူများအား အသုံးအဆောင်ပစ္စည်းများ ပေးအပ်နေစဉ်။

**စစ်တွေ အောက်တိုဘာ ၃**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မြောက်ဦးမြို့ သျှစ်သောင်းပရိယတ္တိ ဘုန်းတော်ကြီးကျောင်း၊ မြတန်ဆောင်း ပညာဒါနကျောင်းနှင့် မင်္ဂလာအောင်စေတီဘုရား နေရပ်စွန့်ခွာစခန်းများမှ နေရပ်စွန့်ခွာသူများအား စက်တင်ဘာ ၃၀ ရက်က သွားရောက်တွေ့ဆုံကာ စားသောက်ကုန်နှင့် အသုံးအဆောင်များ ထောက်ပံ့ပေးအပ်သည်။

နေရပ်စွန့်ခွာသူများအတွက် ဆီ၊ ကြက်သွန်၊ ကုလားပဲ၊ ဆား၊ ကြက်ဥ၊ အဝတ်အထည်များ၊ အမျိုးသမီးသုံးပစ္စည်းများ၊ ဖိနပ်များနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံး ပစ္စည်းများကို ထောက်ပံ့ ပေးအပ်ခြင်းဖြစ်ပြီး နေရပ်စွန့်ခွာစခန်းနေ ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနေမှုကိုလည်း ကြည့်ရှုအားပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းချီးမြှင့် ထောက်ပံ့ခြင်း၊ အောက်ဆီဂျင် စက်ရုံအတွက် အလှူငွေပေးအပ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့လည်း တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျန်းမာရေးဝန်ထမ်းများအတွက် ဂုဏ်ပြုငွေကျပ်သိန်း ၂၀ နှင့် ဂုဏ်ပြုမှတ်တမ်း၊ အောက်ဆီဂျင် စက်ရုံအတွက် အလှူငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြောက်ဦးမြို့နယ် လောင်းကြပ်ကျေးရွာအနီး ဗီပင်ရင်းစိုက်ပျိုးပညာပေးစခန်း၌ ဒေသခံတောင်သူများနှင့် သွားရောက်တွေ့ဆုံရာ ဒေသခံတောင်သူများက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဆန်စပါးများ မျိုးကောင်း မျိုးသန့်ရရှိရေး၊ ဈေးကွက်သို့ ထိုးဖောက်ရောင်းချနိုင်ရေး လိုအပ်ချက်များကို တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး၍ စိုက်ပျိုးရေးပညာပေးစခန်းအတွင်း မျိုးစေ့နမူနာများနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာနမူနာများ ပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြောက်ဦးမြို့ မြို့တော်ခန်းမ၌ အသက် ၄၅ နှစ်နှင့်အထက် ဒေသခံ ပြည်သူများအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးသည်။ **တင်ထွန်း(ပြန်/ဆက်)**

## မြဝတီမြို့နယ်မှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**ဘားအံ အောက်တိုဘာ ၃**

ကရင်ပြည်နယ် မြဝတီမြို့နယ် မင်းလက်ပံကျေးရွာတွင် ပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ပိုမိုအောင်မြင်စေရေးအတွက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာ စီမံကိန်းအသင်းသားများနှင့် စက်တင်ဘာ ၂၉ ရက် က တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ကျေးရွာနေပြည်သူများအနေဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ ပိုမိုအောင်မြင်စေရေး အတွက် မိမိတို့အစိုးရအနေဖြင့် လည်း လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရန်မျိုးနိုင်က မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်း တင်ပြသည်။

မင်းလက်ပံကျေးရွာတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အသင်းသား ၃၀၃ ဦး၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြား သက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ငွေကျပ် ၄၁၅ သိန်း ထုတ်ချေးပေးထားကြောင်း၊ ခုနစ်နှစ်အတွင်း စီမံကိန်းမှ အတိုးရငွေနှင့် ပြည်သူထည့်ဝင်ငွေများပေါင်း၍ မီးသဂြိုဟ်စက်တစ်လုံးလည်း တည်ဆောက်နိုင်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## သတင်းမီဒီယာကောင်စီနှင့် ဖြူးမြို့နယ်မှ ဒေသခံသတင်းမီဒီယာများ တွေ့ဆုံဆွေးနွေး

**ဖြူး အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်မှ ဒေသခံသတင်းမီဒီယာများ အနေဖြင့် သတင်းအမှား၊ သတင်းအတုကိစ္စ၊ သတင်းမီဒီယာကျင့်ဝတ်များ လိုက်နာရန်ကိစ္စများ စသည်တို့နှင့် ပတ်သက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တွေ့ဆုံဆွေးနွေး လမ်းညွှန်မှာကြားခြင်းနှင့် Press Helmet ဦးထုပ်၊ သတင်းမီဒီယာ ဥပဒေစာအုပ်များ အခမဲ့ဖြန့်ဝေခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီအတွင်းရေးမှူး ဦးမျိုးထွန်းက သတင်းအမှား၊ သတင်းအတုကိစ္စ၊ သတင်းမီဒီယာကျင့်ဝတ်များ လိုက်နာရန်ကိစ္စများနှင့် သတင်းမီဒီယာဥပဒေဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တွဲဖက်အတွင်းရေးမှူး(၂) ဦးအောင်ပြည့်စုံက မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီက ဒေသခံ သတင်းမီဒီယာများနှင့် တွေ့ဆုံရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နွယ်နွယ်အေးက တက်ရောက်လာကြသော သတင်းမီဒီယာသမားများ ကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။



ထို့နောက် ဒေသခံသတင်းမီဒီယာများက သတင်းများရယူရာတွင် တွေ့ကြုံရသည့် အခြေအနေများကို တင်ပြကြပြီး အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပြန်လည်ပေါင်းစပ်ညှိနှိုင်းပေးကာ သတင်းမီဒီယာ ဥပဒေစာအုပ်၊ သတင်းမီဒီယာပုံရိပ်မှတ်တမ်းစုံစာတမ်းများ၊ သူတို့ပြောသည့် မြန်မာ့သတင်းမီဒီယာ သမိုင်းစာအုပ်များနှင့် Press Helmet ဦးထုပ်များကို တက်ရောက်လာကြသည့် သတင်းမီဒီယာအဖွဲ့များထံ အခမဲ့ဖြန့်ဝေပေးသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## မှော်ဘီမြို့နယ်၌ မြစိမ်းရောင်ကျေးရွာထူထောင်ခြင်းနှင့် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်ဝယ်ယူရေး ရန်ပုံငွေပေးအပ်

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်(အသားကဏ္ဍ) ကျေးရွာထူထောင်ခြင်းနှင့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်ဖြန့်ဖြူးခြင်း ရန်ပုံငွေပေးအပ်ပွဲကို အောက်တိုဘာ ၁ ရက်က စိုက်ပျိုးရေးသုတေသန (မှော်ဘီ) ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှတစ်ဆင့် ကျေးလက်ဒေသများတွင် မြစိမ်းရောင် (အသားကဏ္ဍ) ကျေးရွာ ထူထောင်ခြင်းနှင့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွေးမြူသူများလာသည်နှင့်အမျှ တိရစ္ဆာန်ကောင်ရေ တိုးပွားစေရန်၊ ဒေသ/ရာသီ ဥတုနှင့် ကိုက်ညီပြီး ထုတ်လုပ်မှုမြင့်မားသော မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ မွေးမြူလာစေရန်၊ မွေးမြူသူအစုအဖွဲ့များ၏ စီမံကွပ်ကဲမှုအရ လက်ဆင့်ကမ်း မွေးမြူခြင်းဖြင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးလာစေရန်၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူတို့၏ ဝင်ငွေတိုးတက်လာစေရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရရှိလာသော အတိုးငွေများမှ မိမိတို့ရပ်ရွာအတွင်း လိုအပ်သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြစိမ်းရောင် (အသားကဏ္ဍ)အတွက် မှော်ဘီမြို့နယ် ကျွဲခေါင်းအင်းကျေးရွာနှင့် ကြိမ်ပိုက်ကျေးရွာသို့ ဝက်မွေးမြူရန် မတည်ငွေကျပ်သိန်း ၃၀၀၊ တိုက်ကြီးမြို့နယ် အုန်းပင်စုကျေးရွာသို့ ဒေသနွားမွေးမြူရေးအတွက် မတည်ငွေကျပ်သိန်း ၃၀၀၊ မှော်ဘီမြို့နယ် ရေတာကျေးရွာသို့ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်ဝယ်ယူဖြန့်ဖြူးရေးအတွက် နွားမွေးမြူရန် မတည်ငွေကျပ် သိန်း ၃၀၀ စုစုပေါင်းငွေကျပ်သိန်း ၉၀၀ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **ဖွဲထက်ကို(ပြန်/ဆက်)**



## ပြည်သူများစုပေါင်းလှူဒါန်းသော အောက်ဆီဂျင်ထုတ်စက် ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိ

**ပုဏ္ဏားကျွန်း အောက်တိုဘာ ၃**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ ခံစားနေရသူများနှင့် အောက်ဆီဂျင်လိုအပ်သည့် လူနာများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းမှုဖြင့် ဝယ်ယူသော အောက်ဆီဂျင်ထုတ်လုပ်သည့်စက်မှာ ရန်ကုန်မြို့မှ ပုဏ္ဏားကျွန်းမြို့သို့ ယနေ့ ရောက်ရှိလာသည်။

အောက်ဆီဂျင်စက်ကို တရုတ်နိုင်ငံမှတင်သွင်းကာ အမေရိကန်ဒေါ်လာ ၃၂၀၀၀ တန်ဖိုးရှိပြီး အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးကော်မတီက ငွေကျပ်သိန်း ၂၀၀ မတည်၍ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေဖြင့် ရန်ကုန်မြို့ ကျော်ထူးခိုင်ကုမ္ပဏီက ဝယ်ယူခဲ့ခြင်းဖြစ်သည်။

စက်တပ်ဆင်ပြီးစီး၍ လည်ပတ်နိုင်ပါက တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့အိုး အလုံး ၆၀ မှ ၈၀ အထိ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ယခုအခါ အောက်ဆီဂျင်စက်ရုံမှာလည်း ၉၀ ရာခိုင်နှုန်းခန့် ဆောက်လုပ်ပြီးစီးနေပြီဖြစ်၍ မကြာမီ အောက်ဆီဂျင်များ ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း စက်ရုံဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်ယဉ်ထံမှ သိရသည်။ **နီထွန်းအောင်(ပြန်/ဆက်)**

# သီပေါမြို့၌ အောက်ဆီဂျင်စက်ရုံ စတင်လည်ပတ် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အိုး ၁၂၀ ထုတ်လုပ်နိုင်

**သီပေါ အောက်တိုဘာ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ လူနာများနှင့် အခြားနာမကျန်း လူနာများ၏ အောက်ဆီဂျင်လိုအပ်ချက် မဖြစ်ပေါ်စေရေးအတွက် မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အောက်ဆီဂျင်စက် ဖြစ်မြောက်ရေးကော်မတီ၊ မြို့မိမြို့ဖများ၊ စေတနာရှင်များနှင့် ပူးပေါင်းကာ အောက်ဆီဂျင်စက်ရုံကို ဒုဋ္ဌဝတီမြစ် အရှေ့ဘက်ကမ်း မြို့ဟောင်းကျေးရွာ၌ ဇူလိုင် ၂၆ ရက်က စတင်ရှင်းလင်း တည်ဆောက်ပြီး ယနေ့ နံနက်ပိုင်းက စတင်လည်ပတ်၍ အောက်ဆီဂျင် ထုတ်လုပ်လျက် လိုအပ်သူများကို စတင်ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း သိရသည်။



ထိုသို့ အောက်ဆီဂျင်စက်ရုံ လည်ပတ်နေမှုကို မဟာမြတ်မုနိဘုရားကြီး ဆရာတော် အရှင်ပညာသီရိနှင့် တပည့်အလျှုရှင်များ၊ မြို့နယ်အောက်ဆီဂျင်ထုတ်လုပ်ရေး ကော်မတီအတွင်းရေးမှူး ဦးစိုင်းဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အောက်ဆီဂျင်စက်သည် တစ်ရက်လျှင် လီတာ ၄၀ဆံ့ အောက်ဆီဂျင်အိုး အလုံး ၁၂၀ ထုတ်လုပ်နိုင်သည့်စက် ဖြစ်သည်။ ထွက်ရှိသည့် အောက်ဆီဂျင်များအနက် သီပေါပြည်သူ့ဆေးရုံနှင့် စေတနာ့ဝန်ထမ်း လူမှုကူညီရေး ပရဟိတအသင်းများသို့လည်း အခမဲ့ လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မာန်အောင်မြို့နယ်၌ အသက် (၁၈)နှစ်နှင့်အထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၇၀၀၀ ရှိ

**မာန်အောင် အောက်တိုဘာ ၃**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် အသက် (၁၈) နှစ်နှင့်အထက် ပြည်သူများအား တတိယအသုတ်(ပထမအကြိမ်) ကိုဗစ်-၁၉ ကာကွယ်ဆေးကို စက်တင်ဘာ ၂၄ ရက်မှ စတင်ပြီး ကျေးလက်ကျန်းမာရေးဌာနများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ထိုးနှံပေးခဲ့ရာ အောက်တိုဘာ ၂ ရက်တွင် ထိုးနှံ ပြီးစီးခဲ့ပြီး ကာကွယ်ဆေးထိုးနှံပြီးသူ စုစုပေါင်း ၇၀၀၀ ရှိကြောင်း သိရသည်။

**သိန်းဖေ (ပြန်/ဆက်)**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



○ကျောဖုံးမှ

ဘာစီလိုနာအသင်းသည် ယခုပွဲစဉ်တွင် အက်သလက်တီကို မက်ဒရစ်အသင်းထက် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးကန်သွင်းမှုအသာဖြင့် ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ဒီပေး ဦးဆောင်ပွဲထွက်လာသည့် တိုက်စစ်ပိုင်းက ကစားပုံမကောင်းဘဲ ရရှိလာသည့် အခွင့်အရေးကောင်းများကို ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်းမရှိသောကြောင့် ရှုံးပွဲနှင့် ထပ်မံကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ပြိုင်ဘက် အက်သလက်တီကို မက်ဒရစ်အသင်းက ဘာစီလိုနာအသင်းထက် ဂိုးကန်သွင်းမှုနည်းပါးခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးများကို အကောင်းဆုံးအသုံးချနိုင်ခဲ့သည့်အတွက် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကို မက်ဒရစ်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၃ မိနစ်တွင် ဆွာရက်ဇ်၏ ဖန်တီးမှုမှတစ်ဆင့် လီမာက သွင်းယူပေးပြီး ဒုတိယဂိုးကို ပွဲချိန် ၄၄ မိနစ်တွင် လီမာ၏ ဖန်တီးမှုမှတစ်ဆင့် ဆွာရက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး လူစားအပြောင်းအလဲများပြုလုပ်လာခဲ့သော်လည်း ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် အက်သလက်တီကို မက်ဒရစ်အသင်းက နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကို မက်ဒရစ်အသင်းသည် ယနေ့ပွဲစဉ်တွင် ဘာစီလိုနာအသင်းကို အနိုင်ရရှိခဲ့သောကြောင့် လာလီဂါပွဲစဉ် (၈) အပြီးတွင် နိုင်ပွဲ ငါးပွဲ၊ သရေ နှစ်ပွဲ၊ ရှုံးပွဲတစ်ပွဲဖြင့် ၁၇ မှတ် ရရှိထားသည်။ ပြိုင်ဘက် ဘာစီလိုနာအသင်းက ပွဲစဉ် (၈) အပြီးတွင် သုံးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည့်အတွက် ၁၂ မှတ်သာ ရရှိထားသည်။ **အောင်ဇော်**

# မိုးညှင်းမြို့၊ မြဝတီမြို့၊ မိုင်းဆတ်မြို့နှင့် တာချီလိတ်မြို့တို့တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာ ပူးပေါင်းစစ်ဆေးရေးစခန်းအနီးတွင် FOTON အမျိုးအစားခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ မဇာခြည်ဝင်းထံမှ ဘိန်းဖြူ ၂ ဒသမ ၂ ကီလို ဖမ်းဆီးရမိသည်။

ယင်းနေ့ ညနေ ၅ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ သဃ်္ခန်းညီနောင်ပူးပေါင်းစစ်ဆေးရေးစခန်းအနီးတွင် စောမြည္ဂွန့် မောင်းနှင်ပြီး စောအယ်ဖော လိုက်ပါလာသည့် Hilux Vigo အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀ ကို လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မဟုန်လွယ်ကျေးရွာအနီး မိုင်းဆတ်-တာချီလိတ်သွားကားလမ်းတွင် အားဒို(ခ) လော်ဖာ မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၄၄၀၀၀ ကို လည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်ဆောက်ခုံကျေးရွာအနီး ဆွတ်ဆိုင်- မယ်ယန်းသွားကားလမ်းတွင် လမ်းလျှောက်လာသူ အားမူကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၅ နာရီ ၅ မိနစ်တွင် တာချီလိတ်မြို့နယ် ဝမ်ဆောက်ခုံကျေးရွာအနီး ဆန်းလင်းအောင် (ခ)ကိုငယ်ကို စိတ်ကြွရူးသွပ်ဆေးပြား ဖ၄၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



မဇာခြည်ဝင်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော်**
**အောက်တိုဘာ ၃**

တရားမဝင် ကုန်စည်များ၊ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်ရာ အောက်တိုဘာ ၂ ရက်တွင် မန္တလေး - မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၃၂ စီး၊ သွင်းကုန် ၁၈၄ စီး၊ ရန်ကုန် - မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၂၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိပြီး မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၆၀၀ သန်း တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် ပိတ်ဖြတ်စ ၁၁ ထုပ် 400 Kg ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လ ကာလအတွက် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တည်ဆောက်မည့် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်တရားရုံးနှင့် ကော့သောင်းမြို့နယ်တရားရုံး(၅)ထပ် RCC အဆောက်အအုံတစ်လုံးနှင့် ဆက်စပ်လုပ်ငန်းများ ဆောက်လုပ်ခြင်းလုပ်ငန်း(ရေ/မီးအပါအဝင်)ကို မြန်မာကျပ်ငွေဖြင့် တည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ် ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၈-၁၀-၂၀၂၁ရက် (သောကြာနေ့) |
| (ခ) တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက် | - | ၂၇-၁၀-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) |
| (ဂ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက် | - | ၈-၁၁-၂၀၂၁ရက် (တနင်္လာနေ့) |
| (ဃ) တင်ဒါတင်သွင်းမည့်နေရာ | - | တနင်္သာရီတိုင်းဒေသကြီး၊ တရားလွှတ်တော်၊ ထားဝယ်မြို့ |
| (င) တင်ဒါဖွင့်မည့်ရက် | - | တင်ဒါတင်သွင်းသူများကို ဆက်သွယ်အကြောင်းကြားပါမည်။ |

၃။ အိတ်ဖွင့်တင်ဒါနှင့် သက်ဆိုင်သည့် အသေးစိတ်သိရှိလိုပါက တနင်္သာရီတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၃၄၉၉၊ ၀၉-၂၅၆၀၅၀၃၉၉ နှင့် ၀၉- ၂၅၀၄၆၃၈၄၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်**
**ထားဝယ်မြို့**


### လျှော့ဈေးဖြင့် ကွန်ဒိုအမြန်ရောင်းမည်

Orchid Condo အလုံလမ်းမပေါ်၊ 2050 sqft ပြင်ဆင်ပြီး၊ Master Bed- ၃ ခန်း၊ ကိုယ်ပိုင်ကားပါကင်ပါ၊ ၂၇၅၀ သိန်း (~~ယခင် ၃၂၀၀ သိန်း~~)၊ အမြန်ရောင်းမည် (Octoberလ အထိသာ)။

09-790900700


## ပဲခူးမြို့နယ် ဘုရားကြီးမြို့ ရွှေသံလွင်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ငွေကျပ်သိန်း ၃၄၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃**

ပဲခူးမြို့နယ် ဘုရားကြီးမြို့ ရွှေသံလွင်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ငွေကျပ်သိန်း ၃၄၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပဲခူးမြို့နယ် ဘုရားကြီးမြို့ ရန်ကုန်-မော်လမြိုင်သွားကားလမ်းရှိ ရွှေသံလွင်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် အောင်မိုးသူ (ခ) သားသား (၂၇ နှစ်) မောင်းနှင်လာသည့် Nissan Wingroad ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၃၄၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၄ သိန်း တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ရန်ကုန်မြို့သို့သယ်ဆောင်ပြီး ရန်ကုန်မြို့မှတစ်ဆင့် မြိတ်မြို့သို့ ဆက်လက်သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။








Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....




- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။


## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော်**
**အောက်တိုဘာ ၃**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဇန်းမော်မြို့တွင် ၂ ဒသမ ၈၄ လက်မ၊ ဘုရားသုံးဆူမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၃၃ လက်မ၊ ဗားရဲ (ဖလမ်းမြို့နယ်) တွင် ၂ ဒသမ ၀၉ လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၁ ဒသမ ၉၂ လက်မ၊ လှိုင်လင်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ သာယာဝတီမြို့တွင် ၁ ဒသမ ၈၁လက်မ၊ မိုးမိတ်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ တောင်ကြီးမြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် ရန်ကုန် (ကမ္ဘာအေး)တွင် ၁ ဒသမ ၅၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ရွှေစင်(၇)လမ်း၊ မြေကွက်အမှတ် (၅၀၉) ၊ နှစ်(၆၀)ဂရန်အမည်ပေါက်သူ ဦးမောင်မောင်မြင့် (၁၂/မဂတ(နိုင်)၀၀၇၄၈၅)ထံမှမြေကွက်၏ခြေရင်းဘက်ခြမ်း ၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ) ရှိ မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်ညီညီအောင် (၁၀/မဒန(နိုင်)၁၀၀၂၀၄) ကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
